www.burmeseclassic.com

# မင်းဖြတ်သူရ

ကျွန်းပြန်ပတ္တမြား



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# မင်းမြတ်သူရ

## ကျွန်းပြန် ပတ္တမြား

စာမူခွင့်ပြုချက်အမှတ်
၅၀၁၂၇၇၁၁၁၀

မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၁၃၇၃၁၂၁၀

၂၀၁၁ ခုနှစ်၊ ဧပြီလ
ပထမအကြိမ်

တန်ဖိုး
၁၀၀ ကျပ်

အုပ်ရေ
၅၀၀

ထုတ်ဝေသူ
ဦးကျော်လှိုင်(၀၃၈၈၇)စေတနာစာပေ
အမှတ်(၅၉)၊ ၁၉–လမ်း၊ လသာမြို့နယ်။

ပုံနှိပ်သူ
ဦးကျော်လှိုင်(၅၅၇၃)စေတနာOFFSET
အမှတ်(၅၉)၊ (၁၉)လမ်း၊ ရန်ကုန်။

၈၉၅.၈၃

မင်းမြတ်သူရ
ကျွန်းပြန်ပတ္တမြား/မင်းမြတ်သူရ၊–ရန်ကုန်။
စေတနာစာပေ၊ ၂၀၁၁။
၂၈၈၂၄၈– စာ၊ ၁၂×၁၈ စင်တီ။
(၁) ကျွန်းပြန်ပတ္တမြား

### ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

### ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး


### လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com

www.burmeseclassic.com







# မင်းမြတ်သူရ

# ကျွန်းမြန်ပတ္တမြား


စီစဉ်သူ
မောင်ကျော်လှိုင်

စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com







ကျွန်ုပ် မောင်ငွေသိုက်သည် ငယ်စဉ်ကပင် မိဘများ ဆုံးပါးသွားသဖြင့် ဘကြီးဘုန်းကြီး၏ကျောင်း၌ ကပ်ရပ်ပြီး နေထိုင်ခဲ့ရ၏။ သို့သော် ကျွန်ုပ်၏ကံဇာတာ ကောင်းမွန်သည်ဟု ဆိုရပေမည်။ ဘကြီးဘုန်းကြီးကျောင်း၌ ဘုန်းကြီးကျောင်းသားတို့ စားလေ့ရှိသော ဟင်းလေးဟင်းကို ကြာကြာမစားရဘဲ ဘကြီးဘုန်းကြီးကို ကိုးကွယ်သူ လယ်ပိုင်ရှင်ဦးဘတုတ်၏ မွေးစားခြင်းကို ခံရလေ၏။

ကျွန်ုပ်၏ဘဝသည် ထိုအချိန်မှစ၍ ရွှေပေါ်မြတင်သူဌေးသားဘဝသို့ ပြောင်းလဲခဲ့သည်ဟု ဆိုရပေမည်။ ကျွန်ုပ်၏ဖခင် ဦးဘတုတ်သည် စိတ်နှလုံး ကောင်းမွန်သူဖြစ်ပြီး ကျွန်ုပ်ကိုလည်း



www.burmeseclassic.com

www.burmeseclassic.com



မွေးစားသားအဖြစ် သဘောမထားဘဲ သားအရင်းကဲ့သို့ ချစ်ခင်သူဖြစ်၏။

ဦးဘတုတ်သည် ကျွန်ုပ်အား ရွာဦးကျောင်း၌ ပညာသင်ကြားစေပြီး၊ ထိုမှတစ်ဖန် မြို့ကျောင်းသို့ပို့၍ ပညာသင်ကြားစေခဲ့၏။ ဦးဘတုတ်သည် မိမိကိုယ်တိုင် ပညာပါရမီနည်းရှာသဖြင့် မွေးစားသားဖြစ်သော ကျွန်ုပ်ကို ပညာအဆင့်အတန်း မြင့်မားစေလို၏။

ထို့ကြောင့် မြို့ပေါ်၌ အိမ်ငယ်လေးတစ်လုံး ငှားရမ်းပြီး အေးချမ်းစွာ ပညာသင်ကြားစေ၏။

ကျွန်ုပ်သည် မြို့ကျောင်းသို့ ရောက်သည့်အချိန်ကစပြီး မကောင်းသော အပေါင်းအသင်းများနှင့်ပေါင်းသင်းကာ ပျက်စီးချင်တိုင်း ပျက်စီးနေလေတော့၏။

ကျောင်းမှန်မှန်မတက်ဘဲ ရုပ်ရှင်ရုံ၊ ဘုရား၊ ပျော်ပွဲစားပွဲများ စသည့် အပျော်အပါးများ စုဝေးရာ နေရာများ၌သာ ပျော်မွေ့နေလေတော့၏။





ဖခင်ကြီး ဦးဘတုတ်သည် မြို့ပေါ်၌ ကျွန်ုပ် ကျောင်းတက်နေစဉ် စားရေးသောက်ရေး အဆင်ပြေစေရန် ရွာသူ အပျိုကြီး မခင်ရွှေကို ကျွန်ုပ်ထံသို့ ပို့ထားလေ၏။

အပျိုကြီးမခင်ရွှေသည် ရုပ်ရည်အတော်အသင့်ရှိပြီး လုံးကြီးပေါက်လှ မိန်းမတစ်ယောက်ဖြစ်၏။ မခင်ရွှေသည် အလွန်ထမင်းချက်လက်ရာကောင်းပြီး ကျွန်ုပ်တို့ကျောင်းတက်စဉ် သူ၏လက်ရာများကို လျှာလည်အောင် စားရလေ၏။

ထိုအခါ ကျွန်ုပ်သည် မခင်ရွှေ၏လက်ရာကို ကျွန်ုပ်တစ်ယောက်တည်း မစားဘဲ ကျွန်ုပ်နှင့်အတူ ဆိုးပေါင်းဆိုးဖက်သူငယ်ချင်းများကို ခေါ်၍ ကျွေးမွေးလေ၏။

ကျွန်ုပ်၏သူငယ်ချင်းတိုင်း မခင်ရွှေ၏လက်ရာကို ကြိုက်ကြ၏။ ထို့ကြောင့် ကျွန်ုပ်၏အိမ်သို့ မကြာခဏ ထမင်းလာစားကြလေ၏။ မခင်ရွှေ၏လက်ရာကိုလည်း ချီးမွမ်းကြကုန်၏။

ထိုအခါ မခင်ရွှေသည် လွန်စွာပျော်ရွှင်ပြီး ဟင်းများကို အားကြိုးမာန်တက် ချက်လေ၏။ ထိုအခါ ကျွန်ုပ်၏အိမ်သည်



www.burmeseclassic.com

ညာဝါးစားသောက်သော သူငယ်ချင်းများနှင့် ပြည့်နေပြီး အကြောင်းမသိသူများက အိမ်ကို ဘော်ဒါဆောင် ဟူ၍ပင် ထင်ကြလေဈေး၊

ကျွန်ုပ်၏ အပေါင်းအသင်း အများစုသည် အကျင့်စာရိတ္တ မကောင်းသော လူငယ်များဖြစ်၏။ ထို့ကြောင့် အိမ်သို့ လာရောက်စားသောက်ရုံမက အဖိုးတန်ပစ္စည်းမှန်လျှင် ခိုးဝှက်တတ်ကြ၏။

ထိုအပေါင်းအသင်းများသည် ကျွန်ုပ်ပစ္စည်းများကို ခိုးယူရုံမက နောက်ပိုင်းတွင် ကျွန်ုပ်၏အစ်မအရင်းကဲ့သို့ သဘောထားသော အပျိုကြီးမခင်ရွှေ၏ အပျိုစင်ဘဝကိုပင် ခိုးဝှက်သွားလေ၏။

တစ်နေ့တွင် ကျွန်ုပ်တို့မြို့၏ အနီးဆုံးမြို့၌ အလှူပွဲကြီးတစ်ခု ကျင်းပပြီး ထိုအလှူပွဲ၌ ရွှေနှင်းဆီအငြိမ့်လည်းပါ၏။ ထိုအခါ ကျွန်ုပ်နှင့် အပေါင်းအသင်းများသည် ရွှေနှင်းဆီ အငြိမ့်ပွဲကြည့်ရန် သွားကြလေ၏။





ထိုညကအပျိုကြီးမခင်ရွှေသည် ရွှေနှင်းဆီအငြိမ့်ကို ကြည့်လိုသဖြင့် ကျွန်ုပ်တို့နှင့်လိုက်ရန် ကြံ၏။

သို့သော် ကျွန်ုပ်တို့လူငယ်များသည် မခင်ရွှေပါလျှင် မလွတ်လပ်မှာစိုးသဖြင့် ကျွန်ုပ်က ...

"အပျိုကြီးက အပျိုကြီးလိုပဲနေ၊ ကာလသားတွေစုံတဲ့ပွဲမှာ ဘာလို့ဝင်နွှဲရတာလဲ၊ ဘာလဲ အပျိုကြီးဘဝက ကျွတ်ချင်လို့လား"

ဟု နောက်ပြောင်ပြီး ထားရစ်ခဲ့လေ၏။

ထိုညက မခင်ရွှေသည် တစ်ကိုယ်တည်း အိမ်ငယ်လေး၌ အိပ်စက်ရလေ၏။ ညဉ့်သန်းခေါင်ကျော်သောအခါ ကျွန်ုပ်တို့အပေါင်းအသင်းများအနက် လွန်စွာမြာပွေသော အေးသိန်းဆိုသူသည် အပျိုကြီး၏အိမ်တံခါးခေါက်ပြီး နေမကောင်းသည်ဆိုကာ အိပ်စက်ရန် ခွင့်တောင်း၏။

မခင်ရွှေသည် သနားကရုဏာသက်တတ်သူဖြစ်၍ အေးသိန်းကို တံခါးဖွင့်ပေးလိုက်ရာ၏။ ထိုညက တဏှာရူးအေးသိန်းသည် မခင်ရွှေကို အဓမ္မသိမ်းပိုက်ယူခဲ့၏။

www.burmeseclassic.com

မခင်ရွှေသည် ရှန်းရင်းကန်ရင်း ရေတိမ်နစ်ရရှာ၏။

မခင်ရွှေသည် ရှိုက်ကြီးတငင် ငိုယိုရင်း ...

"ရွှေးကောင်လေး၊ နင် သိပ်မိုက်ရိုင်းတယ်၊ အခုချက်ချင်း ငါ့အိမ်ကထွက်သွား၊ နင့်ကို ပုလိပ်တိုင်မယ်"

ဟု ပြောလေရာ အေးသိန်းက အပျိုကြီး၏ ရှက်ရွံ့တတ်ပုံကိုကြည့်၍ ကြောက်ရွံ့ခြင်းမရှိဘဲ ...

"အစ်မကြီးက ပုလိပ်ကိုတိုင်ရင် လူမရှိတဲ့အိမ်ထဲမှာ အစ်မနဲ့ ကျွန်တော် နှစ်ယောက်တည်း ဘာလို့ရှိနေလဲလို့ ပုလိပ်က မေးမှာပေါ့၊ ဒါဆိုရင် ကျွန်တော်က အစ်မကြီးက ကျွန်တော့်ရဲ့ချစ်သူပါလို့ ပြောလိုက်မယ်၊ ဒါမှမဟုတ် အစ်မကြီးက ကျွန်တော့်ကို မုန့်ပေးပြီး ..."

ဟု ဆိုလိုက်ရာ မခင်ရွှေသည် မခံချိမခံသာဖြစ်ပြီး ...

"အေးသိန်း ... နင် ဆက်မပြောနဲ့တော့"

ဟု ပြောလိုက်လေ၏။

ထိုအခါ တဏှာရူးအေးသိန်းက တဟဲဟဲရယ်မောလိုက်ပြီး ...





"ဆက်မပြောတော့ဘူး၊ ဆက်ပြီးပဲ ချစ်မယ်"

ဟုဆိုကာ အပျိုကြီးအားဖက်ရမ်းနမ်းရှုံ့ကာ သစ္စာထားနှစ်ပါးသွား တေးသီချင်းကို ဆိုပြလေ၏။

အေးသိန်းသည် ထိုညက တစ်ညလုံး သစ္စာထားနှစ်ပါးသွားတေးများကို တစ်ပုဒ်ပြီးတစ်ပုဒ် မရိုးနိုင်အောင် ဆိုပြလေ၏။ အပျိုကြီးသည် အေးသိန်း၏ ကျူးလွန်မှုကို အကြိမ်ကြိမ်ခံရသဖြင့် အိပ်ပျော်သွားရှာလေတော့၏။

ထိုသို့ဖြင့် တဏှာရူးအေးသိန်းသည် ကျွန်ုပ်တို့သူငယ်ချင်းများ လစ်သည်နှင့် အိမ်ပေါ်သို့တက်ကာ အပျိုကြီးကို ကျူးလွန်လေတော့၏။

အပျိုကြီးခမျာ အရှက်ကြီးရှာ၍ အေးသိန်း ပြုသမျှနုရရှာ၏။

အေးသိန်းသည် ကျောင်းသားတစ်ယောက် မဟုတ်ဘဲ ကျောင်းမှထွက်ကာ မြို့လယ်ဈေး၌ ပရဆေးရောင်းနေသူဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့တွင် ကျွန်ုပ် ကျောင်းမှ ရတ်တရက် ပြန်လာသောအခါ တဈာရှူးသိန်းကို အပျိုကြီးအိပ်ခန်း၌ ပက်ပင်းမိလေ၏။ ထိုအခါ ကျွန်ုပ်သည် ဒေါသဖြစ်လွန်း၍ အေးသိန်းကို ထိုးကြိတ်ကန်ကျောက်ပြီး အိမ်ပေါ်မှ မောင်းချခဲ့၏။

အရှက်ကြီးသော မခင်ရွှေသည် အေးသိန်း၏ယုတ်မာပုံများကို ပြန်လည်ပြောပြလေရာ ကျွန်ုပ်သည် လွန်စွာမခံချိမခံသာ ဖြစ်ရလေ၏။ ထို့ကြောင့် မခင်ရွှေကို ကျွန်ုပ်ကိုယ်တိုင်ရွာသို့ ပြန်ပို့ရန် ကြံစည်ခဲ့၏။

ကျွန်ုပ်နှင့် မခင်ရွှေ ရွာသို့ရောက်သောအခါ မမျှော်လင့်သော သတင်းဆိုးကို ကြားရလေ၏။ ကျွန်ုပ်၏ဖခင်ကြီးဦးဘတုတ်မှာ ကျွန်ုပ် ရွာသို့ပြန်လာသည့်အချိန်နှင့် တိုက်တိုက်ဆိုင်ဆိုင်ပင် မနာမကျန်းဖြစ်ပြီး လူကြီးရောဂါနှင့် ကွယ်လွန်သွားရှာ၏။

မွေးစားဖခင်ကြီးသည် ကျွန်ုပ်၏လက်ပေါ်မှာပင်သေဆုံးရရှာ၏။ ဖခင်ကြီး သေဆုံးကာနီး၌ ကျွန်ုပ်ကိုခေါ်၍ ၎င်း





သည် ချစ်တီးကြွေးများရှိနေကြောင်း၊ ထိုကြွေးများကိုဆပ်ပြီးကျန်ရစ်သော ငွေကြေးများဖြင့် လိမ်လိမ်မာမာနေရန် မှာကြားလေ၏။

ကျွန်ုပ်သည် ဖခင်ကဲ့သို့ လယ်ပိုင်ရှင်သူဌေးတစ်ယောက်၌ ချစ်တီးကြွေးများရှိသည်ဆို၍ အလွန်အံ့ဩရလေ၏။

နောက်ပိုင်းမှ ကျွန်ုပ် သိရသည်မှာ ကျွန်ုပ်မြို့ကျောင်းတက်စဉ် အသုံးအဖြုန်းကြီးလွန်းသောကြောင့် လယ်မြေအချို့ကို ချစ်တီးထံ၌ ပေါင်နှံထားရာမှ တဖြည်းဖြည်း အကြွေးဝန်ပိသွားသည်ဆို၏။

ထို့ပြင် ဖခင်ကြီး၏ စာပေမတတ်မြောက်ခြင်းကို အခွင့်ကောင်းယူ၍ ချစ်တီးများက လှည့်စားသွားခဲ့သည်ဆို၏။ ကျွန်ုပ်သည် ထိုအချိန်မှစ၍ ချစ်တီးများကို လွန်စွာနာကြည်းမုန်းတီးသွားလေ၏။

ဖခင်ကြီးပိုင်ဆိုင်သော လယ်မြေအချို့ကို ချစ်တီးကြွေးဆပ်ရာ၌ အသုံးပြုလိုက်ရလေ၏။ ကျွန်ုပ်သည် ထိုအချိန်မှ



www.burmeseclassic.com

www.burmeseclassic.com



စ၍ မြို့ပေါ်တက်ပြီး ကျောင်းတက်လိုစိတ် မရှိတော့ဘဲ ဖခင်ကြီး၏ လယ်ယာလုပ်ငန်းကိုသာ ကြိုးစားလုပ်ကိုင်လို၏။

ထို့ကြောင့် ကျောင်းမှထွက်ပြီး ဖခင်ကြီး၏လယ်ယာလုပ်ငန်းများကို လုပ်ကိုင်လေတော့၏။

သို့သော် ကျွန်ုပ်၏ ခွေးမြီးကောက် ကျည်တောက်စွပ် စိတ်ဓာတ်ကြောင့် ရွာခံကာလသားများနှင့်ပေါင်းပြီး အရက်ဝိုင်း၊ ကြက်ဝိုင်း၊ ဖဲဝိုင်းများ၌ အချိန်ကုန်လေ၏။

ထိုသို့နေထိုင်ရင်း ကျွန်ုပ်သည် ထန်းတောပိုင်ရှင် ဦးအုန်းသီး၏သမီး မမိုးသူကို မျက်စိကျလေ၏။ မမိုးသူသည် အသားညိုစိမ့်စိမ့်နှင့် ရွှေဘိုမင်းကြိုက် ပေါင်တံရှည်မိန်းမမျိုးဖြစ်၏။

သူမ၏မျက်လုံးများမှာ ဝိုင်းစက်ကြည်လင်နေပြီး သိမ်သောခါးနှင့် စွင့်ကားသောတင်မှာ အလွန်လိုက်ဖက်ညီ၏။ မမိုးသူသည် အလွန်လှသော မိန်းမတစ်ယောက်ဖြစ်၍ ရွာရှိကာလသားအပေါင်းတို့ ဝိုင်းဝန်းပိုးပန်းကြ၏။





သို့သော် မမိုးသူနှင့် ကျွန်ုပ်မှာ ရေးဘဝက ဖူးစာဖက်ဖြစ်ရန် ဓာတာပါလေသည်လားမသိ။ မမိုးသူကို ကျွန်ုပ် ခက်ခက်ခဲခဲ နောက်ပိုးခြင်းမပြုရဘဲ သူမက ကျွန်ုပ်၏မေတ္တာကို အလွယ်တကူ လက်ခံခဲ့လေ၏။ မမိုးသူက ကျွန်ုပ်၏မျက်နှာကို မဝံ့တရဲ ကြည့်၍ ...

"အစ်ကို ကျွန်မကို တကယ်မေတ္တာရှိရင် လူကြီးစုံရာရှေ့မှာ လာပြီးတောင်းရမ်းစေချင်ပါတယ်၊ မိသားဖသားပီပီ တောင်းရမ်းရင် ကျွန်မအဖေကလည်း သဘောမတူစရာ မရှိပါဘူး"

ဟု ပြောလေရာ ကျွန်ုပ်လည်း ဝမ်းမြောက်ဝမ်းသာနှင့် ပြန်လာခဲ့ပြီး မမိုးသူအား လူကြီးစုံရာနှင့် တောင်းရမ်းပြီး ရယူခဲ့လေ၏။

ကျွန်ုပ်တို့၏မင်္ဂလာအခမ်းအနားကို မမိုးသူ၏အိမ်၌ ခင်းကျင်းပြုလုပ်ပြီး တစ်ရွာလုံး မီးခိုးတိတ်ကျွေးမွေးလေ၏။ ထို့ပြင်



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ် လွန်စွာနှစ်သက်သော ရွှေနှင်းဆီအငြိမ့်ကို ငှားရမ်းခေါ်ခဲ့လေ၏။

မင်္ဂလာအထိမ်းအမှတ်အဖြစ် ရွာရှိကာလသားများအား ထန်းတောသို့ တစ်လတိတိ ထန်းရည်အဝတိုက်လေ၏။ ထို့အတွက် ထန်းရည်ဖိုးကျသင့်ငွေကို မမိုးသူ၏ဖခင် ဦးအုန်းသီးအား ကျွန်ုပ်ကပေးလေ၏။

ထို့ပြင် ရွာရှိ သက်ကြီးဝါကြီးများအတွက်လည်း ကိတ်မုန့်၊ ဘိလပ်ရည်၊ ကော်ဖီ စသည်တို့ကိုလည်း လှူဒါန်းလေ၏။ ထို့ကြောင့် ကျွန်ုပ်နှင့် မမိုးသူ၏မင်္ဂလာပွဲကို နတ်လူသာခုခေါ်ကြလေ၏။

ကျွန်ုပ်သည် မမိုးသူ၏ဖခင် ဦးအုန်းသီးအားလည်း လယ်ဆယ်ကေနှင့် နွားနှစ်ရှဉ်းကို ပေးလေ၏။ ကျွန်ုပ်တို့မင်္ဂလာဆောင်သို့ မိတ်ဆွေအပေါင်းအသင်းများက လက်ဖွဲ့သောငွေများအားလုံးကို ဘကြီးဘုန်းကြီးကျောင်းသို့ လှူဒါန်းလိုက်လေ၏။





ကျွန်ုပ်သည် လယ်လုပ်ငန်းကို တစ်နှစ်ကျော်လုပ်ကိုင်ပြီး တစ်ရွာမပြောင်း သူကောင်းမဖြစ်ဆိုသည့် စကားရှိသည့်အတိုင်း မြို့တက်ပြီး စီးပွားရှာရန် ကြံစည်လေ၏။

ကျွန်ုပ်၏ ရည်ရွယ်ချက်မှာ မြို့၌ပွဲရုံတစ်ရုံထောင်ပြီး အနီးအနားရွာမှ ကုန်ပစ္စည်းများကို ရောင်းချပေးရန်ဖြစ်၏။ ထို့ကြောင့် ကျွန်ုပ်သည် လယ်ကေများစွာကို ရောင်းချပြီး မြို့တက်ကာ ပွဲရုံထောင်လေ၏။

ကျွန်ုပ်၏ပွဲရုံကို ငွေသိုက်ပွဲရုံဟူ၍ပင် အမည်ပေးထားလေ၏။ ကျွန်ုပ်သည် ပွဲရုံလုပ်ငန်း လုပ်ကိုင်ပြီး ခြောက်လခန့်အကြာတွင် ပွဲရုံနှင့် မနီးမဝေးရှိ ပျဉ်ထောင်အိမ်ကလေးတစ်လုံးကို ဝယ်ယူလိုက်၏။

ထိုအိမ်ကို ဝယ်ယူပြီး နောက်တစ်နေ့မှာပင် ကျွန်ုပ်သည် ကြီးစွာသောနောင်တကို ရခဲ့၏။

အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်နှင့် အိမ်ချင်းကပ်ရပ်နေထိုင်သူမှာ အပျိုကြီးမခင်ရွှေကို စော်ကားသော တရုတ်ရှူးအေးသိန်းပင် ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



အေးသိန်းသည် အရက်ကင်းမဲ့သူပီပီ ကျွန်ုပ်ကို မြင်မြင်ချင်း ဝမ်းသာသော အမူအရာဖြင့် လာရောက်နှုတ်ဆက်လေ၏။ အေးသိန်းက ...

"မင်း မြို့မှာပွဲရုံဖွင့်နေတယ် ကြားတယ်၊ ငါလာလည်မယ်ဆိုပြီး မလည်ဖြစ်တာကွ၊ ဟဲ ဟဲ ... ငါကတော့ ရှေ့နေဝင်လုပ်နေတယ်၊ မင်းအမှုဖြစ်ရင် ငါ့ကို အကူအညီတောင်းနော်၊ မင်းဆိုရင် ရှေ့နေခ တစ်ပြားမှမယူဘဲ လိုက်ပေးမယ်"

ဟု ပြောလေ၏။ ကျွန်ုပ်သည် ရှေ့နေအေးသိန်း၏ တကျာရှူးပုံကိုသိ၍ ဇနီးဖြစ်သူ မမိုးသူအား သတိပေးထားရ၏။

"မမိုး ဟိုဘက်အိမ်က ရှေ့နေအေးသိန်းနဲ့ အရောမဝင်နဲ့နော်၊ အေးသိန်းအကြောင်း ကျုပ် ကောင်းကောင်းသိတယ်၊ အေးသိန်းဟာ ရှိုးကျကျ ဝတ်ဆင်ပြီး မိန်းမမှန်ရင် အပျိုအအို အလွတ်ပေးတာ မဟုတ်ဘူး"

ဟု ပြောလေရာ ရိုးသားသော ဇနီးသည် မမိုးသူက ...





"ရှေ့နေကြီးကို ဘယ်အချိန်ကြည့်ကြည့် ရှိုးအပြည့်နဲ့နော်၊ ဘန်ကောက်လုံချည်၊ အယ်ပတ်ကား တိုက်ပုံအကျီနဲ့ ရွှေကြယ်သီးတွေ၊ ရွှေလက်စွပ်တွေလည်း ဝတ်ထားသေးတယ်၊ သူ့တစ်ကိုယ်လုံး မျက်စိကျိန်းနေတာပဲ"

ဟု ပြောလေ၏။ ကျွန်ုပ်က တကျာရှူးအေးသိန်းနှင့် ပတ်သက်၍ မည်မျှပင် တားဆီးစေကာမူ မမိုးသူကဲ့သို့ ရိုးသားသော တောသူတစ်ဦးသည် အေးသိန်းကဲ့သို့ မြို့ကြီးသား ပညာတတ်ရှေ့နေတစ်ယောက်ကို များစွာအထင်ကြီး လေးစားလေ၏။

တစ်နေ့တွင် ကျွန်ုပ်သည် ရွာများသို့လှည့်ပြီး တောင်သူများထံသို့ ကြိုတင်ငွေပေးရန် ပြင်လေ၏။ ကျွန်ုပ်သည် အိမ်၌ ဇနီးသည်တစ်ယောက်တည်း ကျန်နေသဖြင့် သတိနှင့်နေထိုင်ရန် မှာကြားရ၏။

ကျွန်ုပ်ပွဲရုံ၌ အလုပ်သမားလူငယ်များရှိသော်လည်း မမိုးသူ တစ်ယောက်တည်းရှိသောအိမ်၌ အစောင့်ထားရန် မသင့်တော်သဖြင့် သူမတစ်ယောက်တည်းကိုသာ ထားရစ်ခဲ့လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် သုံးရက်ခန့် ရွာစဉ်လှည့်ပြီး တောင်သူများနှင့်တွေ့ကာ ကြိုတင်ငွေများ ထုတ်ပေးလေ၏။ ထို့နောက် ပွဲရုံရှိရာသို့ ပြန်ခဲ့လေ၏။

ထို့နောက် ဇနီးသည်ကို တွေ့ဆုံရန် အိမ်ရှိရာသို့ ပြန်ခဲ့လေ၏။ အိမ်သို့ရောက်သောအခါ ခြံတံခါးပွင့်နေပြီး တစ်အိမ်လုံး မြင်မကောင်းအောင် ရှုပ်ပွနေကြောင်း တွေ့ရ၏။

ကျွန်ုပ်သည် မျက်မှောင်ကြုတ်၍ ...

"မမိုး ... မမိုး"

ဟု ခေါ်လိုက်ရာ အိပ်ခန်းအတွင်းမှ ငိုရှိုက်သံသဲ့သဲ့ကြားရသဖြင့် တံခါးဖွင့်ကြည့်လိုက်ရာ ခုတင်ပေါ်တွင် အဝတ်အစားကပိုကရိုနှင့် ကျောနိုင်းပြီး ငိုနေသော ဇနီးသည်ကို တွေ့ရ၏။ ဇနီးသည်,သည် ကျွန်ုပ်ကို မြင်သောအခါ ပိုမို၍ ဝမ်းနည်းဟန်ဖြင့် ရှိုက်ငိုလိုက်၏။

ကျွန်ုပ်သည် ဇနီးသည်အတွက် စိုးရိမ်သွားပြီး ...

"ဘာဖြစ်တာလဲ မမိုး၊ ပြောစမ်းပါ"





ဟု မေးမြန်းလေ၏။

မမိုးသူက ခေါင်းကို ခါယမ်း၍ ...

"ပြောရမှာ ရှက်ဖို့ကောင်းလိုက်တာ အစ်ကိုရယ်"

ဟူသော စကားကို တွင်တွင်ပြောလေ၏။ ကျွန်ုပ်သည် မမိုးသူ၏ပခုံးကို လှုပ်ယမ်း၍ အကြိမ်ကြိမ် မေးမြန်းသောအခါ မမိုးသူက ...

"ညက လေတွေအရမ်းတိုက်ပြီး မိုးတွေမှောင်ကျသွားတယ်၊ ဒါကြောင့် ကျွန်မလည်းကြောက်ပြီး တစ်ဖက်အိမ်က ရှေ့နေကိုအေးသိန်းကို အော်ဟစ်ပြီး အကူအညီ တောင်းလိုက်တယ်၊ ကျွန်မတို့အိမ်ပဲ ပြတ်တယ်ဆိုတော့ သူ့ကို အကူအညီ တောင်းမိတာပေါ့၊ ရှေ့နေအေးသိန်းဟာ ပလာယာတွေ ဖက်အူလှည့်တွေကိုင်ပြီး မီးပြတ်တာကို ဝင်ကြည့်တယ်၊ နောက်ပြီးတော့ ..."

ဟု ပြောလေရာ ကျွန်ုပ်သည် ရင်ထဲတွင် ဒိုင်းခနဲ ဖြစ်သွားပြီး မမိုးသူ၏ပခုံးကို လှုပ်ယမ်းကာ ...



www.burmeseclassic.com

www.burmeseclassic.com



"နောက်ပြီးတော့ ဘာဖြစ်လဲ၊ ပြောစမ်း၊ ပြောစမ်း"

ဟု မေးမြန်းလေရာ မမိုးသူက ငိုယို၍ ...

"ဒီလူကြီး ကျွန်မကို မတော်မတရားကြံတယ်၊ ဒီလူ သိပ်ယုတ်မာတယ်၊ အစ်ကို"

ဟု ပြောလေ၏။ ကျွန်ုပ်သည် မမိုးသူ၏စကားကို နားထောင်ပြီး ဒေါသဖြစ်လွန်း၍ မျက်လုံးများ ပြာဝေလေ၏။

တဏှာရူးအေးသိန်းသည် ယုတ်မာစုတ်ပဲ့လွန်းလှ၏။

အပျိုကြီးမခင်ရွှေတုန်းကလည်း ရက်ရက်စက်စက် မတော်မတရား ပြုကျင့်၏။ ယခု မိမိ၏ဇနီးကိုပင် လာရောက်ထိပါးနေချေပြီ။

တဏှာရူးအေးသိန်းကို ခွင့်လွှတ်သည်းခံနိုင်စွမ်း မရှိတော့။

အေးသိန်းလိုလူမျိုး ဤလောက၌ ဆက်ရှိနေလျှင် အမျိုးကောင်းသမီးတို့ ဘေးဒုက္ခအပေါင်းနှင့် ကြုံတွေ့ရဦးမည်။

လူယုတ်မာကို ဤလောက၌ အရှင်မထားသင့်တော့။





ကျွန်ုပ်သည် လက်သီးကို ကျစ်ကျစ်ပါအောင်ဆုပ်ပြီး အိမ်ပေါ်မှ ပြေးဆင်းခဲ့လေ၏။

အေးသိန်း၏အိမ်သို့ ရောက်သောအခါ ခြံတံခါးကို သော့ခတ်ထား၏။

ကျွန်ုပ်သည် အေးသိန်း သွားလေ့ရှိသော နေရာများကို လှည့်ရှာ၏။ ထိုသို့ရှာဖွေရင်း မြို့တစ်နေရာရှိ ဘီလိယက်ခုံကို အရက်ပုန်း တွဲရောင်းသော ဦးမြကြီးဆိုင်၌ အေးသိန်းကို သွားတွေ့၏။ အေးသိန်းသည် ပက်လက်ကုလားထိုင်မှာထိုင်၍ အရက်သောက်နေ၏။

အေးသိန်းသည် ကျွန်ုပ်ကို မြင်သောအခါ မျက်စိမျက်နှာ ပျက်သွားသော်လည်း လူယုတ်မာတို့၏ထုံးစံအတိုင်း ဟန်ဆောင်ပန်ဆောင်ဖြင့် ...

"လာ ... သူငယ်ချင်း ငွေသိုက်၊ ဘီလီယက် လာထိုးတာလား"

ဟု မေးမြန်းလေ၏။ ကျွန်ုပ်သည် အေးသိန်း၏ မျက်နှာပြောင်ပုံကိုကြည့်၍ ဒေါသမထိန်းနိုင်တော့ဘဲ ...



www.burmeseclassic.com

www.burmeseclassic.com



"လူယုတ်မာ တကျော့ရှုး၊ မင်းလိုကောင်မျိုးကို လူ့လောကမှာ အရှင်မထားဘူး"

ဟု ဆိုကာ တကျော့ရှုးအေးသိန်း၏ မျက်နှာကို ခြေဖြင့် တအားဆောင့်ကန်လိုက်ရာ ကြာကူရှိကောင်သည် ပက်လက်အားထိုင်နှင့်အတူ မြေပေါ်တွင် လွင့်သွား၏။

ထိုအခါ ဘိလိယက်ခုံရှိ လူများသည် ရုတ်ရုတ်သဲသဲသွားပြီး ကျွန်ပ်ကို ဝိုင်းဝန်းချုပ်ကိုင်ထားကြလေ၏။ တကျော့ရှုးအေးသိန်းသည် အရက်ရှိန်ကြောင်လား၊ ကျွန်ပ်၏ကန်ချက်ပြင်း၍လားမသိ။ မြေပေါ်သို့ မှောက်ရက်လဲပြီး ပြန်မထနိုင်တော့။

ကျွန်ပ်က ဝိုင်းဝန်းဖျန်ဖြေသူများလက်မှ ရုန်းထွက်၍ ...

"ငါ့ကို မဆွဲနဲ့ လွှတ်ကြစမ်း၊ ဒီကောင် လူယုတ်မာ၊ သူ့လိုလူမျိုးကို လူ့လောကမှာ ထားဖို့မသင့်တော့ဘူး၊ သိပ်ယုတ်မာတဲ့ကောင်၊ ဟေ့ကောင် အေးသိန်း၊ ထစမ်း လူယုတ်မာ"

ဟု အော်ဟစ်ကြိမ်းမောင်းနေလေ၏။ ထိုအခိုက်မှာပင် အေးသိန်းကို မြေပေါ်မှ ဆွဲထူသူများက အရုပ်ကြိုးပြတ်ဖြစ်နေသော အေးသိန်းကိုကြည့်၍ ...

"ဟင် ... အေးသိန်း ဘယ်လိုဖြစ်တာလဲ၊ ခေါ်လို့မရတော့ဘူး၊ အေးသိန်း အသက်မရှိတော့ဘူး"

ဟု အော်ဟစ်လိုက်ရာ ကျွန်ပ်သည် ထိုသူ၏စကားကို မယုံနိုင်ဘဲ ခေါင်းခါ၍ ...

"ငါ့ခြေကန်ချက်နဲ့ ဒီကောင်အသက်ထွက်ပါ့မလား၊ မဖြစ်နိုင်ဘူး၊ ဒီကောင် မူးရာမာယာ များနေတာပဲဖြစ်မယ်"

ဟု ပြောလိုက်၏။ ထိုအခါ အေးသိန်း ချီမထားသူက အလန့်တကြား အမူအရာဖြင့် ...

"ဟုတ်တယ် ငွေသိုက်၊ ဒီကောင် တကယ် သေသွားပြီ၊ အသက်မရှူတော့ဘူး"

ဟု ပြောပြီး အေးသိန်း၏ကိုယ်ခန္ဓာကို တစ်ယောက်တစ်လှည့် ဝိုင်းဝန်းစမ်းသပ်ကြရာ အမှန်ပင် အေးသိန်း သေဆုံးနေသည်။





www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် တဏှာရူးအေးသိန်း သေဆုံးကြောင်း သိရသဖြင့် ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားပြီး ...

"သိပ်ကောင်းတယ်၊ ဒီကောင်မျိုးကို သဘာဝတရားရဲ့ အလိုကျ ငရဲပြည်ပို့ပေးရမယ်၊ ဒီကောင်ဟာ လူကောင်း မဟုတ်ဘူး၊ ယုတ်မာပက်စက်တဲ့ တဏှာရူးကောင်"

ဟု အော်ဟစ်ပြောဆိုလေ၏။ ခဏကြာလျှင် အိလိယက်ခုံသို့ သူကြီးနှင့် ပုလိပ်များ ရောက်ရှိလာပြီး ကျွန်ုပ်ကို ဖမ်းဆီးခေါ်ဆောင်သွားကြ၏။

သည့် ခြေကန်ချက် တစ်ချက်တည်းဖြင့် အေးသိန်းကို လူ့လောကထဲမှ မောင်းထုတ်နိုင်ခဲ့၏။

အေးသိန်းလို လူမျိုးကို ခြေထောက်ဖြင့် အချက်ပေါင်း မရေမတွက်နိုင်အောင် ကန်ကျောက်ချင်မိ၏။

အေးသိန်းသည် ကျွန်ုပ်၏ ခြေထောက်ကန်ချက်ကြောင့် မေ့မြောသွားရာမှ စကားမေးမရဘဲ သေဆုံးသွားရှာ၏။





မမိုးသူသည် သူမအတွက်ကြောင့် ကျွန်ုပ် မင်းပြစ်မင်းဒဏ် သင့်ရသဖြင့် အလွန်ဝမ်းနည်း ကြေကွဲနေရှာ၏။

ထိုညက ပုလိပ်ဌာနတွင် ကျွန်ုပ်ကို ချုပ်နှောင်ထားပြီး နောက်တစ်နေ့၌ သာယာဝတီမြို့ အကျဉ်းထောင်ကြီးသို့ ခေါ်ဆောင်သွားလေ၏။ ကျွန်ုပ်သည် အေးသိန်းကို လက်စားချေခြင်းအတွက် ဝမ်းနည်းကြေကွဲခြင်းမရှိဘဲ များစွာကျေနပ်ဝမ်းမြောက်နေမိ၏။

ကျွန်ုပ်၏ ရုံးချိန်းနေ့သို့ ရောက်သောအခါ ဇနီးသည် မမိုးသူသည် ရှေ့နေတစ်ဦးကိုငှားပြီး ကျွန်ုပ်အမှုကို ရင်ဆိုင်လေ၏။ မမိုးသူသည် ကျွန်ုပ်၏တရားခံဘဝကို မြင်ယောင်ပြီး ဝမ်းပန်းတနည်း ရှိနေသည်။ ကျွန်ုပ်က ...

"မပူပါနဲ့ မမိုးရယ်၊ ဒီလူယုတ်မကောင်ကို ကိုယ်က ခြေထောက်နဲ့ပဲ ကန်ခဲ့တာပါ၊ လူသတ်မှု မဖြစ်နိုင်ပါဘူး"

ဟု ပြောလေ၏။ အမှန်ပင် ကျွန်ုပ်အမှုကို လူသတ်မှု မြောက်နိုင်သည်ဟု ကျွန်ုပ် မယုံကြည်ခဲ့ပါ။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ပ်အမှုနှင့် ပတ်သက်၍ သေသူသည် ဇနီးသည်ကို အမွေပြုကျင့်ရန် ကြံစည်သဖြင့် ခြေထောက်ဖြင့် ကန်မိကြောင်း ထွက်ဆိုလေ၏။

ကျွန်ပ်၏အမှုဖြစ်ပွားရာ ဘိလိယက်ခုံပိုင်ရှင် ဦးမြကြီးကိုလည်း ခေါ်ယူစစ်ဆေးလေ၏။

နောက်ဆုံး၌ ကျွန်ပ်၏အမှုကို စီရင်ချက်ချရာ၌ စက်ရှင်တရားသူကြီးမင်းက ...

"တရားခံက သေသူကို ဒေါသအလျောက် ခြေထောက်နှင့် ကန်တယ်လို့ ထွက်ဆိုခဲ့တယ်၊ ဆေးစာအရလည်း သေသူဟာ မြေပေါ်သို့လဲကျပြီး လည်ပင်းရိုးကျိုး သေတယ်လို့ ဆိုခဲ့တယ်။ ဒါကြောင့် ဒီအမှုဟာ လူသတ်မှုမမြောက်ပေမယ့် လူသေမှုတော့ မြောက်ခဲ့တယ်"

ဟု ဆိုကာ ကျွန်ပ်အား တစ်ကျွန်း၌ အပြစ်ဒဏ် (၁၀)နှစ် ကျခံစေရန် ချမှတ်လိုက်လေ၏။





တရားသူကြီး၏ အမိန့်သံကို နားထောင်၍ ကျွန်ပ်၏ ဇနီး မမိုးသူသည် စိတ်နှလုံးထိခိုက်ပြီး မူးမေ့လဲသွားရှာ၏။ ကျွန်ပ်သည် တကျောရှူးအေးသိန်းကို သတ်မိကာ တစ်သက်တစ်ကျွန်း ကျခံရခြင်းကို တုန်လှုပ် ချောက်ချားခြင်း မရှိသော်လည်း မမိုးသူ၏ သနားစဖွယ်အဖြစ်အပျက်ကို မြင်ရသောအခါ ရင်နင့်မိလေ၏။

ကျွန်ပ်သည် တစ်ကျွန်းသို့မသွားမီ ပွဲရုံလုပ်ငန်းကို ရပ်နားပြီး ရွာသို့ပြန်ရန် ဇနီးဖြစ်သူကို မှာကြား၏။ ကျွန်ပ်က ဝမ်းနည်းကြေကွဲနေသော ဇနီးသည်ကိုကြည့်၍ ...

"ဆယ်နှစ်ဆိုတာ ဘာမှမကြာပါဘူးကွာ၊ မကြာမီ ကျုပ်ရွာကိုပြန်လာမှာပါ၊ နောက်ပြီး ကျွန်းပေါ်မှာ အပြစ်ဒဏ်မကျဘဲ အလုပ်ကို ကြိုးစားလုပ်ရင် လျှော့ရက်တွေလည်း ရမှာပါ၊ မြန်မာပြည်ကို အင်္ဂလန်က ဇေလမင်းသား လာရောက်တဲ့အထိမ်းအမှတ်အနေနဲ့ အကျဉ်းသားတွေကို မဲဖောက်ပြီး လွတ်ငြိမ်းခွင့်ရှိတယ်လို့တောင် ကြားဖူးတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု နှစ်သိမ့်လေ၏။ ဇနီးဖြစ်သူက သူမအတွက် ကျွန်ုပ် အကျဉ်းကျခံရသည်ဟူ၍ပင် စိတ်ဆွဲကာ ဝမ်းနည်းကြေကွဲနေရှာ၏။





ထို့နောက်တွင်မူ ကျွန်ုပ်ကို ရန်ကုန်သို့ ခေါ်သွားပြီး ရန်ကုန်ဆိပ်ကမ်းမှ သင်္ဘောဖြင့် တစ်ကျွန်းဟုခေါ်ဝေါ်သော အက်ဒမန်ကျွန်းသို့ ပို့ဆောင်လေ၏။

ကျွန်ုပ်သည် မွေးရပ်မြေမှ မိုင်ပေါင်းရာချီဝေးကွာသော အရပ်သို့ အကျဉ်းသားအဖြစ် သွားရသည့်အပြင် ချစ်လှစွာသော ဇနီးသည်ကို ထားခဲ့ရသဖြင့် အလွန်ကြေကွဲ ဝမ်းနည်းရလေ၏။

ဤသို့ဖြင့် ကျွန်ုပ်တို့လိုက်ပါလာသော သင်္ဘောသည် အက်ဒမန်ကျွန်းရှိရာ ပို့ဗလဲယားမြို့သို့ ရောက်ခဲ့လေ၏။ ပို့ဗလဲယားမြို့သည် ကျောင်းကန်ဘုရားများ၊ ဈေး၊ တင်းနစ်ကွင်းသည်တို့ ရှိသဖြင့် မြို့ငယ်လေးတစ်မြို့ကဲ့သို့ စည်ကားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



တစ်ကျွန်းသို့ရောက်သော အကျဉ်းသားများသည် တောနက်ကြီးထဲသို့ဝင်၍ သစ်ခုတ်၊ ပျားဖွတ် စသည့်အလုပ်များကို လုပ်ကိုင်သူလည်းရှိ၏။ အချို့အကျဉ်းသားများသည် ပင်လယ်ရေအောက်သို့ဆင်း၍ ပုလဲငုပ်သည့် အလုပ်မျိုးကို လုပ်ကိုင်ကြ၏။

အချို့သည် အာဏာပိုင်များနှင့် သင့်တော်သလို ပေါင်းသင်းပြီး အနေချောင်အောင် ကြိုးစားကြလေ၏။ ကျွန်ုပ်သည် ကျွန်းသို့ရောက်ကာစ၌ ယာခင်းများတွင် အလုပ်ဝင်လုပ်ရလေ၏။

ထိုအလုပ်ကို လုပ်ကိုင်ရင်း အမိမြန်မာပြည်၌ ကျန်ရစ်ခဲ့သော ဇနီးသည် မမိုးကို လွမ်းဆွတ်သတိရလေ၏။

ထိုအချိန်မှစ၍ လမ်းမမြင် ကမ်းမမြင်သော ကျွန်း၌ ဆယ်နှစ်တိတိ အပြစ်ဒဏ်မခံဘဲ အခွင့်အရေးရလျှင် ထွက်ပြေးရန်ကြံစည်၏။ အက်ဒမန်ကျွန်းမှ ထွက်ပြေးမည်ဆိုလျှင် ထောင်ထဲတွင်ရှိသော ယာခင်း၌ အချိန်ကုန်ရန် မဖြစ်နိုင်ချေ။

ထို့ကြောင့် ထောင်၌တာဝန်ရှိသော ကွင်းနီ၊ ကွင်းကြားများကို လာဘ်ထိုး၍ ယာခင်းထဲမှ ထွက်ရအောင် ကြိုးစား





လေ၏။ ဤသို့ဖြင့် ကျွန်ုပ်သည် ကံကောင်းထောက်မစွာဖြင့် ထောင်တွင်းသို့ နေ့စဉ်ရိက္ခာသွင်းသော ပက်လက်မြင်းလှည်းများ အနက် တစ်စီးကို မောင်းခွင့်ရ၏။

ထို့ကြောင့် ကျွန်ုပ်သည် နေ့စဉ် အဗာဒင်ဈေးသို့ ဈေးဝယ်ထွက်ရန် ရောက်လေ၏။ ထိုသို့ ရိက္ခာများကို ဝယ်ယူရန် ထောင်ဝါဒါတစ်ဦးက လိုက်လာပြီး အဗာဒင်ဈေး၌ ငွေရှင်းပေးလေ၏။ အဗာဒင်ဈေးသည် အက်ဒမန်ကျွန်းရှိ အစည်ကားဆုံးဈေးကြီးဖြစ်၏။

ထိုဈေးကို ထောင်သားများသာမက ထောင်အာဏာပိုင်များလည်း အားကိုးပြီး ဝယ်ယူရလေ၏။ ကျွန်ုပ်သည် ထောင်တွင်းသို့ ရိက္ခာသွင်းသော မြင်းလှည်းကို မောင်းရသဖြင့် ထောင်ပြင်သို့ နေ့စဉ်လိုလို ရောက်နေလေ၏။

ထိုသို့ ထောင်ပြင်သို့ ထွက်ရသောအလုပ်ကို လုပ်ကိုင်ရခြင်းမှာ အက်ဒမန်ကျွန်းမှ အခြေအနေပေးလျှင် ထွက်ပြေးလိုသော ရည်ရွယ်ချက်ကြောင့်ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့ပြင် အက်ဒမန်ကျွန်း၌ ထောင်အာဏာပိုင်များသည် နေ့စဉ် နေ့လယ်ဆယ့်နှစ်နာရီ၌ အကျဉ်းသားများ၏ အမည်စာရင်းကို ခေါ်ယူ၍ စစ်ဆေးလေ့ရှိ၏။ သို့သော် ထောင်ပြင်ပ၌ အလုပ်လုပ်သော ကျွန်ုပ်ကဲ့သို့ အကျဉ်းသားအား အမည်စာရင်းမခေါ်ဘဲ ကင်းလွတ်ခွင့် ပေးလေ၏။

ထိုအခွင့်အရေးသည် ကျွန်ုပ်ကဲ့သို့ ထောင်မှထွက်ပြေးရန် ကြံစည်သူအတွက် အကောင်းဆုံး အခွင့်အရေးပင်ဖြစ်၏။

ကျွန်ုပ်တို့၏ ရိက္ခာလုပ်ငန်းကို တာဝန်ယူရသော ထောင်ဝါဒါသည် ပင်စင်ယူကာနီးနေသော အဘိုးကြီးဖြစ်၏။ ထိုအဘိုးကြီး၏ အလစ်၌ ကျွန်းမှထွက်ပြေးရန် အခွင့်အလမ်းရှိ၏။

ကျွန်ုပ်သည် အက်ဒမန်ကျွန်းမှ ကမ်းမမြင် လမ်းမမြင်သော ပင်လယ်ပြင်သို့ ဖြပ်ပြေးရန် မကြိုးစားဘဲ ကျွန်း၏ အတွင်းပိုင်း၌ နေထိုင်သော လူရိုင်းများနှင့် ဆက်သွယ်ပြီးပြေးရန် ဆုံးဖြတ်ထား၏။





အက်ဒမန်ကျွန်းမှ အသက်စွန့်ပြီး ထွက်ပြေးသူများအား ကျွန်းအာဏာပိုင်အဖွဲ့အစည်းက အသေပစ်သတ်ရန် အမိန့်ထုတ်ပြန်ထား၏။ သို့သော် တောတွင်းသို့ဝင်၍ လူရိုင်းများထံမှ အကူအညီကိုတောင်းယူရန် အလွန်အန္တရာယ်များလွန်းလှ၏။

အဘယ်ကြောင့်ဆိုသော် လူရိုင်းများသည် အက်ဒမန်ကျွန်းမှ အကျဉ်းသားများကို အလွန်မုန်းတီးကြ၏။ အကျဉ်းသားများ သစ်ခုတ်လှဲခြင်းကြောင့် ၎င်းတို့၏အမဲလိုက်နယ်မြေများ ရှားပါးလာသည်ဟု ယူဆကြ၏။

ထို့ကြောင့် တောတွင်း၌ အကျဉ်းသားများ၏အသက်ကို ရန်ရှာသော လူရိုင်းများလည်း ရှိလေ၏။ သို့သော် ကျွန်ုပ်သည် ညီမျှပင် အန္တရာယ်များစေကာမူ ကြိုးစားရန်းကန်ပြီး ကျွန်းမှ လွတ်မြောက်အောင် ထွက်ပြေးရန် ဆုံးဖြတ်ထား၏။

ထိုအချိန်မှစ၍ ကျွန်ုပ်သည် ထမင်းကျန်အနည်းငယ်ကို နေ့စဉ်စုဆောင်းထားလိုက်ပြီး အမှုန့်ဖြစ်အောင် ထန်းလျက်နှင့် ရောထောင်းပြီး ရိက္ခာအဖြစ် သိမ်းဆည်းထားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် တောတွင်း၌ လူရိုင်းများနှင့်တွေ့လျှင် လာဘ်ထိုးရန် ငွေကြေးများလည်း စုဆောင်းထားလေ၏။ လူရိုင်းများသည် ပိုက်ဆံ၏တန်ဖိုးကို ကောင်းကောင်းသိနေပေပြီ။

ဤသို့ဖြင့် ကျွန်ုပ်သည် အဘက်ဘက်မှ ပြင်ဆင်ပြီးနောက် ထွက်ပြေးမည့် နေ့ရက်တစ်ရက်ကို သတ်မှတ်လိုက်၏။ ထိုနေ့သို့ ရောက်သောအခါ ကျွန်ုပ် စုဆောင်းထားသော ဂျုံခြောက်များကို မြင်းလှည်းပေါ်တင်၍ ရေဘူးတစ်ဘူးကိုလည်း ယူဆောင်လာခဲ့၏။

ထို့ပြင် စောင်တစ်ထည်ကို ပုဆိုးအောက်၌ပတ်ပြီး ယူဆောင်လာခဲ့၏။ ကျွန်ုပ် စွန့်စွန့်စားစား ဝယ်ယူထားသော ဓားမြှောင်တစ်ချောင်းကိုလည်း လျှို့ဝှက်ပြီး သယ်ဆောင်လာ၏။

ကျွန်ုပ်သည် နေ့စဉ် ပက်လက်မြင်းလှည်းကို မောင်းပြီး ဝါဒါများနှင့် ဈေးသို့သွားရလေ၏။ ထောင်ဝါဒါများ ဈေးဝယ်





နေခိုက်တွင် ကျွန်ုပ်က ဗိုက်နာသည်ဆိုကာ ၎င်းတို့လက်မှ ထွက်ပြေးလွတ်မြောက်ခဲ့၏။ ထို့နောက် ကျွန်ုပ် အတွင်းပိုင်းရှိ သစ်တောများဆီသို့ ခိုးလျှက်ထွက်ခဲ့၏။

အက်ဒမန်ကျွန်း၏ အတွင်းပိုင်း၌ သစ်ခုတ်သော အကျဉ်းသားများနှင့် ထောင်ဝါဒါများရှိကြ၏။ ကျွန်ုပ်သည် ၎င်းတို့ကို သတိကြီးစွာဖြင့် ရှောင်တိမ်းပြီး တောနက်ထဲသို့ ပြေးရ၏။

ဤသို့ဖြင့် ကျွန်ုပ်သည် စွန့်စွန့်စားစား ပြေးလွှားပြီး အက်ဒမန်ကျွန်း၏ တောနက်ပိုင်းသို့ ရောက်ရှိခဲ့လေ၏။ ကျွန်ုပ်သည် ထောင်အာဏာပိုင်များ၏လက်မှ လွတ်အောင် ညဘက် ပြေးလွှားခဲ့ပြီး မောပန်းသောအခါ ကျွန်ုပ် ယူဆောင်လာသော ဂျုံခြောက်များကိုစား၍ ရေဖြင့်မျှောချရလေ၏။

ကျွန်ုပ်သည် ထိုနေ့ညဉ့်၌ သစ်ပင်မြင့်ကြီးပေါ်သို့တက်၍ အိပ်စက်ခဲ့လေ၏။ နံနက်အရုဏ်တက်ချိန်သို့ ရောက်သောအခါ ကျွန်ုပ် အိပ်ရာမှထ၍ ပြေးရပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



တောတစ်ခုလုံး ကျွန်းပင်ကြီးများနှင့် ချုံနွယ်ပိတ်ပေါင်းများ ထူထပ်စွာရှိနေသဖြင့် အဆိပ်ပြင်းသော မြွေ၊ ပင့်ကူစသော သတ္တဝါများကို သတိကြီးစွာထား၍ သွားရလေ၏။

ဤသို့ဖြင့် ခရီးဆက်ပြီးနောက် ညနေပိုင်း၌ လူရိုင်းများ၏ နယ်မြေသို့ ရောက်လာ၏။ လူရိုင်းများသည် အရိုင်းအစိုင်းများနှင့် ယဉ်ကျေးသိမ်မွေ့သူများဟူ၍ နှစ်မျိုးဖြစ်နေ၏။

သို့သော် ယဉ်ကျေးသိမ်မွေ့သော လူရိုင်းများပင်လျှင် ၎င်းတို့သဘောမကျလျှင် အရိုင်းအစိုင်းများအဖြစ် ပြောင်းလဲသွားနိုင်၏။

ကျွန်ုပ်သည် အသက်လု၍ ပြေးလွှားရင်း အရှေ့၌ မီးခိုးများတွေ့သဖြင့် လူရိုင်းများရွာသို့ ရောက်ပြီဖြစ်ကြောင်း သိလိုက်၏။ ကျွန်ုပ်သည် သတိကြီးစွာထား၍ ထိုရွာအနီးသို့ တိုးကပ်သွားလေ၏။

ထို့နောက် လူရိုင်းများ၏ ရွာစည်းရိုးကို သတိထားကြည့်လေ၏။ ထိုအခါ ရွာစည်းရိုး၌ တိရစ္ဆာန်များ၏ ဦးခေါင်း





ခွံများသာ ချိတ်ဆွဲထားပြီး လူဦးခေါင်းများ ချိတ်ဆွဲမထားသဖြင့် ရင်ထဲ၌ အလုံးကြီးကျသွားလေ၏။ ထိုရွာသည် ယဉ်ကျေးသော လူရိုင်းများ၏ ရွာဖြစ်၏။ လူဦးခေါင်းများ ချိတ်ဆွဲထားလျှင် လူသားစား လူရိုင်းများဖြစ်၏။

ထို့ကြောင့် လူရိုင်းများ၏ရွာသို့ အရဲစွန့်၍ ဝင်သွားရာ ကျွန်ုပ်ကိုမြင်သည်နှင့် တစ်ရွာလုံး ဆူညံပွက်သွားလေ၏။ ကျွန်ုပ်၏ပတ်လည်မှ ဝန်းပတ်၍ ဓားလှံလက်နက်များဖြင့် ချိန်ရွယ်ကြလေ၏။

ကျွန်ုပ်သည် ၎င်းတို့၏အကြီးအကဲနှင့် တွေ့သောအခါ ပါလာသော ငွေကြေးများကို ပေးအပ်၍ ထောင်မှထွက်ပြေးလာကြောင်း၊ ခြေဟန်လက်ဟန်ဖြင့် ရှင်းလင်းပြလေ၏။

လူရိုင်းများ၏ ခေါင်းဆောင်က ကျွန်ုပ်အား စိတ်မပူရန်နှင့် အေးချမ်းစွာ နေထိုင်နိုင်ကြောင်း ခြေဟန်လက်ဟန်နှင့် ပြန်ပြောပြီး ကျွန်ုပ်စားရန် အသားခြောက် အနည်းငယ်ကိုပေး၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ပ်သည် ဗိုက်ထဲတွင် ဆာလောင်လွန်းလှ၍ အသားခြောက်ကို အရှေ့၌ရှိသော မီးပုံနှင့်ဖုတ်၍ စားလေ၏။ ကျွန်ပ် အသားခြောက် စားနေစဉ် လူရိုင်းများက ဆိတ်နို့ထည့်ထားသော ခွက်တစ်လုံးကို ကမ်းပေး၍ သောက်ရန်ပြောလေ၏။

ကျွန်ပ်သည် အသားခြောက်များနှင့် ဆိတ်နို့တစ်ခွက်သောက်လိုက်ရ၍ ခွန်အားများ ပြန်လည်ပြည့်ဖြိုးလာ၏။ လူရိုင်းများ ကျွန်ပ်ကို အန္တရာယ်မပြုခြင်းမှာ အလွန်ကောင်းလှ၏။

အဆိပ်လူးမြား ကိုင်ထားသော လူရိုင်းများသည် အလွန်ကြောက်စရာကောင်းသူများဖြစ်ပြီး တောနက်ထဲသို့ရောက်လျှင် ကျွန်းလုံခြုံရေးတပ်သားများပင်လျှင် လူရိုင်းများကို ကြောက်ရွံ့နေကြောင်း သိရ၏။

လူရိုင်းများသည် ကျွန်ပ်ကို မိတ်ဆွေဟောင်းကဲ့သို့ ကောင်းမွန်စွာ ဧည့်ခံ၍ ညအိပ်ရန် တဲငယ်တစ်လုံးပင် စီစဉ်ပေးလေ၏။ ကျွန်ပ်သည် လူရိုင်းများထံသို့ရောက်လျှင် စိတ်ကိုလျှော့လိုက်ပြီး ပင်ပန်းလှသဖြင့် အိပ်ပျော်သွားလေ၏။

စေတနာစာပေ



ထိုသို့အိပ်ပျော်ပြီး အတန်ကြာလျှင် ဗုံတီးသံများကို ကျယ်လောင်စွာ ကြားရသဖြင့် တဲအပြင်သို့ ထွက်ကြည့်လိုက်ရာ လွန်စွာကြီးမားသော မီးပုံကြီးတစ်ခုကို ရှို့ထားပြီး လူရိုင်းများ မီးပုံကိုဝိုင်းပတ်၍ ထိုင်နေကြောင်းသိရ၏။

ထိုမြင်ကွင်းကိုကြည့်၍ ကျွန်ပ်သည် ခေါင်းနပန်းကြီးသွားလေ၏။

အချို့သော လူရိုင်းများသည် လူသားစားသည်ဟု နာမည်ကျော်ကြား၏။

ထိုအတွေးကြောင့် မီးပုံကြီးကိုကြည့်၍ ကျွန်ပ် ထိတ်လန့်သွားခြင်းဖြစ်၏။

ထိုအခိုက်မှာပင် လူရိုင်းများ၏အလယ်၌ ထိုင်နေသော ခေါင်းဆောင်သည် ကျွန်ပ်ကို စိတ်အားထက်သန်စွာခေါ်လေ၏။ ကျွန်ပ်သည် ရင်တထိတ်ထိတ်ခုန်ပြီး မီးပုံထားသော ကွက်လပ်အတွင်းသို့ ဝင်လိုက်လေ၏။

စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ် ကွင်းလယ်အတွင်းသို့ ရောက်သည်နှင့် လူရိုင်းတစ်ဦးသည် ထိုင်ရာမှ ရုတ်တရက် ခုန်ထလိုက်ပြီး ကျွန်ုပ်၏ခြေအစုံကို ပွေ့ဖက်က ချုပ်ကိုင်ထားလိုက်၏။

ကျွန်ုပ်သည် လူရိုင်း၏ အပြုအမူကို ထိတ်လန့်အံ့ဩနေစဉ် ကျန်လူရိုင်းလေးသုံးယောက် ထွက်လာပြီး ကျွန်ုပ်ကို ဝိုင်းဝန်းတိုက်ခိုက်လေ၏။

ကျွန်ုပ်သည် အသက်အန္တရာယ်နှင့် အလွန်နီးကပ်နေပြီဖြစ်ကြောင်း ရိပ်စားမိလိုက်၏။ သို့သော် ကျွန်ုပ်ကို တိုက်ခိုက်နေသော လူရိုင်းများအားလုံး လက်နက်မကိုင်ဆောင်ဘဲ လက်ဗလာဖြင့် တိုက်ခိုက်နေကြောင်း တွေ့ရ၏။

လူရိုင်းများသည် ကျွန်ုပ်၏ရဲဝံ့သောသတ္တိကို စမ်းသပ်ခြင်းလည်း ဖြစ်နိုင်၏။ ထို့ကြောင့် ကျွန်ုပ်၏စိတ်အား ပြန်လည်တက်ကြွသွားပြီး၊ လူရိုင်းများကို ပြန်လည်တိုက်ခိုက်လေ၏။ လူရိုင်းများသည် လွန်စွာသန်မာကြံ့ခိုင်သူများဖြစ်၍ တော်ရုံလူဆိုလျှင် ၎င်းတို့အုပ်စုကို နိုင်မယ်မထင်ချေ။





ကျွန်ုပ်သည် ငယ်စဉ်က ရွာဦးကျောင်း၌ နေထိုင်စဉ်ကပင် မြန်မာ့သိုင်းပညာကို ကောင်းစွာသင်ကြားဖူး၏။ ကျွန်ုပ်သည် သိုင်းပညာကို ဝါသနာထုံလွန်း၍ တစ်နေ့မပြတ် လေ့ကျင့်ခဲ့ဖူး၏။

ထို့ကြောင့် လူရိုင်းများ စုပေါင်းတိုက်ခိုက်မှုကို တွန်းလှန်နိုင်ခြင်းဖြစ်၏။ ကျန်သော လူရိုင်းများသည် ကျယ်လောင်စွာအော်ဟစ်၍ အားပေးပြီး ဗုံများကိုလည်း ဆူညံစွာတီးလေ၏။

ကျွန်ုပ်သည် လူရိုင်းတစ်ဦးကို ခေါင်းမှဆွဲကိုင်၍ ချုပ်ကိုင်ထားပြီး ၎င်း၏ နဖူးကို ဒူးဖြင့်တိုက်လိုက်ရာ လူရိုင်းမေ့လဲသွားလေ၏။

ကျွန်ုပ်သည် လူရိုင်းများကို ဖမ်းဆီးရန် နည်းလမ်းသိသွားသဖြင့် ၎င်းတို့၏ဆံပင်များကို ချုပ်ကိုင်၍ ဒူးဖြင့်တိုက်ခြင်း၊ တံတောင်ဖြင့် ထောင်းခြင်းတို့ ပြုလုပ်လေရာ လူရိုင်းများအားလုံး လဲကျမေ့မြောသွား၏။



www.burmeseclassic.com

www.burmeseclassic.com



လူရိုင်းများ ရှုံးနိမ့်သွားသောအခါ ၎င်းတို့၏ခေါင်းဆောင်သည် ထိုင်ရာမှထသည်။ ကျွန်ုပ်ကို အားပေးချီးမြှောက်သလို အမူအရာ လုပ်ပြလေ၏။ ကျန်သော လူရိုင်းများက ဗုံကိုကျယ်လောင်စွာတီးက ကျွန်ုပ်ကို အားပေးလေ၏။

ကျွန်ုပ်အား ပျော်ပွဲရွှင်ပွဲများ၌ ၎င်းတို့သောက်လေ့ရှိသော ချဉ်စုပ်စုပ် အဖျော်ယမကာကိုလည်း တိုက်လေ၏။ ထိုအချိန်မှစ၍ လူရိုင်းများသည် ကျွန်ုပ်ကို သဘောကျသွားပြီး ကျွန်းမှ လွတ်မြောက်အောင် ကူညီရန် ဆုံးဖြတ်လိုက်ကြ၏။

နောက်တစ်နေ့၌ လူရိုင်းများသည် ကျွန်ုပ်အတွက် ရိက္ခာခြောက်နှင့် ရေများကို စီစဉ်ပေးပြီး ပင်လယ်ကမ်းစပ်သို့ ခေါ်ဆောင်သွားလေ၏။ ကမ်းစပ်၌ လူရိုင်းများ ပြုလုပ်ထားသော သစ်ထွင်းလှေငယ်လေးတစ်စီးရှိ၏။ လူရိုင်းများ၏ခေါင်းဆောင်သည် ကျွန်ုပ်ကိုဖက်၍ သစ်ထွင်းလှေငယ်လေးကို အပိုင်ပေးလိုက်ကြောင်းပြော၏။





ထိုလှေငယ်လေးသည် ကပ္ပလီလူရိုင်းများကိုယ်တိုင် ပြုလုပ်ထားသဖြင့် ပင်လယ်ခရီးအတွက် လုံခြုံစိတ်ချရသော လှေငယ်လေးဖြစ်၏။

ကျွန်ုပ်၏လှေကလေး ကမ်းမှထွက်ခွာသောအခါ လူရိုင်းများအားလုံး လက်ပြပြီး ကျန်ရစ်ခဲ့၏။ ကျွန်ုပ်သည်လှေကို အရှေ့ဘက်သို့ ဦးတည်ပြီး လှော်ခတ်ခဲ့၏။

အက်ဒမန်ကျွန်းမှ ထွက်ပြေးလာသည်မှာ သုံးရက်ရှိချေပြီ။

အက်ဒမန်ကျွန်း အာဏာပိုင်များသည် ကျွန်ုပ်ကို ပိုက်စိပ်တိုက်၍ ရှာဖွေနေလောက်ပေပြီ။

ကျွန်ုပ်ကို ပင်လယ်ထဲ၌ လုံခြုံရေးတပ်ဖွဲ့က တွေ့ရှိလျှင် ပြန်လည်ဖမ်းဆီးခြင်းမပြုဘဲ အသေသတ်နိုင်သော အခွင့်အရေးရှိ၏။ ထို့ကြောင့် ကျွန်ုပ်သည် ပင်လယ်ခရီးကို သတိကြီးစွာထား၍ ခရီးဆက်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



မကြာမီ အရှေ့ဘက်၌ လေပြင်းများ တိုက်ခတ်လာသဖြင့် သစ်ထွင်းလှေ၌ပါရှိသော ရွက်တိုင်ကို ရွက်လွှင့်လေရာ လှေသည် လျှင်မြန်စွာ သွားလေတော့၏။

ကျွန်ုပ်သည် အနောက်၌ ဝေး၍ ဝေး၍ ကျန်ခဲ့သော ကျွန်းများကိုကြည့်ကာ အလွန်စိတ်အားတက်ကြွမိ၏။ လေသည် တောင်စူးစူးဘက်သို့ တိုက်သောအခါ ကျွန်ုပ်သည် ရွက်များကို ပြန်ချပြီး လှော်တက်နှင့် လှော်ခတ်ခဲ့၏။ ပင်လယ်ပြင်၌ ပူလောင်လွန်းသဖြင့် ကျွန်ုပ်တစ်ကိုယ်လုံး မီးကဲ့သို့ ပူလောင်နေလေ၏။

ထို့ကြောင့် ခန္ဓာကိုယ်တစ်ခုလုံး ချွေးများရွှဲရွှဲစိုနေပြီး ရေဓာတ်ခန်းခြောက်သကဲ့သို့ ဖြစ်နေ၏။

ခုနစ်ရက်ခန့်ကြာသောအခါ တောင်ဘက်မှ လေပြင်းများတိုက်လာပြန်သဖြင့် သစ်ထွင်းလှေ၏ရွက်များကို ချလိုက်ရ၏။ မကြာမီ ကောင်းကင်တစ်ခုလုံး မည်းမှောင်လာပြီး လှိုင်းလုံးများ တဖြည်းဖြည်း ကြီးလာ၏။





မိုးသက်မုန်တိုင်း စတင်တိုက်ခတ်လာချေပြီ။

ကမ်းမမြင် လမ်းမမြင် ပင်လယ်ကြီး၏အလယ်၌ ကျွန်ုပ်တစ်ကိုယ်တည်း သစ်ထွင်းလှေကလေးနှင့် ရှိနေသည်မှာ စိတ်အားပျက်ဖွယ် ကောင်းလွန်းလှ၏။

သို့သော် မိမိ၏စိတ်ကို မိမိတင်း၍ မုန်တိုင်းထန်သော ပင်လယ်ပြင်ကို အံတုရန် ကြိုးပမ်းရ၏။ လှေကလေးသည် လှိုင်းများကြား၌ လူးလွန့်နေပြီး လှေမှုပ်သွားတော့မည်ဟု အကြိမ်ကြိမ် ထင်မှတ်ပြီး ဘုရားတရလေ၏။

မိုးသက်မုန်တိုင်းကြောင့် ကျွန်ုပ်တစ်ကိုယ်လုံး ရွှဲရွှဲစိုနေပြီး ခိုက်ခိုက်တုန်အောင် အေးမြနေမိ၏။ ပင်လယ်ပြင်၌ မိုးသက်လေပြင်းများ အတန်ကြာအောင် တိုက်ခတ်ပြီးနောက် လေပြင်းများ လျော့ကျသွားပြီး မိုးလည်းစဲသွားလေ၏။

မကြာမီ ပင်လယ်ပြင်တစ်ခွင်လုံး ငြိမ်သက်အေးချမ်းသွားလေ၏။ ကျွန်ုပ်သည် ကံကောင်းထောက်မလွန်းသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



မှန်တိုင်းအတွင်းမှ သေကာမရောက် သက်မပျောက်ဘဲ လွတ်မြောက်ခဲ့လေ၏။

ညသို့ရောက်သောအခါ မိုးသားတိမ်လိပ်များ ဖုံးလွှမ်းနေသဖြင့် ကြယ်တာရာများကို မမြင်ရတော့ချေ။

ထို့ကြောင့် အရှေ့ အနောက် တောင် မြောက်ကို ခွဲခြားမသိနိုင်တော့ဘဲ စိတ်မှန်းဖြင့် ခရီးဆက်ရလေ၏။

ပင်လယ်ပြင်၌ မှန်တိုင်းထန်လိုက်ခြင်းသည် ကျွန်ုပ်အတွက် ကံကောင်းထောက်မသွားသည်ဟု ဆိုနိုင်၏။

အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်ကို လိုက်လံရှာဖွေသော ကျွန်းလုံခြုံရေး တပ်သားများသည် မှန်တိုင်းကြောင့် နောက်ကြောင်းသို့ ပြန်လှည့်သွားကြလေ၏။

ကျွန်ုပ်သည် မှန်တိုင်းဒဏ်ကို ခံရပြီး ခြစ်ခြစ်တောက်ပူသော နေရောင်ကြောင့် ကိုယ်ခန္ဓာတစ်ခုလုံး အေးတစ်လှည့် ပူတစ်လှည့် ဖြစ်ရာမှ အဖျားစတင်ဝင်ရောက်လာ၏။





ကိုယ်ခန္ဓာတစ်ခုလုံး ပူလောင်ခြောက်သွေ့နေသဖြင့် ရေကိုလည်း တစ်ကြိမ်ပြီးတစ်ကြိမ် သောက်နေရာ ရေဘူးထဲရှိရေများ ကုန်စင်သလောက် ဖြစ်သွားလေ၏။

ကျွန်ုပ်သည် ခေါင်းထဲတွင်လည်း မူးနောက်နေပြီး တစ်ကိုယ်လုံး ကိုင်ရိုက်ထားသကဲ့သို့ နာကျင်နေလေ၏။ ကျွန်ုပ်သည် လှေကိုပင် ပဲ့မကိုင်နိုင်တော့ဘဲ ကမ်းမမြင် လမ်းမမြင် ပင်လယ်ပြင်၌ မျောချင်တိုင်း မျောနေလေ၏။

ကျွန်ုပ်သည် အက်ဒမန်ကျွန်းမှ ထွက်ပြေးလာခြင်းအတွက် ပထမဆုံးအကြိမ် နောင်တရမိ၏။ ကျွန်း၌အလုပ်ကို ကြိုးကြိုးစားစားလုပ်၍ လွတ်ရက်ကို စောင့်လိုက်လျှင် အချိန်တန် အိမ်ပြန်ပြီး ချစ်ဇနီး မမိုးသူနှင့် တွေ့ဆုံနိုင်၏။

ယခုတော့ ပင်လယ်ပြင်သို့ စွန့်စားခန်းဖွင့်ပြီးကာမှ အန္တရာယ်နှင့် ရင်ဆိုင်ရပြီး သေဆုံးရတော့မည်။ ကျွန်ုပ်သည် ဇနီးသည် မမိုးကိုသာ သတိတရ ရှိနေမိလေ၏။



www.burmeseclassic.com

www.burmeseclassic.com



မမိုးသည် ကျွန်ပ်တစ်ကျွန်းမှ လွတ်မည့်ရက်ကို လက်ချိုးရေတွက်ပြီး စောင့်နေလိမ့်မည်။ ယခုလို တစ်ကျွန်းမှ ထွက်ပြေးပြီး အသက်ဘေးနှင့် ကြုံရခြင်းကို သိမည်မထင်ချေ။

ကျွန်ပ်သည် တွေးရင်း ခေါင်းထဲ၌ ရှာရှာလည်လာပြီး မေ့မြော်သွားလေတော့၏။

✣ ✦ ✣





ကျွန်ပ် ပြန်လည်သတိရလာသောအခါ ရုတ်တရက် ငါ ဘယ်ရောက်နေသလဲဟု တွေးမိ၏။ ခဏကြာသောအခါ ကျွန်းမှထွက်ပြေးပြီး ပင်လယ်ထဲ၌ မုန်တိုင်းမိပုံကို ပြန်လည်သတိရလာ၏။

ကျွန်ပ် ရောက်နေသော နေရာသည် တံငါသည်များ၏ တဲငယ်လေးတစ်လုံး ဖြစ်ပုံရ၏။

တဲပတ်ဝန်းကျင်၌ ငါးညှီနံ့ကို ရရှိနေသဖြင့် တံငါများ၏ တဲသို့ ရောက်နေပုံရ၏။

ကျွန်ပ်သည် သေကံမရောက် သက်မပျောက်သည့်အတွက် များစွာဝမ်းမြောက်သွားမိ၏။



www.burmeseclassic.com

www.burmeseclassic.com



မြန်မာပြည်သို့ပြန်ရန် ကျွန်ုပ်သည် မျှော်လင့်ချက်များစွာ ကျန်သေး၏။

ထိုအချိန်၌ တံငါသည် အဘိုးအိုတစ်ဦး ကျွန်ုပ်အနီးသို့ ရောက်လာပြီး ...

"မောင်ရင် သတိရလာပြီ၊ ဟောဒီရေလေးကို သောက်လိုက်ပါ"

ဟု ဆိုကာ ကျွန်ုပ်ကို ရေအနည်းငယ်တိုက်လေ၏။

ကျွန်ုပ်သည် ရင်ထဲတွင် ပူလောင်လှသဖြင့် ရေကို အငမ်းမရ သောက်နေလေ၏။

ရေသောက်ပြီးနောက် ကျွန်ုပ်၏ရင်ထဲ၌ ပူလောင်မှုများ အနည်းငယ် ပြေပျောက်သွားလေတော့၏။ ကျွန်ုပ်က ...

"ကျွန်တော် ဘယ်လိုလုပ်ပြီး ဒီနေရာကို ရောက်နေတာလဲ"

ဟု မေးမြန်းလေ၏။

တံငါသည်အဘိုးအိုက ...





"မောင်ရင့်ကို ကျုပ်တို့ တံငါလှေတွေက ပင်လယ်ထဲက ကယ်တင်ခဲ့တာပေါ့၊ ကျုပ်က ဒီကျွန်းက တံငါတွေရဲ့ အကြီးအကဲပဲ၊ မောင်ရင်ရဲ့ ကျန်းမာရေးကို ဘာမှမပူပါနဲ့တော့၊ ဒီကျွန်းမှာရှိတဲ့ ဆေးဆရာက မောင်ရင့်ကို စစ်ဆေးကြည့်ပြီးပြီ၊ မောင်ရင် မေ့မြောနေတုန်းက မောင်ရင် အဖျားတက်နေသေးတယ်၊ အခုတော့ အဖျားကျသွားပါပြီ၊ ဒါနဲ့ မောင်ရင်က တစ်ကျွန်းက ထွက်ပြေးလာတဲ့ အကျဉ်းသားတစ်ယောက် မဟုတ်လား"

ဟု ပြောလေ၏။ ကျွန်ုပ်သည် တံငါသည် အဘိုးအို၏ အမေးကြောင့် ကျွန်ုပ်ကို လူဆိုးသူခိုးတစ်ယောက်ဟု အထင်ရောက်မည်စိုးသဖြင့် ကျွန်ုပ်ဘဝဇာတ်ကြောင်းကို ဟုတ်မှန်သည့်အတိုင်း အစမှအဆုံးထိအောင် ပြန်ပြောပြလေ၏။

ကျွန်ုပ်၏ဘဝ နောက်ကြောင်းကို တံငါသည်အဘိုးအိုလင်မယားသည် ကရုဏာသက်စွာ နားထောင်ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် အဘိုးအိုက ၎င်းတို့ကျွန်းအနီး၌ ရွက်သင်္ဘောကြီးများ ဖြတ်သန်းသွားလာလေ့ရှိကြောင်း၊ ထိုလှေကြီးများနှင့် မော်လမြိုင်၊ ရန်ကုန်သို့ လိုက်နိုင်ကြောင်း ပြောလေရာ ကျွန်ုပ်သည် တစ်ကျွန်းမှလွတ်မြောက်ရန် လမ်းစရသဖြင့် လွန်စွာပျော်ရွှင်သွားလေ၏။

ဤသို့ဖြင့် ကျွန်ုပ်သည် တံငါသည်များ၏ကျွန်း၌ သောင်တင်နေရင်း အားလပ်ချိန်၌ တံငါသည်များ၏အလုပ်ကို ကူညီလုပ်ကိုင်ပေးလေ၏။

ကျွန်ုပ်သည် မကြာမီ ဇာတိရပ်မြေသို့ပြန်ပြီး ဇနီးသည် မမိုးသူနှင့် တွေ့ရတော့မည်ဆိုကာ အလွန်ပျော်ရွှင်နေလေ၏။ သို့သော် ကျွန်ုပ်၏ ပျော်ရွှင်မှုများ မကြာမီမှာပင် ပျောက်ဆုံးသွားလေ၏။

ကျွန်ုပ် ရောက်ရှိနေသော ကျွန်းကလေးကို တစ်ကျွန်းရှိ အာဏာပိုင်များ ရိပ်စားမိသွားပုံရ၏။ မကြာမီ ကျွန်းကလေးသို့ ကျွန်းလုံခြုံရေးတပ်၏ မော်တော် ထိုးဆိုက်လာ၏။





မော်တော်ထဲ၌ လက်နက်ကိုင် လုံခြုံရေးတပ်သားများ အပြည့်အစုံပါ၏။ အက်ဒမန်ကျွန်းရှိ ထောင်မှူးတစ်ဦးသည် ကျွန်းအကြီးအကဲနေအိမ်သို့ ဦးဆောင်သွားပြီး ...

"ဒီကျွန်းမှာ ကျွန်းကပြေးလာတဲ့ လူတစ်ယောက် ခိုအောင်းနေတယ်ဆိုလို့ လာဖမ်းတာပါ"

ဟု ပြောလိုက်ရာ တံငါသည်အဘိုးအိုသည် အိပ်ခန်းထဲ၌ ပုန်းအောင်းနေသော ကျွန်ုပ်ကို စိတ်မကောင်းဟန်ဖြင့် ကြည့်လိုက်လေ၏။ ကျွန်ုပ်သည် ပုလိပ်များကိုကြည့်၍ အလွန်စိတ်ဓာတ်ကျသွားလေ၏။

ဤသို့ဖြင့် ပုလိပ်များသည် ကျွန်ုပ်အား ပြန်လည်ဖမ်းဆီးသွားလေတော့၏။

ကျွန်ုပ်သည် ကျွန်းမှလွတ်မြောက်ရန် လက်တစ်ကမ်းအလိုမှာ ပြန်လည်ဖမ်းဆီးခံရခြင်းကို များစွာခံစားရလေ၏။

ကျွန်ုပ် ကျွန်းသို့ ပြန်လည်ဝင်ရောက်လာသောအခါ ထောင်ဝင်း၌ အကျဉ်းသား တော်တော်များများ လာရောက်ကြည့်ရှုကြ၏။



www.burmeseclassic.com

www.burmeseclassic.com



အချို့အကျဉ်းသားများသည် ကျွန်ပ်၏ ကြိုးပမ်းမှုကို အားကျသလိုအနေဖြင့် လာရောက်ကြည့်ရှုကြ၏။ အချို့သောအကျဉ်းသားများကမူ ကျွန်ပ်ကြောင့် ကျွန်းပေါ်၌ လွတ်လပ်စွာနေခွင့်ရသော အခွင့်အရေးများ ဆုံးရှုံးတော့မည်ဟု ယူဆကာ မကျေမချမ်း ဖြစ်ကြ၏။

ထို့ကြောင့် ကျွန်းမှ ထွက်ပြေးမည့်သူသည် လျှို့ဝှက်စွာ လျှို့ဝှက်ပြီး စီစဉ်ရ၏။

အချို့သောအကျဉ်းသားများသည် လူတစ်ဦး ကျွန်းမှ ထွက်ပြေးလွတ်မြောက်မှာ စိုးရိမ်ကြ၏။

ကျွန်းမှ ထွက်ပြေးမည့်သတင်းရလျှင် အာဏာပိုင်များသို့ သတင်းပို့တတ်၏။

ထိုလူ လွတ်မြောက်သွားလျှင် ကျွန်းပေါ်၌ ၎င်းတို့ရရှိထားသော အခွင့်အရေးများ ဆုံးရှုံးမှာကြောက်၏။ ထောင်ဝါဒါများက ကျွန်ပ်ကို လက်ထိတ်ခတ်လျက်နှင့် သင်္ဘောပေါ်မှ ဆွဲချကြ၏။





ကျွန်ပ် အောက်သို့ဆင်းရာတွင် နေးကွေးလေးလံသည်ဆိုပြီး ထောင်ဝါဒါတစ်ဦးက ခြေဖြင့်ဆောင့်ကန်လိုက်ရာ ကျွန်ပ်သည် မျှော်လင့်မထားသဖြင့် မြေပေါ်သို့ ဒလိမ့်ခေါက်ကွေး ကျ၏။

ထောင်ဝါဒါတစ်ဦးသည် မြေပေါ်၌ လဲကျနေသော ကျွန်ပ်ကို ခြေဖြင့်ကန်ရန် ပြေးလာ၏။

ဝါဒါများသည် ကျွန်းပေါ်ရှိ အကျဉ်းသားများရှေ့၌ ကျွန်ပ်ကို နှိပ်ကွပ်လိုဟန်ရှိ၏။

သို့သော် ကျွန်ပ်သည် ဘယ်သောအခါမှ သူတစ်ပါး မတရားလုပ်ခြင်းကို လက်ပိုက်ကြည့်မနေတတ်ချေ။

ထို့ကြောင့် ကျွန်ပ်ကို ခြေဖြင့်ကန်ရန် ပြေးလာသော ထောင်ဝါဒါ၏ ခြေထောက်ကို လက်နှစ်ဖက်ဖြင့်ဖမ်း၍ ဆောင့်တွန်းလိုက်ရာ ထောင်ဝါဒါ မြေပေါ်သို့ လဲလေ၏။

ပြီးနောက် ကျွန်ပ်သည် မြေပေါ်မှ ခုန်ထလိုက်၏။ ထောင်ဝါဒါများသည် နံပါတ်တုတ်ကိုယ်စီဖြင့် ကျွန်ပ်အနီးသို့



www.burmeseclassic.com

www.burmeseclassic.com



အပြေးရောက်လာ၏။ ထောင်ဝါဒါတစ်ဦးသည် ကျွန်ုပ်ကို အနောက်မှ ဝင်ရိုက်ရန် ကြိုးပမ်း၏။

ကျွန်ုပ်က ကိုယ်ကိုယိမ်းနွဲ့၍ ဝါဒါကို ခြေဖြင့်ကန်ရာ ဝါဒါ ယိုင်လဲလေ၏။

ထောင်ဝါဒါများသည် လက်ထိတ်ခတ်ခံရသော လူတစ်ယောက်အား မထောက်ညှာပဲ နံပါတ်တုတ်များဖြင့် ဝင်ရောက် ရိုက်နှက်ရန် ကြိုးပမ်းလေ၏။

သို့သော် ကျွန်ုပ်၏ လျှင်မြန်သော ခြေကန်ချက်များကြောင့် ဝါဒါများ တစ်ယောက်ပြီးတစ်ယောက် တဖုန်းဖုန်း လဲကျလေ၏။

ထိုအခါ ကျွန်ုပ်ကို လာရောက်ကြည့်ရှုသော အကျဉ်းသားများက သံပြိုင် ...

“ငွေသိုက် ... ငွေသိုက် ... တစ်ကျွန်းပြန် ငွေသိုက်၊ ငွေသိုက်ကို မတရားမလုပ်နဲ့၊ ယောကျ်ား မဟုတ်ဘူးလား”





စသည်ဖြင့် အော်ဟစ်လေရာ တစ်ကျွန်းလုံး ဆူညံထွက်သွားလေ၏။

ထိုအခါ အုပ်ချုပ်ရေးအရာရှိများအားလုံး မျက်လုံးပြူးသွားပြီး ထောင်မှူးငယ်တစ်ယောက်သည် ဝါဒါများကို အနောက်သို့ဆုတ်ခိုင်းပြီး ကျွန်ုပ်ကို သေနတ်ဖြင့်ချိန်ကာ ...

“ဒီမှာ ငွေသိုက်၊ မင်းကို ငါတို့ တရားဝင်ပစ်သတ်လို့ရတယ်နော်၊ ငြိမ်ငြိမ်သက်သက် အဖမ်းခံပါ”

ဟု အမိန့်ပေးလေ၏။ ထိုအခါ ကျွန်ုပ်က ရင်ကိုကော့၍ ...

“ကျွန်းကို အေးအေးချမ်းချမ်း ပြန်လာတဲ့ကျုပ်ကို မတရားနှိပ်စက်တာ ဘယ်သူတွေလဲ၊ ဝါဒါတွေ မိုက်ရိုင်းတာ တစ်ကျွန်းလုံး သက်သေရှိတယ်၊ ကျုပ်ကိုပစ်ရင် တစ်ကျွန်းလုံး ကျုပ်ဘက်မှာရှိတယ်၊ ခင်ဗျားတို့ကို တစ်ကျွန်းလုံးထပြီး ပုန်ကန်ကြမယ်”



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလိုက်ရာ ထောင်မှူးသည် ထိတ်လန့်တုန်လှုပ်သွားလေ၏။ အကျဉ်းသားများကလည်း ငွေသိုက် ... ငွေသိုက်ဟု ကျယ်လောင်စွာ အော်ဟစ်ပြီး သြဘာပေးကြ၏။

နောက်ဆုံး၌ ထောင်မှူးက အေးအေးချမ်းချမ်း အဖမ်းခံရန် မေတ္တာရပ်ခံသဖြင့် ကျွန်ုပ် အဖမ်းခံလိုက်လေ၏။ တစ်ကျွန်းမှ ထွက်ပြေးသော ပြစ်မှုကို ကျွန်းပေါ်ရှိ တရားရုံး၌ အမှုရင်ဆိုင်ရလေ၏။

နောက်ဆုံး၌ ကျွန်ုပ်မှာ အပြစ်ရှိသည်ဆိုကာ ကျွန်းပေါ်၌ ရက်စက်ကြမ်းကြုတ်ရာမှာ နာမည်သတင်းကြီးသော စီလူလာထောင်ကြီးသို့ ပို့လိုက်လေ၏။ ကျွန်ုပ်သည် စီလူလာထောင်၌ သုံးနှစ်တိတိ ကျခံရဦးမည်။

စီလူလာထောင်ကြီးသည် ကျွန်းပေါ်၌ ရက်စက်ကြမ်းကြုတ်ရာ၌ နာမည်သတင်းကြီး၏။

ထိုထောင်ကြီး၌ ကျွန်းပေါ်သို့ရောက်ပြီး ထပ်မံ၍ ပြစ်မှုကျူးလွန်သူများ နေထိုင်ရ၏။

စောင်းတင်ပေ



စီလူလာထောင်၌ ရက်စက်ကြမ်းကြုတ်မှုများကြောင့် တစ်ကျွန်းသို့ ရောက်ရှိသူတိုင်း စီလူလာထောင်ကို ကြောက်ရွံ့ကြ၏။

စီလူလာထောင်သည် ကြမ်းပေ့ရမ်းပေ့ဆိုသော လူဆိုးကြီးများကို ထိန်းသိမ်းရသော ထောင်ဖြစ်၍ ရက်စက်ကြမ်းကြုတ်ရခြင်းဖြစ်၏။

ထိုသို့ စီလူလာထောင်က ကြမ်းတမ်းရသည့်အပြင် ယခုတာဝန်ကျနေသော စီလူလာထောင်၏ ထောင်မှူးကြီး မက်ကောလင်းသည် ထောင်မှူးတကာ ထောင်မှူးထဲတွင်အကြမ်းကြုတ်ဆုံး အရိုင်းစိုင်းဆုံးဖြစ်၏။

မက်ကောလင်းသည် လွန်စွာသန်မာထွားကျိုင်းပြီး အရပ်ခြောက်ပေကျော်မြင့်သော လူကြီးတစ်ယောက်ဖြစ်၏။ အခြားသော ဆိုးသွမ်းသည်ဟု နာမည်သတင်းထွက်သော ထောင်မှူးများသည် ထောင်သားများအပေါ် တင်းကြပ်သော ထောင်ဥပဒေများဖြင့် တိတိကျကျ နှိပ်ကွပ်ခြင်းကြောင့် ဆိုးသွမ်းသည်ဟု အမည်သတင်းထွက်ခြင်းဖြစ်၏။

စောင်းတင်ပေ

www.burmeseclassic.com

www.burmeseclassic.com



ထောင်မှူးကြီး မက်ကောလင်းသည် ထိုထောင်မှူးများထက် ပိုမိုဆိုးသွမ်းသည်ဟု နာမည်သတင်းထွက်ခြင်းမှာ အပြစ်ရှိသော ထောင်သားကို မိမိ၏ ကိုယ်ပိုင်ညှဉ်းပန်းနှိပ်စက်နည်းများ အသုံးပြု၍ အပြစ်ဒဏ်ခတ်သောကြောင့်ပင်ဖြစ်၏။

ကျွန်ုပ် စီလူလာထောင်သို့ ရောက်သည့်နေ့မှာပင် ထောင်မှူးကြီး မက်ကောလင်းနှင့် စတင်တွေ့ဆုံခွင့်ရ၏။ မက်ကောလင်း၏ ထူးခြားချက်မှာ မြန်မာစကားကို ကောင်းမွန်စွာ ပြောဆိုတတ်၏။

ကျွန်ုပ်သည် မက်ကောလင်း၏ ရိုင်းပျမှုများကို ကြားဖူးနား၀ ရှိနေသော်လည်း မဟုတ်လျှင် မခံဟူသော စိတ်ဓာတ်ကြောင့် အသက်ချင်းလဲသွားမည်ဟု ဆုံးဖြတ်ထားလေ၏။

ထောင်မှူးကြီး မက်ကောလင်းသည် ကျွန်ုပ်ကို သူ၏ရုံးခန်းသို့ တကူးတက ခေါ်တွေ့၏။

"ကျွန်းကထွက်ပြေးပြီး ပြန်မိတယ်ဆိုတာ မောင်မင်းလား၊ ကျွန်းမှာ ပြန်မိရင် ပြစ်ဒဏ်ကျခံရတယ်ဆိုတာ မသိဘူးလား၊ ဘာကြောင့် ကျွန်းက ပြေးရတာလဲ"





ဟု မေးမြန်းလေ၏။ ကျွန်ုပ်က ထောင်မှူးကြီးကို ကြည့်၍ ...

"ကျွန်းမှာ နေရတာ မပျော်ဘူး၊ ကိုယ်လုပ်တဲ့ အပြစ်ဒဏ်နဲ့ ပြစ်ဒဏ်ခံရတာ မမျှဘူးလို့ ထင်တယ်၊ ဒါကြောင့် ထွက်ပြေးတာပါ"

ဟု ပြောလိုက်တာ ကျွန်ုပ်၏စကားကို နားထောင်နေသော ထောင်မှူးငယ်များနှင့် ထောင်ဝါဒါများသည် မျက်လုံးပြူးသွားလေ၏။ စီလူလာထောင်မှာ မက်ကောလင်းလို ပုဂ္ဂိုလ်မျိုးကို ယခုလို ပြန်ပြောဝံ့သူ ရှားလှ၏။

သို့သော် ကျွန်ုပ်၏အဖြေကို မက်ကောလင်းသည် စိတ်ဆိုးဟန်မပြဘဲ ...

"နောက် ဒီလိုထွက်ပြေးဖို့ အခွင့်အရေးရရင် ပြေးဦးမှာလား"

ဟု မေးမြန်းလေ၏။

ကျွန်ုပ်က ထောင်မှူးကြီး မက်လောလင်း၏ မျက်လုံးကို စေ့စေ့ကြည့်၍ ...



www.burmeseclassic.com

www.burmeseclassic.com



"အခွင့်အရေးရရင် ပြေးဦးမှာပါ၊ ဒီကျွန်းက မလွတ်,လွတ်အောင်ပြေးဖို့ ဆုံးဖြတ်ထားပါတယ်၊ ဒီကျွန်းက ထွက်ပြေးနိုင်တဲ့ တစ်ကျွန်းပြန်ဘိုးမှန်ဆိုတဲ့ ပုဂ္ဂိုလ်ကို ကျုပ်သိပ်အားရတယ်၊ သူလိုလူမျိုး တစ်နေ့ ဖြစ်စေရမယ်"

ဟု ဖြေလိုက်ရာ ကျွန်ုပ်၏ရဲရဲတောက် အဖြေကြောင့် ထောင်ဝန်ထမ်းများသည် မျက်လုံးပြူး မျက်ဆန်ပြူး ဖြစ်သွားကြ၏။ ထောင်မှူးမက်ကောလင်း ဒေါသူပုန်ထပြီး ရက်ရက်စက်စက် အပြစ်ပေးမှာ စိုးရိမ်နေကြ၏။

ကျွန်ုပ်သည် ကျွန်းက ထွက်ပြေးရန် ဆုံးဖြတ်ပြီးကတည်းက မိမိ၏ ရည်မှန်းချက် မအောင်မြင်လျှင် အလွန်ဆိုးဝါးသော အပြစ်ဒဏ်များကို ခံရမည်ကိုသိ၏။

ကျွန်ုပ်သည် အပြစ်ဒဏ်များကို ရဲရဲဝံ့ဝံ့ ရင်ဆိုင်မည်ဟု ဆုံးဖြတ်ပြီးသားဖြစ်၏။ ထောင်မှူးကြီး မက်ကောလင်းသည် အများထင်ထားသကဲ့သို့ ကျွန်ုပ်ကို ရက်စက်ကြမ်းကြုတ်သောနည်းဖြင့် အပြစ်ဒဏ်ပေးခြင်း မပြုဘဲ ...





"ကျွန်းကို ပြန်လာတဲ့နေ့မှာလည်း ထောင်ဝါဒါတွေကို ပြန်တိုက်ခိုက်လို့ ထောင်မှူးတွေက သေနတ်နဲ့ချိန်ပြီး အဖမ်းခံခိုင်းရတယ်လို့ သိရတယ်၊ ဘာလို့ ဒီလိုလုပ်တာလဲ"

ဟု မေးမြန်းပြန်၏။ ကျွန်ုပ်က မက်ကောလင်း၏ မျက်နှာကို စေ့စေ့ကြည့်၍ ...

"မတရားနှိပ်စက်တယ်လို့ ယူဆလို့ပါ၊ ကျုပ်က မတရားတာမြင်ရင် ဘယ်တော့မှ အရှုံးပေးမယ့်လူ မဟုတ်ဘူး၊ အသက်ချင်းလဲပစ်မယ်လို့ ဆုံးဖြတ်ထားတယ်၊ ဒါဟာ ကျုပ်တို့မြန်မာလူမျိုးစစ်စစ်တွေရဲ့ စိတ်ဓာတ်ပဲ"

ဟု ပြောလိုက်ရာ ထောင်မှူး မက်ကောလင်းသည် ကျွန်ုပ်၏ ရဲရဲတောက် စကားများကို နားထောင်၍ ခေါင်းညိတ်လိုက်ပြီး ...

"မင်းက အတော်ခေါင်းမာတဲ့ လူစားပဲ၊ ငါ့ရဲ့ စီလူလာထောင်ကလည်း ခေါင်းမာပါတယ်ဆိုတဲ့ လူတွေကို အရှည်



www.burmeseclassic.com

www.burmeseclassic.com



ပျော်သွားအောင် လုပ်တဲ့နေရာမှာ ထိပ်တန်းပဲ၊ မင်း ငါနဲ့ ထိပ်တိုက်မတွေ့အောင်နေပါ၊ စီလူလာထောင်က တစ်ကျွန်း ကျလာတဲ့ ဆိုးပေမိုက်ပေဆိုတဲ့ လူတွေကို လိမ္မာအောင် ပြုလုပ်ပေးတဲ့နေရာပဲ၊ ဒါကြောင့် ကမ္ဘာပေါ်မှာရှိတဲ့ ဘယ် ထောင်နဲ့မှ မတူဘူးဆိုတာ နားလည်ပါ၊ ကဲ ... မောင်မင်း သွားနိုင်ပြီ"

ဟု ဆိုကာ ကျွန်ုပ်ကို အခန်းထဲမှ သွားခွင့်ပေးလိုက် လေ၏။

ထိုနေ့က မက်ကောလင်းကို ရဲရဲဝံ့ဝံ့ ဆက်ဆံတဲ့ ကျွန်ုပ်၏သတင်းကို ထောင်တစ်ခုလုံးသို့ ပျံ့နှံ့သွားလေ၏။

မက်ကောလင်းကဲ့သို့ မြန်မာအကျဉ်းသားများအား ရက်ရက်စက်စက် နှိပ်ကွပ်တတ်သူသည် ကျွန်ုပ်ကို အဘယ်ကြောင့် ဘေးမဲ့ပေးလိုက်ခြင်းကို တစ်ထောင်လုံး နားမလည်နိုင်အောင်ရှိ လေ၏။





ကျွန်ုပ်သည် စီလူလာထောင်ထဲ၌ အင်္ဂလန်သို့ပို့ရ သော အိမ်ထောင်ပရိဘောဂများ လုပ်ကိုင်ရာနေရာ၌ အလုပ်ရ လေ၏။

ကျွန်ုပ်အား လက်သမားအလုပ်နှင့် ကျွမ်းဝင်အောင် ဦးရွှေကောင်း ဆိုသော လူကြီးက စတင်၍ ပညာသင်ကြားပေး လေ၏။

ထိုသို့သင်ကြားပေးရင်း ဦးရွှေကောင်းက ...

"ကိုယ့်လူရဲ့သတ္တိကတော့ ထောင်ထဲမှာ အတော်လူပြော များနေပြီ"

ဟု ပြောလေရာ ကျွန်ုပ်က ဦးရွှေကောင်းကိုကြည့် ၍ ...

"ထောင်မှူးကြီး မက်ကောလင်းက ကျုပ်ကို ဘေးမဲ့ပေး လိုက်တာ မယုံနိုင်စရာပဲ၊ ကျုပ်ကတော့ မဟုတ်မခံစိတ် ဓာတ်ကြောင့် တုံးတိုက်တိုက် ကျားကိုက်ကိုက် ရင်ဆိုင်ဖို့ ဆုံးဖြတ်ထားပြီးသား"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလေ၏။ ထိုအခါ ဦးချွေကောင်းက ...

"ခွေးသူခိုး မက်ကောလင်းရဲ့ စိတ်ဓာတ်ကို ကျုပ်ကောင်းကောင်းသိတယ်၊ ဒီကောင်ကြီးဟာ သူလုပ်လို့ရမယ့်လူနဲ့ လုပ်လို့မရမယ့်လူကို ကောင်းကောင်းခွဲခြားသိတယ်၊ မောင်ရင့်လို မဟုတ်မခံစိတ်ဓာတ်နဲ့ သတ္တိကောင်းတဲ့လူကိုသိရင် သူ့ကို ပြန်ဆော်မယ်ဆိုတာ သိတယ်၊ ဒါကြောင့် မောင်ရင့်ကို နားလည်ခွင့်လွှတ်သယောင်နဲ့ လက်ရှောင်ပေးလိုက်တာပဲ၊ ဒါပေမဲ့ ဒီကောင်ကြီးကို လျှော့မတွက်နဲ့၊ သတိထားပြီးနေဖို့လိုတယ်၊ ငါ့အထင် ထောင်ထဲမှာ မက်ကောလင်းကို ကြိုက်တဲ့သူ ဘယ်သူမှမရှိဘူး၊ ထောင်တစ်ခုလုံးဟာ မက်ကောလင်းကို သတ်ချင်တဲ့သူတွေချည်းပဲ"

ဟု ပြောလေရာ ကျွန်ုပ်က သက်ပြင်းချ၍ ...

"ဒီကောင်ကြီးက ကျုပ်ထင်ထားတာထက်တောင် ပိုပြီး လူမှန်းများနေပြီ"

ဟု ပြောလေ၏။ ထိုအခါ ဦးချွေကောင်းက ...





"လူမှန်းများတာလည်း မပြောနဲ့လေ၊ မက်ကောလင်း ဘယ်လောက်ဆိုးတယ်ဆိုတာ မင်းကို ငါ လက်တွေ့သက်သေပြမယ်၊ ငါနဲ့ လိုက်ခဲ့"

ဟု ဆိုကာ လက်သမားရုံမှ ယာခင်းများရှိရာဘက်သို့ ကျွန်ုပ်ကို ခေါ်ဆောင်သွားလေ၏။

ယာခင်းတစ်နေရာရှိ တဲအိမ်ကလေး၌ အကျဉ်းသားတစ်ဦးကို ဘဝတူများက ဝိုင်းဝန်းပြုစုနေကြောင်း တွေ့ရ၏။ အကျဉ်းသား၏ အင်္ကျီတစ်ခုလုံး သွေးများဖြင့် မြင်မကောင်းအောင် စိုရွှဲနေလေ၏။

ထိုအကျဉ်းသားသည် သူ၏ပါးစပ်ကို လက်ဖြင့်အုပ်၍ နာကျင်စွာ ညည်းညူ နေလေ၏။

အကျဉ်းသားများသည် ကျွန်ုပ်ကို မြင်သောအခါ အားကိုးတကြီး အမှုအရာဖြင့် ...

"ဒီမှာ ကြည့်ပါဦးဗျာ၊ ခွေးသူခိုးကြီး ဘယ်လောက်ရက်စက်တယ်ဆိုတာ"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလေရာ ကျွန်ုပ်က အကျဉ်းသားကိုကြည့်၍ ...

"ဘယ်လိုဖြစ်တာလဲဗျာ၊ သွေးတွေက မနည်းပါလား"

ဟု မေးမြန်းလိုက်လေ၏။ ထိုအခါ အကျဉ်းသားတစ်ဦးက ...

"ဒီလူက ဓားပြမှုနဲ့ ရောက်လာတဲ့ နှစ်ကြီးအကျဉ်းသား ဝင်းစိုး ဆိုတဲ့ကောင်ပါ၊ ဝင်းစိုးဟာ သခင်ကြီးရဲ့တပည့်ကျော် ဗညား ဆိုတဲ့ ကောင်လေးကို လွှန်ခဲ့တဲ့ရက်က လက်သီးနဲ့ထိုးလိုက်လို့ သွားတစ်ချောင်း ကျိုးသွားတယ်၊ တကယ်တော့ ဗညားက ဝင်းစိုးရဲ့မိန်းမကို ထိကပါး ရိကပါးလုပ်လို့ ဝင်းစိုးက လက်သီးနဲ့ ထိုးလိုက်တာပါ"

ဟု ပြောလိုက်ရာ ကျွန်ုပ်သည် ထိုသူနှစ်ဦး၏ ရန်ပွဲဖြစ်ပွားရခြင်း၏ အဓိကအချက်ကို ရိပ်စားမိသွားလေ၏။

ထောင်ထဲသို့ ရောက်ရှိနေသူများသည် မိန်းမများနှင့် ခွဲခွာနေသဖြင့် ထောင်သားအချင်းချင်း နားလည်မှုယူပြီး





မိန်းမယူသော စရိုက်သဘာဝရှိ၏။ ထိုမိန်းမများကို လုယက်ပြီး ထောင်သားအချင်းချင်း လူသတ်မှုများပင် ဖြစ်ပွားကြ၏။ ကျွန်ုပ်က အကျဉ်းသား၏စကားကို ဆက်၍နားထောင်လေ၏။ အကျဉ်းသားက

"ဗညားကို လက်သီးနဲ့ထိုးတဲ့အတွက် ထောင်မှူးကြီးက ဝင်းစိုးကိုခေါ်ပြီး ငါ့တပည့်ကို သွားကျိုးအောင် လုပ်တဲ့အတွက် မင်းကိုလည်း သွားကျိုးအောင် ပြန်လုပ်ရမယ်ဆိုပြီး ဝင်းစိုးကို သူကိုယ်တိုင် ပလာယာနဲ့ သွားတွေနုတ်ပေးလိုက်တာ"

ဟု ပြောလေရာ ကျွန်ုပ်သည် ထောင်မှူးကြီး မက်ကောလင်း၏ ရက်စက်ပုံကို မျက်ဝါးထင်ထင် မြင်ရသဖြင့် ၎င်းကို အမွှန်စက်ဆုပ်ရွံရှာသွားမိ၏။ ထို့ကြောင့် လက်သီးကိုကျစ်ကျစ်ပါအောင်ဆုပ်၍ ...

"တောက် ... ငါတို့နိုင်ငံကို နယ်ချဲ့အစိုးရက ဖိနှိပ်ချုပ်ချယ်ထားတဲ့အတွက် တစ်နိုင်ငံလုံး တုံးအောက်ကဖား



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေချိန်မှာ အပြစ်ဒဏ်စံရတဲ့ ငါတို့လို အကျဉ်းသား တွေကို ထောက်ထားညှာတာမှု မရှိဘဲ ထောင်ထဲမှာတောင် လိုက်ပြီးတော့ ရက်ရက်စက်စက် ဖိနှိပ်ချုပ်ချယ်နေတာပဲ၊ ဒီလိုလူမျိုးကို ထောင်မှူးကြီးဘဝမှာ မထားသင့်ဘူး၊ ဘုရားသခင်ဆီမှာ အိပ်ပျော်နိုင်းလိုက်ဖို့ပဲ ကောင်းတယ်"

ဟု ပြောလိုက်ရာ ဦးရွှေကောင်းက မျက်လုံးပြူး၍ လက်ညှိုးကို နှုတ်ခမ်း၌ကပ်ကာ ...

"စီလူလာထောင်မှာ စကားကို လွယ်လွယ်မပြောနဲ့ ငွေသိုက်၊ ဒီထဲမှာ ဘယ်သူ့ကိုမှ မယုံရဘူး၊ ကုန်ကုန်ပြောရရင် ငါလိုလူကိုတောင် မယုံနဲ့ကွာ၊ ဒီလိုနေရင် မင်းအသက်ရှည်လိမ့်မယ်၊ အပြောအဆို ဆင်ခြင်ကွ၊ စီလူလာမှာ လူတစ်ယောက်ကို ရှင်းချင်ရင် လွယ်လွယ်လေး ရှင်းလို့ရတယ်"

ဟု ပြောလေ၏။ ကျွန်ုပ်သည် စီလူလာထောင်၌ ထောင်သားအလုပ်များကို လုပ်ကိုင်ရင်း အချိန်ကုန်ရလေ၏။





ကျွန်ုပ်သည် အလုပ်ထဲတွင်သာဖိပြီး ဘဝကိုမြှုပ်နှံထားမိ၏။

ကျွန်ုပ်၏ခေါင်းထဲသို့ အတွေးတစ်ခု ဝင်လာသည့်အခါတိုင်း ထိုအတွေးသည် မြန်မာပြည်၌ ကျန်ရစ်သော မမိုးကို သတိရလွမ်းဆွတ်သော အတွေးပင်ဖြစ်၏။

တစ်နေ့တွင် ကျွန်ုပ်၏လက်သမားရုံသို့ လွှစာမှုန့်များ လာရောက်တောင်းယူသော အကျဉ်းသားနှစ်ယောက်အနက် တစ်ယောက်ကိုကြည့်၍ ဦးရွှေကောင်းက ...

"ဟေ့ကောင် ... မင်းက ဓာတ်မင်းသား မဟုတ်လား"

ဟု မေးမြန်းလိုက်ရာ ထိုသူက ...

"ဟုတ်ပါတယ်ဗျာ၊ ဘာဖြစ်လို့ မေးတာလဲ"

ဟု ပြန်လည်မေးမြန်းလေ၏။

ထိုအခါ ဦးရွှေကောင်းက ကျွန်ုပ်ဘက်သို့လှည့်၍...

"ငွေသိုက်ရေ ... ဓာတ်မင်းသားကို မေးကြည့်ပါဦး၊ ရွှေသူခိုးကြီး မက်ကောလင်းက အာခေါင်ကို မီးပူနဲ့ထိုးလွှတ်တဲ့လူလေ"



www.burmeseclassic.com

www.burmeseclassic.com

ဟု ပြောလေရာ ဓာတ်မင်းသား ဆိုသူက ပတ်ဝန်းကျင်ကို မသိမသာ မျက်လုံးဝေ့ကြည့်၍ ...

"ပြန်မပြောချင်ပါဘူးဗျာ၊ တော်ကြာ ဒီပတ်ဝန်းကျင်မှာ သူ့လူတွေရှိရင် ကျုပ်ကို နောက်တစ်ကြိမ် အာခေါင်ကို မီးနဲ့ပြန်ထိုးခံရဦးမယ်"

ဟု ပြောလေ၏။

ဦးရွှေကောင်းက ဓာတ်မင်းသား၏ ပခုံးကိုဖက်ကာ ...

"မကြောက်ပါနဲ့ကွာ၊ ငါ့ရဲ့လက်သမားရုံမှာ သူလျှိုမရှိပါဘူး၊ ဟောဒီက မောင်ငွေသိုက်က ထောင်မှူးကြီးမက်ကောလင်း အကြောင်းကို လေ့လာနေလို့ကွ"

ဟု ပြောလိုက်ရာ ဓာတ်မင်းသား ဆိုသူအ သက်ပြင်းချ၍ ...

"ကျုပ်က ထောင်မကျခင်တုန်းက ဓာတ်မင်းသား လုပ်နေတာ၊ ဓာတ်ကရင်း ဓာတ်ဆရာက မိုက်ရိုင်းပြီး လူ့ပါးဝ





တာနဲ့ ငှက်ကြီးတောင်ဓားနဲ့ ခုတ်လိုက်မိတာ၊ ကျုပ်က ဓာတ်မင်းသားမှန်း မက်ကောလင်းကသိတော့ မြန်မာ့အကတွေကို စိတ်ဝင်စားတယ်ဆိုပြီး ကျုပ်ကို မကြာခဏ ခေါ်ကခိုင်းတယ်၊ ကျုပ်လည်း မြန်မာ့ဓာတ်သဘင်ကို နိုင်ငံခြားသားတွေက စိတ်ဝင်စားတယ်ဆိုတော့ အားကြိုးမာန်တက်ကပြမိပါတယ်၊ ကျုပ်မှာရှိတဲ့ အဝတ်အစားတွေကို မက်ကောလင်းက မြန်မာပြည်က မှာပေးခဲ့တယ်၊ ကျုပ်ရဲ့ဓာတ်ဝတ်ဓာတ်စားတွေ ပြည့်စုံတဲ့အခါ မက်ကောလင်းဟာ မျက်နှာဖြူမိတ်ဆွေတွေခေါ်ပြီး မြန်မာအကကို ကျကျနနကြည့်တယ်၊ ပြီးတော့ မြန်မာအကကို ရစရာမရှိအောင်ဝေဖန်ကဲ့ရဲ့တော့တာပဲ၊ ကျုပ် ကနေတုန်း ပါးကိုဖြန်းခနဲချပြီး မင်းရဲ့အကကို ပြုပြင်ပြီးကလို့ မရဘူးလား၊ မြန်မာအကကို ကြည့်ရတာ သိပ်ပြီးတော့ မျက်စိနောက်တယ်၊ လက်တွေကို ကွေးညွတ်ပြီးကနေတော့ မျောက်က ကနေသလိုပဲတဲ့"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလေရာ ကျွန်ုပ်သည် ထောင်မှူးကြီး၏ မိုက်ရိုင်းပုံကို ဒေါသဖြစ်လွန်း၍ ...

"ဒီလူကြီး အတော်ယုတ်မာပါလား။ သူတစ်ပါးတိုင်းပြည်က အမျိုးသားအကကို စော်ကားတာ လူကြီးလူကောင်းတစ်ယောက်ရဲ့စိတ်ဓာတ် မဟုတ်ဘူး၊ မြန်မာအမျိုးသားအကကို လူလယ်ကောင်မှာခေါ်ပြီး နှိမ်ချနေသလိုပဲ"

ဟု ပြောလိုက်ရာ ဓာတ်မင်းသားက သက်ပြင်းချ၍ ...

"အဟုတ်ပါပဲဗျာ၊ ကျုပ်ကို ဓာတ်ဝတ် ဓာတ်စားတွေနဲ့ သူတို့လူမျိုးတွေရဲ့ ဒန့်အကကို ကခိုင်းတယ်၊ ကျုပ်က မကတတ်ဘူးလို့ ငြင်းဆန်တဲ့အခါမှာ လူလယ်ကောင်မှာ သူ သိက္ခာကျအောင် ပြန်ပြောတယ်ဆိုပြီး ကျုပ်ကို ရက်ရက်စက်စက် အပြစ်ဒဏ်ပေးတော့တာပဲ၊ သူ့ရဲ့ရုံးခန်းထဲခေါ်ပြီး ကျုပ်ကို မျက်လုံးမှိတ်ခိုင်းတယ်၊ မျက်လုံးမှိတ်ပြီးတဲ့အခါမှာ ပါးစပ်ကို ဟခိုင်းတယ်၊ ပြီးတော့ သူ့ရဲ့သောက်





လက်စ မီးရဲရဲတောက်နေတဲ့ ဆေးပြင်းလိပ်ကြီးကို ကျုပ်အာခေါင်ထဲ ထိုးစိုက်လိုက်တယ်၊ ကျုပ်လည်း နာကျင်လွန်းလို့ ငယ်သံပါအောင် အော်ရတယ်၊ ဆယ်ရက်လောက် ထမင်းမစားနိုင်ဘူး၊ ဒီအချိန်ကစပြီး မြန်မာအကကို စိတ်နာလွန်းလို့ ကျုပ် မကတော့ဘူး"

ဟု ပြောလေ၏။ ဓာတ်မင်းသားရဲ့စကားအဆုံး၌ ကျွန်ုပ်က အံကိုကြိတ်၍ ...

"ဒီကောင်ကြီး လုပ်သလို ထောင်သားတွေက ခေါင်းငုံ့ပြီး ခံနေရသလား၊ အထက်က အာဏာပိုင်တွေကို မတိုင်ဘူးလား"

ဟု မေးမြန်းလေ၏။ ဦးရွှေကောင်းက ခေါင်းခါယမ်း၍ ...

"တစ်ကျွန်းမှာ ဒီလိုအမှုမျိုး တိုင်လို့မလွယ်ဘူးကွ၊ ကျွန်းမင်းကြီးကို ထောင်မှူးကြီး မက်ကောလင်း သိပ်ပိုင်တယ်၊ ငါတို့အကျဉ်းသားတွေပဲ မြေဇာပင်ဖြစ်လိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလေ၏။

ထိုအခါ ဓာတ်မင်းသားက ...

"ခွေးသူခိုးကြီး မိုက်ရိုင်းတာတော့ ကမ်းကုန်တယ်၊ လွန်ခဲ့တဲ့လတုန်းက ဒိုဘီတုန်းက အကျဉ်းသားတစ်ယောက်က ထောင်ထမင်း ထောင်ဟင်းက ညံ့တယ်လို့ ပြောတဲ့စကားဟာ ထောင်မှူးကြီး မက်ကောလင်း နားကို ပေါက်သွားတယ်၊ သူဟာ ကြားကြားချင်း ထောင်ထဲကို ဒေါသတကြီးဝင်လာပြီး ဒိုဘီတုန်းက အကျဉ်းသားအားလုံးရဲ့ ပုံစံခွက်တွေကို ဖိနပ်နဲ့တက်နင်းပြီး တစ်ယောက်ချင်း လက်သီးနဲ့ ခေါ်ထိုးတယ်။ သူလိုသန်မာထွားကျိုင်းတဲ့ လူထွားကြီးတစ်ယောက်က အစာမစားရသေးတဲ့ အကျဉ်းသားတွေကို ထိုးတာ အကျဉ်းသားတွေ ဘယ်ခံနိုင်မှာလဲ၊ နှုတ်ခမ်းကွဲပြီး နှာခေါင်းရိုးကျိုးတဲ့လူနဲ့ အားလုံးထိခိုက်ဒဏ်ရာ ရကုန်တာပဲ"





ဟုပြောလေရာ ကျွန်ုပ်သည် မဟုတ်မခံ စိတ်ဓာတ်ရှိသူဖြစ်သဖြင့် အံကိုကြိတ်ကာ ...

"ဒီကောင်ကြီး ထောင်ထဲကို ဝင်လာတဲ့အခါ အသေအကြေ ဝိုင်းရိုက်တဲ့သူ မရှိဘူးလား"

ဟု မေးမြန်းလေ၏။ ဦးရွှေကောင်းက သက်ပြင်းချရင်း ...

"ထောင်ထဲမှာ သေဝံ့ သတ်ဝံ့တဲ့ကောင်တွေ အများကြီးရှိတယ်၊ ခွေးသူခိုးကြီး မက်ကောလင်းက ပိုပြီးလည်တယ်၊ သူ ထောင်ထဲဝင်လာရင် လက်နက်တွေအားလုံး အနီးမှာ မထားရဘူး၊ သူ့နောက်မှာလည်း တုတ်ထမ်းထားတဲ့ ကုလားဗာယာတွေ အများကြီးပါလာတယ်၊ ဒီကောင်ကြီးကို လုပ်ကြံရင် ကိုယ့်သေတွင်း ကိုယ်တူးသလိုဖြစ်မယ်"

ဟု ပြောလေ၏။

ထိုနေ့ညသို့ ရောက်သောအခါ ကျွန်ုပ်သည် တစ်ညလုံး အိပ်မပျော်ဘဲ အကျဉ်းသားများကို ညှဉ်းပန်းနှိပ်စက်နေသော ထောင်မှူးကြီးမက်ကောလင်း၏ မျက်နှာကို မြင်ယောင်နေမိ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် နံနက်အရုဏ်ကက်ချိန်နီးသောအခါမှ ပင် အိပ်ပျော်သွားလေ၏။

ကျွန်ုပ် အိပ်ပျော်သွားသောအခါ စိတ်ခွဲလမ်းမှုကြောင့် ဖနီးသည် မမိုးသူကို မြင်မက်လေ၏။

အိပ်မက်ထဲ၌ မမိုးသူကို မျက်နှာဖြူ လူကြီးတစ်ဦးက မတော်မတရား ပြုကျင့်ရန် ကြံစည်နေ၏။

ကျွန်ုပ်သည် မျက်နှာဖြူလူကြီးကို ဒေါသတကြီး သတ်ဖြတ်ရန် ကြံစည်လိုက်ရာ ထိုသူသည် စီလူလာထောင်မှ ထောင်မှူးကြီး မက်ကောလင်း ဖြစ်နေလေ၏။ ကျွန်ုပ်သည် မက်ကောလင်းကို ဒေါသတကြီးကြည့်၍ ...

"ခွေးသူခိုးကြီး၊ စီလူလာထောင်က အကျဉ်းသားတွေကို ဒုက္ခပေးရုံမကဘူး၊ ငါ့မိန်းမကိုပါလာပြီး စော်ကားနေတယ်၊ သေပေတော့"

ဟု ကြုံးဝါးကာ ငှက်ကြီးတောင်ဓားဖြင့် တစ်ချက် တည်း ပိုင်းဖြတ်လိုက်လေ၏။





ထိုအခါမှပင် ကျွန်ုပ် အိပ်ရာမှ လန့်ပြီးနိုးလာလေ၏။

ထောင်မှူးကြီးမက်ကောလင်းသည် ကျွန်ုပ်၏အိပ်မက်ထဲသို့ပင် ဝင်ရောက်ပြီး ဖနီးသည်ကို စော်ကားနေလေ၏။

✤ ✦ ✤

ဝေဖန်စာ၊ အကြံပေးစာများ ရေးသားလိုပါလျှင်
မင်းမြတ်သူရ
အမှတ်-၇၊ အသောကလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်သို့
လိပ်မူ၍ ပေးပို့နိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် စီလူလာထောင်၌ တစ်လပြီးတစ်လ ကုန်လွန်ခဲ့၏။

တစ်နေ့တွင် အကျဉ်းသားများအား နေ့လယ်စာ ကျွေးသောအချိန်၌ စံဖေ ဆိုသော အကျဉ်းသားသည် မိမိရရှိသော အသားနည်းသည်ဆိုကာ ဖိုကြီး၌ ထမင်းထည့်ပေးသော မောင်အုန်း ကို ရက်ရက်စက်စက် ရိုက်နှက်လေ၏။

မောင်အုန်း တစ်ကိုယ်လုံးတွင် သွေးများချင်းချင်းနီ နေပြီး "ကယ်ပါဦးဗျို့"ဟု အောင်းပန်နေသော်လည်း စံဖေကြီး ကို မယှဉ်ဝံ့သဖြင့် မည်သူမျှ ဝင်မတားဝံ့ချေ။





ထိုအချိန်၌ ထောင်ဝါဒါများလည်း အနားမှာ မရှိဘဲ ဖြစ်နေ၏

ကျွန်ုပ်သည် မောင်အုန်းကို ရက်ရက်စက်စက် ထိုး နှက်နေသော စံဖေကြီး၏ လုပ်ရပ်ကို လက်ပိုက်ကြည့်ပြီး မနေနိုင် တော့ချေ။

ထို့ကြောင့် စားလက်စကိုရပ်၍ စံဖေကြီးအနီးသို့ သွားကာ ...

"ငါ့မျက်နှာကို သေသေချာချာကြည့်စမ်း၊ မတရားတာမြင် ရင် လက်ပိုက်ကြည့်မနေဘူး"

ဟု ပြောကာ စံဖေကြီး၏ မျက်နှာကို လက်သီးဖြင့် အားကုန်ထိုးလိုက်၏။ စံဖေကြီးသည် ကျွန်ုပ်၏လက်သီးကြောင့် အနောက်သို့ ယိုင်သွား၏။ စံဖေကြီးသည် အလွန်သန်မာထွား ကျိုင်းပြီး လက်ဝှေ့ကျော်တစ်ဦး ဖြစ်သည်ဟု ကြားဖူး၏။

ကျွန်ုပ်၏ ဝင်ရောက်တားဆီးမှုကြောင့် စံဖေကြီးသည် ဒေါသမီး တောက်လောက်သွားပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"ငါ့ကို လာစမ်းတယ်ပေါ့၊ ဟုတ်လား၊ သေပေတော့"

ဟုဆိုကာ ကျွန်ုပ်ကို ပြန်လည်တိုက်ခိုက်လေ၏။

ကျွန်ုပ်သည် လူအချင်းချင်း တိုက်ခိုက်သတ်ပုတ်သည့်နေရာ၌ အလွန်ကျင်လည်ပြီး သိုင်းပညာကိုလည်း ကျွမ်းကျွမ်းကျင်ကျင် တတ်မြောက်၏။

ထို့ကြောင့် စံဖေကြီးကို အထိနာအောင် အသာစီးမှ ထိုးနှက်နိုင်၏။ ထိုအခိုက်မှာပင် ထောင်ဝါဒါများ ရောက်လာပြီး ကျွန်ုပ်တို့နှစ်ဦးကို လူချင်းခွဲလိုက်လေ၏။

စံဖေကြီးသည် ကျွန်ုပ်၏ လျင်မြန်သော တိုက်ကွက်များကြောင့် များစွာအထိနာသွားလေ၏။

ထို့ကြောင့် လွန်စွာမကျေမချမ်း ဖြစ်သွားပြီး ...

"ဟေ့ကောင် ... ငွေသိုက်၊ မင်း ငါ့အကြောင်း သိစေရမယ်၊ ထမင်းဝဝစားထားပေတော့"

ဟု ကြုံးဝါးလေ၏။ ကျွန်ုပ်က လက်ခမောင်းကို တဖြောင်းဖြောင်း ခတ်လိုက်ပြီး ...





"အချိန်မရွေးပဲ စံဖေ၊ ငွေသိုက်က စိန်ခေါ်ရင် အိမ်ပေါ်ထိ လိုက်မယ့်ကောင်"

ဟု ပြန်လည်စိန်ခေါ်လိုက်လေ၏။ ဤသို့ဖြင့် ကျွန်ုပ်နှင့် စံဖေကြီးသည် ရန်ငြိုးကြီးစွာ ဖွဲ့မိခဲ့၏။

တစ်နေ့တွင် ကျွန်ုပ်နှင့် စံဖေကြီးသည် ထောင်အတွင်း စိုက်ခင်း၌ တွေ့ပြန်၏။ ဤအချိန်၌ ကျွန်ုပ်တို့အနီး၌ ထောင်ဝါဒါများ မရှိချေ။ စံဖေကြီးက ကျွန်ုပ်ကို လက်သီးဆုပ်ပြ၍ ...

"ဝါဒါတွေမရှိတုန်း မင်းနဲ့ငါ ဘယ်သူဗိုလ်လဲဆိုတာ စမ်းကြရအောင်"

ဟု ပြောလေရာ ကျွန်ုပ်က သဘောကျဟန်ဖြင့် ရယ်မော၍ ...

"စိန်ခေါ်ရင် တိမ်ပေါ်အထိလိုက်မယ့် ငွေသိုက်"

ဟု ဆိုလိုက်ရာ စံဖေကြီးသည် ကျွန်ုပ်ကို တစ်ဟုန်ထိုးပြေးဝင်၍ ခွန်အားဗလအားကိုးနှင့် ချုပ်ကိုင်ထားရန် ကြိုးပမ်း၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် တစ်ဟုန်ထိုးပြေးလာသော စံဖေကြီးကို ကြည့်၍ အသက်ကို တစ်ဝကြီးရှူလိုက်၏။

ထို့နောက် ကျွန်ုပ်၏ညာခြေကို အသင့်ပြင်ထားလိုက်ပြီး စံဖေကြီး နီးလာသောအခါ ရင်ဝကို ဖနောင့်နှင့် ဆီးပေါက်လိုက်၏။ စံဖေကြီးသည် ကျွန်ုပ်၏အနီးသို့ ရောက်သည်နှင့် ဖနောင့်စာမိပြီး မြေပေါ်သို့ ဗိုင်းခနဲ လဲကျသွားလေ၏။

ကျွန်ုပ်သည် ခြေကန်ချက်ကို စိတ်ချသဖြင့် အနောက်သို့ပင် လှည့်မကြည့်ဘဲ ကျောခိုင်းထွက်ခွာလာခဲ့၏။ စံဖေကြီး၏လူများသည် မယုံနိုင်ဟန်ဖြင့် စံဖေကြီးကို ပြေးပွေ့လိုက်သောအခါ စံဖေကြီးသည် မေ့မြောနေပေပြီ။

ကျွန်ုပ်နှင့် စံဖေကြီး တိုက်ခိုက်သောသတင်းသည် စီလူလာထောင် တစ်ခုလုံးသို့ ပျံ့နှံ့သွားလေ၏။

စံဖေကြီးနှင့် ကျွန်ုပ်၏တိုက်ခိုက်မှုကို မျက်မြင်ကိုယ်တွေ့ ကြုံသူများက ကျွန်ုပ်၏တိုက်ခိုက်ပုံကို အားပါးတရ ချီးမွမ်းပြောဆိုကြ၏။





မောင်တုတ်ဆိုသော အကျဉ်းသားက ကျွန်ုပ်တို့ တိုက်ပွဲကို အောက်ပါအတိုင်း သရုပ်ဖော်လေ၏။

"စံဖေကြီးက ကျားခနဲအော်ပြီး နွားရိုင်းကြီးလို တစ်ဟုန်ထိုးပြေးလာတာကွ၊ သူ့ရဲ့ပုံစံကိုကြည့်ရတာ ဘေးကရပ်ကြည့်နေတဲ့ သူတွေတောင် ကြောက်ဖို့ကောင်းတယ်၊ ဒါပေမဲ့ ကိုငွေသိုက်ကတော့ တုန်လှုပ်ချောက်ချားပုံ မရဘူး၊ အေးအေးလေးပဲ ရပ်ကြည့်နေတယ်ကွ၊ စံဖေကြီး အနီးရောက်တော့မှ ကိုငွေသိုက်က ဖနောင့်နဲ့ တစ်ချက်တည်းပေါက်ထည့်လိုက်တာ စံဖေကြီး နောက်ပြန်လန်ပြီး မြေပေါ်ကို ဗိုင်းခနဲ ကျသွားတယ်၊ ကိုငွေသိုက် ဘယ်လောက်ထိ သူ့ခြေဖနောင့်ကို စိတ်ချသလဲဆိုရင် စံဖေကြီးကို ဒိုင်းခနဲ ကန်ထည့်လိုက်ပြီး လှည့်ကိုမကြည့်တော့ဘူး၊ တစ်ခါတည်း ကျောခိုင်းထွက်သွားတာကွ၊ ကြည့်လို့ကောင်းလိုက်တာကွာ၊ သွေးအေးလိုက်တာလည်း ရေခဲတုံး ကျနေတာပဲ၊ သူက



www.burmeseclassic.com

www.burmeseclassic.com



ပညာရှင်အစစ်ကွ၊ နောင်ဆိုရင်တော့ စံဖေကြီးဟာ ကိုရွှေ သိုက်ကို စိန်ခေါ်ဝံ့မှာ မဟုတ်တော့ဘူး”

ဟု ပြောလေတော့၏။ ထိုအကျဉ်းသား၏စကား မှန်ကန်၏။ စံဖေကြီးသည် ကျွန်ုပ်ကို ကိုယ်ထိလက်ရောက် စိန်ခေါ်ခြင်း မရှိတော့ချေ။

သို့သော်လည်း ကျွန်ုပ် အိပ်ပျော်နေစဉ် အဝေးမှ ဓားဖြင့်လှမ်းပစ်ခြင်းကို ခံရ၏။

စီလူလာထောင်အတွင်းသို့ ဓားတစ်ချောင်းကို မည်သည့်နည်းနှင့် သွင်းလာသည် မသိချေ။

ကျွန်ုပ် ကံကောင်းထောက်မလွန်းသဖြင့် ဓားသည် ခန္ဓာကိုယ်နှင့် တစ်ထွာခန့်အကွာမှာ သွားစိုက်၏။

ထိုသတင်းကို စီလူလာ ထောင်မှူးကြီး မက်ကောလင်း ကြားသိသောအခါ ကျွန်ုပ်အား လက်သမားရုံမှ နာရီပစ္စည်းများ တပ်ဆင်သော ဌာနသို့ ပို့လိုက်လေ၏။





ထိုဌာန၌ အိန္ဒိယမှ နာရီအစိတ်အပိုင်းများ တင်ပို့၍ ထောင်တွင်း၌ တပ်ဆင်ကာ မြန်မာပြည်၊ ယိုးဒယားပြည် စသော နိုင်ငံအချို့ကို တင်ပို့လေ၏။ ထိုနေရာသို့ ရောက်သောအခါ ကျွန်ုပ်သည် မိတ်ဆွေဖြစ်သူ ဦးရွှေကောင်းနှင့် ခွဲခွာလာခဲ့ရလေ၏။ ဦးရွှေကောင်းကဲ့သို့ ထောင်အတွေ့အကြုံ ရင့်ကျက်ပြီး အသိဉာဏ် ရှိသော ပုဂ္ဂိုလ်တစ်ဦးနှင့် မခွဲချင်ဘဲ ခွဲခွာလာခဲ့ရ၏။ ဦးရွှေကောင်းက ကျွန်ုပ်၏ပခုံးကိုပုတ်၍ ...

“ငါတို့တွေ စီလူလာထောင်ထဲမှာ မကြာခင်က တွေ့လို့ရပါတယ်ကွာ၊ ငါ့အထင် ပြောရရင် မင်းနဲ့ ငါ မကြာမီမှာ အရေးကြီးတဲ့ ကိစ္စတစ်ခုနဲ့ တွေ့ကြုံရဦးမှာပါ”

ဟု ပြောလေရာ ကျွန်ုပ်က ဦးရွှေကောင်းကို နားမလည်ဟန်ဖြင့် ...

“ကျုပ်ကို အရေးကြီးတဲ့ကိစ္စနဲ့ တွေ့ရမယ် ဟုတ်လား၊ ဘာကိုပြောတာလဲ”

ဟု မေးမြန်းလေ၏။ ဦးရွှေကောင်းက ရယ်မော၍



www.burmeseclassic.com

www.burmeseclassic.com



"မကြာခင်မီ မင်း သိလာမှာပါ၊ လောကကြီးမှာ အချို့သော အရာတွေဟာ ကြိုတင်ပြီး သိမြင်မထားရင် ကောင်းတယ်ကွ၊ အချိန်ကို စောင့်ပါဦးကွ"

ဟု ပြောလိုက်လေ၏။

ဤသို့ဖြင့် ကျွန်ုပ်သည် နာရီတပ်ဆင်သောဌာနသို့ ရောက်ရပြန်၏။ နာရီတပ်ဆင်ရာဌာန၌ အလုပ်သမားစုစုပေါင်း (၁၅)ယောက်ရှိ၏။ နာရီများကို ဦးဆောင်၍ တပ်ဆင်ပြသူမှာ အိန္ဒိယလူမျိုး အဘိုးကြီး နာရာဆင်း ဖြစ်၏။

နာရာဆင်းသည် ဦးရွှေကောင်း ကဲ့သို့ပင် ထောင်အတွေ့အကြုံများသော်လည်း အေးဆေးစွာ နေထိုင်တတ်သူဖြစ်၏။

နာရာဆင်းသည် သမီးကို စော်ကားသော သမက်ကို သတ်ဖြတ်၍ တစ်ကျွန်းရောက်လာသူဖြစ်၏။

တစ်ကျွန်းသို့ ရောက်သောအခါ အေးဆေးစွာ နေထိုင်ပြီး ပုလဲဥပ်သော အလုပ်ကို လုပ်ကိုင်၏။ နာရာဆင်းသည်





ပင်လယ်ရေနက်ထဲမှ ရရှိထားသော ပုလဲများကို လျှို့ဝှက်ပြီး စုဆောင်းထားသည် ဆို၏။

နာရာဆင်း စုဆောင်းထားသော ပုလဲများ၏ လျှို့ဝှက်ချက်ကို ထောင်သားတစ်ယောက်က ထောင်အာဏာပိုင်များကို ပြောလိုက်၏။ ထို့ကြောင့် နာရာဆင်းသည် ပုလဲများ အားလုံး ဆုံးရှုံးကုန်လေ၏။

နာရာဆင်းက သူ၏ဘဝအကြောင်းကို ပြောပြရင်း...

"ပုလဲတွေကို ငါ့သမီးလေးအတွက် စုဆောင်းထားတာကွ၊ ဒီလိုရဖို့အတွက် ခက်ခက်ခဲခဲ စုဆောင်းထားရတယ်၊ ဒါကို ဒီကောင်က မျက်နှာလို မျက်နှာရလုပ်ပြီး ကျွန်းလုံခြုံရေး အဖွဲ့ကို သတင်းသွားပို့တယ်၊ ကျွန်းလုံခြုံရေးကောင်တွေက ငါ့လုပ်အားနဲ့ရတဲ့ ပုလဲတွေမှန်းသိရက်နဲ့ ငါ့ပစ္စည်းတွေကို သိမ်းဆည်းခဲ့တယ်၊ ဒါကြောင့် ဒီကောင့်ကို ငါသတ်လိုက်တာပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလေ၏။ နာရာဆင်းသည် စီလူလာထောင်၌ (၁၀)နှစ်တိတိ နေထိုင်ရမည်ဆို၏။

နာရာဆင်း၏ လွှတ်ရက်သည် တဖြည်းဖြည်းနီးလာသော်လည်း သူသည် စီလူလာထောင်၌ နာရီများနှင့် ပျော်မွေ့နေ၏။

နာရာဆင်းသည် သမီးဖြစ်သူနှင့် နေထိုင်စဉ်က နာရီပြင်ဆရာအဖြစ် အသက်မွေးဝမ်းကျောင်းသည်ဆို၏။

ကျွန်ုပ်သည် နာရာဆင်း သင်ပြသော နာရီပစ္စည်းများကို တစ်ခဏချင်းပင် သဘောပေါက်သွားပြီး နာရီတပ်ဆင်သောအလုပ်ကို ကျွမ်းကျင်စွာ လုပ်ကိုင်နိုင်ခဲ့၏။

ထိုအလုပ်သည် ပင်ပန်းခြင်း မရှိသော်လည်း တစ်ပတ်ခန့် လုပ်ကိုင်ကြည့်သောအခါ အလွန်ငြီးငွေ့ဖွယ် ကောင်းကြောင်း တွေ့ရ၏။ ထိုအခါ အဘိုးကြီး နာရာဆင်းက ...

"ဒီအလုပ်က အလုပ်ကြမ်း မဟုတ်ပေမယ့် ထောင်ထဲမှာ တစ်နေရာတည်း နေပြီးတော့ နာရီတွေ တစ်လုံးပြီးတစ်လုံး တပ်ဆင်နေရတာ ငြီးငွေ့ဖို့ကောင်းတာ အမှန်ပဲ၊ တကယ်





တော့ အလုပ်ကြမ်းတွေက ပင်ပင်ပန်းပန်း လုပ်ကိုင်ရပေမယ့် ဟိုသည်သွားလာခွင့်ရှိတဲ့အတွက် စိတ်ပင်ပန်းတာကို ပြေပျောက်နိုင်နေပြီ၊ ငါ့အတွက်တော့ ဒီခံစားချက်တွေဟာ ရိုးအီနေပါပြီ၊ ဒီလိုခံစားမှုတွေကို ပြေပျောက်စေမယ့်နည်းကတော့ နာရီတွေကို စိတ်ဝင်စားဖို့ပဲ၊ သံပတ်ပေးထားတဲ့ ခွေးသွားစိပ်ကလေးတွေ တရွေ့ရွေ့သွားလာရုံနဲ့ နာရီ၊ မိနစ်၊ စက္ကန့်တွေ ဖြစ်ပေါ်နေတာ အံ့သြစရာ မကောင်းဘူးလား၊ တကယ်တော့ အချိန်ဆိုတာ လူသားတွေကို အောင်မြင်မှု ဖြစ်စေသလို အချိန်ရဲ့အကျဉ်းသားဖြစ်ပြီး အဆမတန် ပင်ပန်းနွမ်းနယ်တာတွေ ဖြစ်ပေါ်စေတယ်၊ ငါတွေ့ဖူးသမျှ လူတွေက အချိန်ရဲ့ကျေးကျွန်တွေပဲ၊ သူတို့ဟာ ဘဝမှာ အောင်မြင်မှုတွေ ရထားကြပါတယ်၊ ဒါပေမဲ့ သူတို့အားလုံး သက်သောင့်သက်သာ မရှိဘဲ အလွန်ပင်ပန်းဆင်းရဲနေကြတယ်၊ ရွှေတွေ၊ ငွေတွေ၊ တိုက်တွေ၊ ကားတွေ အများကြီးပိုင်တယ်၊ ဒါပေမဲ့ သူတို့စိတ်တွေ အေးအေးချမ်း



www.burmeseclassic.com

www.burmeseclassic.com



ချမ်း ရှိမနေတော့ဘူး၊ အချိန်က သူတို့ကို စေခိုင်းတာ ခံနေရပြီ၊ ဒါကြောင့် ငါဟာ နာရီတွေကို ချစ်ပေမယ့် ဘယ်တော့မှ လက်ပတ်နာရီမပတ်ဘူး၊ အချိန်ကခိုင်းစေတဲ့ အလုပ်တွေကို ငါ ဘယ်တော့မှ မလုပ်ဘူး၊ အချို့သောလူ တွေဟာ အချိန်မှန်မှန် ပင်ပန်းဆင်းရဲခံနေရတယ်၊ နာရီ လက်တံလေးတွေ ရွေ့လျားသွားတာနဲ့ အရှူးအမူး အလုပ် တွေ လုပ်ရတော့တာပဲ”

ဟု ပြောလေရာ ကျွန်ုပ်က အဘိုးကြီး နာရာဆင်း၏ စကားကို နားမဝင်နိုင်ဘဲ ...

“အချိန်က ရွှေဖြစ်တယ်၊ အချိန်နဲ့ ဒီရေဟာ လူကိုမစောင့် ဘူးဆိုတဲ့ စကားရှိတယ်၊ အချိန်ကို ဂရုစိုက်ရကောင်းမှန်း မသိဘဲ ပေချင်တိုင်းပေ၊ တေချင်တိုင်း တေနေရင် ဘဝမှာ ဘာမှမဖြစ်ဘဲ၊ သူများပေးစာကမ်းစာကို စားပြီးနေရမှာပေါ့၊ ကြီးပွားတိုးတက်ခြင်းတွေလည်း ဘယ်ရှိတော့မှာလဲ၊ ကျွန်ုပ် ကတော့ အချိန်ကို တန်ဖိုးထားတယ်”





ဟုပြောလေ၏။ ထိုအခါ အိန္ဒိယအဘိုးကြီး နာရာဆင်း က သက်ပြင်းချပြီး ...

“ငါပြောတဲ့အဓိပ္ပာယ်က အချိန်ကို တန်ဖိုးမထားဘဲ ပေတေ လေလွင့်ခိုင်းတာ မဟုတ်ဘူး၊ အချိန်ရဲ့ကျေးကျွန် မလုပ်ဘူး လို့ ပြောတာ၊ တကယ်တော့ ကြီးပွားချမ်းသာခြင်းနဲ့ အချိန်ရဲ့ကျေးကျွန်ဖြစ်ခြင်းဟာ ဆက်စပ်နေတယ်လို့ လူ တွေယူဆကြတယ်၊ အမှန်တော့ ကြီးပွားချမ်းသာခြင်းနဲ့ အချိန်ရဲ့ ကျေးကျွန်ဖြစ်ခြင်းဟာ ဆက်စပ်မနေဘူးကွ၊ လောကမှာ အချိန်ရဲ့ကျေးကျွန်မဟုတ်ဘဲ ကြီးပွားချမ်းသာ နေတဲ့လူတွေရှိတယ်၊ သူတို့ဟာ အမှန်တကယ်ကြီးပွား ချမ်းသာတဲ့ ပုဂ္ဂိုလ်တွေပဲ၊ သူတို့ဟာ ကြီးပွားချမ်းသာပြီး ပျော်ရွှင်ချမ်းမြေ့နေကြတယ်၊ အချိန်ရဲ့ကျေးကျွန်မဖြစ်တဲ့ အတွက် ပင်ပန်းဆင်းရဲခြင်းလည်း မဖြစ်ဘူး၊ အချို့သော လူတွေဟာ လူ့ဘဝမှာ ကြီးပွားချမ်းသာဖို့အတွက် ကျင်လည် နေရတာ၊ ပင်ပန်းဆင်းရဲလုပ်ပါပြီ၊ စိတ်တွေ အနားမရတော့



www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ ခေါင်းတွေ ပေါက်ကွဲလုမတတ် ဖြစ်နေပြီလို့ ညည်းညူကြတယ်၊ တကယ်တော့ သူတို့ဟာ အချိန်ရဲ့ကျေးကျွန် ဖြစ်လို့ ပင်ပန်းဆင်းရဲနေတာပဲ၊ ကြီးပွားချမ်းသာခြင်းရဲ့ လျှို့ဝှက်ချက် အစစ်အမှန်ဟာ ပျော်ရွှင်ချမ်းမြေ့ခြင်းပဲ၊ လွတ်လပ်ပျော်ရွှင်မှုပဲ"

ဟု ပြောလေရာ ကျွန်ုပ်သည် နာရာဆင်း၏စကားကို နားမဝင်နိုင်ခဲ့။

"နာရာဆင်း စကားကို ကျုပ်လက်မခံနိုင်ဘူး၊ ဘဝမှာ အောင်မြင်မှုတွေရဖို့ ပင်ပင်ပန်းပန်းနဲ့ ကြိုးစားရန်းကန်ရမှာပဲ၊ အခက်အခဲတွေနဲ့ ရင်ဆိုင်ကြုံတွေ့ရင်း ကျော်နိုင်တဲ့ နည်းလမ်းတွေကို ကြိုးစားရှာဖွေရမှာပဲ၊ ဒီလိုရှာဖွေရင်းနဲ့ ပင်ပန်းဆင်းရဲခြင်းတွေ ဖြစ်ပေါ်နိုင်တာပဲ၊ ပင်ပင်ပန်းပန်း မလုပ်ဘဲ ကြီးပွားချမ်းသာရမယ်လို့ ဆိုလိုတာလား၊ အောင်မြင်မှုမှန်သမျှ အလွယ်တကူရတာ မရှိပါဘူး"

ဟု ပြောလေရာ နာရာဆင်းက သက်ပြင်းချ၍ –





"မင်းစကားတွေ ကြားရတာ အောင်မြင်ရေးကျမ်းတွေကို အလွတ်ကျက်ထားသလိုပါပဲ၊ မင်း နားလည်အောင်ပြောပြဖို့ နည်းနည်းခက်တယ်၊ ပင်ပင်ပန်းပန်းလုပ်ပြီး အောင်မြင်မှုရရင်ရမယ်၊ ဒါပေမဲ့ သက်သောင့်သက်သာနဲ့ အလွယ်တကူ ကြိုးပမ်းပြီး အောင်မြင်မှုရတဲ့လူလည်း ရှိတယ်၊ အောင်မြင်ခြင်းဆိုတာ အရှုံးအမှုး ကြိုးစားပမ်းစား ရှာဖွေခြင်းလို့ အဓိပ္ပာယ်ဖွင့်တဲ့လူတွေ များတယ်၊ တကယ်တော့ အောင်မြင်ခြင်းဆိုတာ လူတွေသတ်မှတ်ထားတဲ့ ပန်းတိုင်လေးတစ်ခုပါ၊ ပန်းတိုင်ကိုရောက်ဖို့အတွက် အလွန်မြင့်မားတဲ့ တောင်ကြီးတွေကို ခက်ခက်ခဲခဲတက်ပြီး သွားတဲ့လူလည်း ရှိမယ်၊ အင်မတန်ပြေပြစ်တဲ့ လမ်းကနေ အေးအေးဆေးဆေးလျှောက်ပြီး သွားတဲ့လူလည်းရှိမယ်၊ တကယ်တော့ ပန်းတိုင်ကိုရောက်ဖို့ အင်မတန်ကြီးမား ခက်ခဲတဲ့ အတားအဆီးတွေ ရှိနေတယ်လို့ လူအများက သတ်မှတ်ထားတယ်၊ ဒါဟာ မှားယွင်းတဲ့အယူအဆတစ်ခုပါ၊ ပန်းတိုင်



www.burmeseclassic.com

www.burmeseclassic.com



တိုင်းဟာ ခက်ခဲကြမ်းတမ်းတဲ့ လမ်းတွေရဲ့အဆုံးမှာ ရှိတာ မဟုတ်ပါဘူး၊ အောင်မြင်မှုရဖို့အတွက် မြစ်တွေလို ကျင့်သုံးရတယ်၊ မြစ်ဟာ ဘယ်တော့မှ ရပ်မနေဘူး၊ သွားချင်တဲ့ဘက်ကို အမြဲတမ်း စီးဆင်းနေတာပါပဲ။ လမ်းခရီးမှာရှိတဲ့ အတားအဆီး ကျောက်ဆောင်တွေကို တွေ့ရင် အလိုက်သင့်ကျော်လွှားပြီး သွားရတယ်၊ ရပ်လိုက်လို့မရဘူး၊ လောကမှာ လူဖျင်းလူညံ့တွေက ဘာမှမလုပ်ဘဲ ထိုင်ကြည့်နေကြတယ်၊ အောင်မြင်ချင် ရပ်နားလိုက်လို့ မရဘူး၊ မြစ်ရေလိုစီးဆင်းနေမှရမယ်၊ မြစ်ရေဟာ နောက်ဆုံးမှာ ပန်းတိုင်ဖြစ်တဲ့ပင်လယ်ထဲကို ရောက်သွားမှာပဲ၊ လူအများစုဟာ ပန်းတိုင်လို့ဆိုလိုက်တာနဲ့ ကျားကုတ်ကျားကဲ တွယ်ကပ်တက်ရမယ့် အမြင့်မားဆုံး တောင်ကြီးလို့ ထင်ကြတယ်၊ ဒါကြောင့် မျက်လုံးစုံမှိတ်ပြီး ပင်ပင်ပန်းပန်း ကြိုးစားရုန်းကန်ပြီး တက်ကြတယ်၊ သူတို့ထဲက အချို့ဟာ တောင်ပေါ်ကိုရောက်သွားတော့ လက်မထောင်ပြီး အောင်မြင်မှုရဖို့ ခက်ခက်ခဲခဲ





ရုန်းကန်ကြိုးစားရတယ်၊ ပင်ပင်ပန်းပန်း အလုပ်လုပ်ရတယ်လို့ ကြွေးကြော်တော့တာပဲ၊ အလုပ်ပင်ပင်ပန်းပန်းလုပ်တာကို ဂုဏ်တစ်ခုလို့ ကြွားကြတယ်"

ဟု ပြောလေရာ ကျွန်ုပ်က နာရာဆင်း၏စကားကို နားထောင်၍ ခေါင်းခါယမ်းကာ ...

"လောကမှာ ပေါ့ပေါ့နေ ပေါ့ပေါ့စားရယ်လို့ ဆိုလိုတာလား"

ဟု ပြောလိုက်ရာ နာရာဆင်းက ...

"ပေါ့ပေါ့နေ ပေါ့ပေါ့စားပြီး အောင်မြင်မှုတွေရနေရင်တော့ အကောင်းဆုံးပေါ့ကွာ၊ လူတွေဟာ စက်ရုပ်တစ်ရုပ်လို ငါကတစ်နေ့ကို (၁၆)နာရီ အလုပ်,လုပ်တယ်လို့ ကြွေးကြော်ကြတယ်၊ သူ့မှာ လူသားတစ်ယောက်ရဲ့ ဖြစ်တည်မှုတွေ မရှိတော့ဘူးဆိုတာ နားမလည်တော့ဘူး၊ လူမှာ အသိဉာဏ်ရှိတယ်၊ တွေးခေါ်မျှော်မြင်နိုင်စွမ်းရှိတယ်၊ လူဟာ နွားတစ်ကောင် မဟုတ်ဘူး၊ ပိုက်ဆံရဖို့တစ်ခုတည်း



www.burmeseclassic.com

www.burmeseclassic.com



နဲ့ လူသားတစ်ယောက်ရဲ့ ဖြစ်တည်မှုတွေကို စွန့်လွှတ်ပစ်ရတဲ့လူတွေရှိတယ်၊ အသိဉာဏ်မဲ့တဲ့ လူတွေအတွက်တော့ ငွေဟာ မရပ်မနား ဆွဲဆောင်နေတဲ့အရာပဲ၊ လောဘဆိုတာ သတ်လို့မရဘူးဆိုတာ လူတိုင်းနားလည်ပေမယ့် မလိုက်နာနိုင်တာ အသိဉာဏ်မဲ့လို့ပဲ၊ လူဟာ နွားတစ်ကောင်ကို လယ်ကွင်းထဲမှာ တစ်နေကုန် ထွန်ယက်နေစရာမလိုဘူး၊ အောင်မြင်မှုတွေကို အလွယ်တကူ ရနိုင်တဲ့ နည်းလမ်းတွေ ရှိတယ်၊ ပင်ပင်ပန်းပန်း အားစိုက်ကြိုးပမ်းရင် စစ်မှန်တဲ့ အောင်မြင်မှုကို မရနိုင်ဘူး၊ ငါတို့လူမျိုးတွေရဲ့ ယောဂကျင့်စဉ်မှာဆိုရင် ယောဂရဲ့ကျင့်စဉ်တစ်ခုကို ဘယ်တော့မှ ပြင်းပြင်းထန်ထန်နဲ့ အားစိုက်ထုတ်ပြီး မကျင့်နိုင်ဘူး၊ ဘဲလေးပညာရှင်တွေဟာ ဘဲလေးအကနဲ့ ပတ်သက်လို့ အားစိုက်လုပ်ခြင်းထက် မိမိကိုယ်မိမိ ဟန်ချက်ညီညီ ထိန်းချုပ်ခြင်းက ပိုအရေးကြီးတယ်လို့ ဆိုကြတယ်၊ တကယ်တော့ စစ်မှန်တဲ့အောင်မြင်ခြင်းဆိုတာ အားစိုက်ထုတ်ခြင်း မဟုတ်





ဘူး၊ ဒီအကြောင်းတွေကို တစ်နေ့နေ့ တစ်ချိန်ချိန်မှာ မင်းနားလည်မှာပါ၊ နားမလည်သေးမီမှာ ပင်ပန်းဆင်းရဲ ခံလိုက်ပေဦးတော့"

ဟု ပြောလိုက်လေတော့၏။ ကျွန်ုပ်သည် နာရာဆင်းနှင့် နေထိုင်ရင်း နာရီများအကြောင်းကို များစွာစိတ်ဝင်စားခဲ့လေ၏။ နာရီတစ်လုံး၏ တိကျမှန်ကန်သော အချိန်၊ မှန်ကန်စေရန် အလုပ်လုပ်ပုံကို နာရာဆင်းက ...

"နာရီတစ်လုံးရဲ့ အလုပ်လုပ်ပုံက အင်မတန်စိတ်ဝင်စားဖို့ကောင်းတယ်ကွ၊ နာရီရဲ့အတွင်းမှာ စီမံပြုလုပ်ထားပုံဟာ အလွန်ရှုပ်ထွေးပေမယ့် အခြေခံသဘောတရားဟာ အတူတူပါပဲကွာ၊ နာရီမှာ ပထမဦးဆုံး လိုအပ်တာက အားတစ်ခုလိုတယ်၊ လိုအပ်တဲ့အားကို အောက်ကိုဆွဲချပေးတဲ့ အလေးချိန်တစ်ခုက ပေးတယ်၊ ဘီးတွေကို မြန်မြန်လည်း မလည်အောင်၊ နှေးနှေးလည်း မလည်အောင် လုပ်ဖို့လိုတယ်၊ ဒီလိုလုပ်ဖို့အတွက် ချိန်သီးက လုပ်ပေးတယ်၊ ဒါ



www.burmeseclassic.com

www.burmeseclassic.com



အပြင်နာရီမှာ ခွေးသွားစိပ်ပါတဲ့ ဘီးဆာလေးတွေရှိထယ်၊ ဒီဘီးကလေးတွေဟာ ရိုန်သီးဆွဲတဲ့အခါ လည်ပတ်ကြတယ်၊ ခွေးသွားစိပ်လေးတွေရဲ့ အရွယ်အစား တစ်ခုနဲ့တစ်ခုမတူ ဘူး၊ နေးနေးလည်ရတဲ့ ခွေးသွားစိပ်ရှိသလို မြန်မြန်လည် ရတဲ့ ခွေးသွားစိပ်လည်းရှိတယ်၊ နာရီ၊ မိနစ်၊ စက္ကန့်တွေ ဟာ တစ်ခုနဲ့တစ်ခု လည်ပုံခြင်း မတူကြဘူး”

ဟု ပြောလေရာ ကျွန်ုပ်သည် နာရာဆင်း၏စကား ကို စိတ်ဝင်စားစွာ နားထောင်၏။

“နာရီကြီးအကြောင်းသိရင် နာရီငယ်လေးတွေအကြောင်း သိဖို့မခက်ခဲတော့ပါဘူး၊ နာရီကြီးမှာ ချိန်သီးကို အားအဖြ ယူတယ်၊ နာရီငယ်လေးတွေမှာ ချိန်သီးမရှိပေမယ့် သံပ ထည့်ပေးထားတယ်၊ သံပတ်ရဲ့တွန်းလာတဲ့အားနဲ့ ခွေးသွ စိပ်ဘီးတွေကို လည်စေနိုင်တယ်၊ နောက်ပြီးတော့ နာရီင လေးတွေမှာ အချိန်ကို တိကျမှန်ကန်အောင် ထိန်းနိုင် အတွက် ဆံခြည်တပ်ဘီးလေးတွေ ထည့်ပေးထားတ





နာရီငယ်လေးတွေကို ဖွင့်ကြည့်လိုက်ရင် သံပတ်နဲ့ဆံခြည် တပ်ဘီးကလေးတွေကို အလွယ်တကူ တွေ့နိုင်တယ်”

ဟု ပြောပြလေ၏။ ကျွန်ုပ်သည် နာရာဆင်းထံမှ နာရီနှင့် ပတ်သက်သော အတတ်ပညာများကို သင်ကြားရင်း စိလူလာထောင်ထဲ၌ အချိန်များ ကုန်လွန်စေခဲ့၏။ နာရာဆင်းသည် ကျွန်ုပ်အား နာရီများအကြောင်း သင်ပြပေးရင်း အခြားသော ဗဟုသုတများကိုလည်း သင်ပြပေးလေ၏။ နာရာဆင်းက ...

“ပြင်သစ်နိုင်ငံမှာ လွန်ခဲ့တဲ့ နှစ်ပေါင်း(၆၀၀)နည်းပါးက တည်ဆောက်ခဲ့တဲ့ နာရီကြီးရှိတယ်၊ ဒီနာရီကြီးဟာ အချိန် နာရီတွင်မကဘူး နေ့၊လ၊ရက်တွေကိုလည်း သိရှိနိုင်တယ်၊ နေ့၊လ၊ရက်တွေရဲ့ တည်နေရာတွေကိုလည်း ဖော်ပြပေး သေးတယ်၊ ဒါ့အပြင် နေကြတ်၊ လကြတ်မယ့် အချိန်တွေ ကိုလည်း ကြိုတင်ပြီး သိမြင်နိုင်တယ်၊ နယူးယောက်မြို့ မှာရှိတဲ့ ကောလဂိတ် ဆိုတဲ့ နာရီကြီးရဲ့လက်တံဟာ ၃၇ ပေ ရှည်လျားတယ်ကွ”



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလေရာ ကျွန်ုပ်က စိတ်ဝင်စားစွာ နားထောင်

၍ ...

"နာရီတွေကို ဘယ်ခေတ်လောက်က စပြီးပေါ်ခဲ့တာလဲ"

ဟု မေးမြန်းလေ၏။ နာရာဆင်းက မျက်မှောင်ကြုတ်

၍ ...

"နေမင်းကြီးဟာ ကမ္ဘာဦးအစကတည်းက အချိန်ကိုပိုင်း

ခြားသတ်မှတ်နိုင်တဲ့အတွက် လူတို့အတွက် ပထမဆုံးနာရီ

က နေမင်းကြီးလို့ ပြောလို့ရတာပေါ့ကွာ၊ နာရီမပေါ်မီက

နေနာရီ၊ ရေနာရီ၊ သဲနာရီတွေလည်း ပေါ်ပေါက်ဖူးတယ်

နာရီအစကတော့ အလယ်ခေတ်လောက်မှာလို့ ပြောလို့ရ

တယ်ကွ၊ အလယ်ခေတ်က ခရိယာန်ဘုရားရှိခိုးကျောင်း

တွေမှာ ဘုရားဝတ်ပြုဖို့ နှိုးဆော်တဲ့ ခေါင်းလောင်းတီးစက်

တွေ ရှိနေပြီကွ၊ အဲဒီတုန်းက ခေါင်းလောင်းတီးစက်ဟာ

နာရီမဟုတ်သေးဘူး၊ အချိန်ကိုညွှန်ပြတဲ့ လက်တံလည်း





မရှိဘူး၊ နာရီဒိုင်ခွက်လည်း မရှိဘူးကွ၊ ဘုရားရှိခိုးမယ့်

အချိန်မှာ ခေါင်းလောင်းတီးတာပဲ ရှိသေးတယ်၊ ဒါပေမဲ့

အလယ်ခေတ်ဘုရားရှိခိုးကျောင်းတွေရဲ့ ခေါင်းလောင်းတီး

စင်တွေဟာ နာရီတွေရဲ့အစပဲကွ၊ ချိန်သီးပါတဲ့ နာရီတွေ

ကို တီထွင်ခဲ့တာက နာမည်ကျော် သိပ္ပံပညာရှင်ကြီး

ဂယ်လီလေဲဘိုပဲ၊ ဂယ်လီလေဲဘိုဟာ ဘုရားကျောင်းမှာ

လေတိုက်လို့ လွဲနေတဲ့ မီးအိမ်တွေကိုကြည့်ပြီး ချိန်သီးလုပ်

ဖို့ စိတ်ကူးရခဲ့တယ်၊ ဂယ်လီလေဲဘိုဟာ ချိန်သီးရဲ့ နိယာမ

တစ်ခုကို စတွေ့တယ်၊ ချိန်သီးတစ်ခုဟာ စပြီးလွဲတဲ့အချိန်

နဲ့ ပြန်ရောက်မယ့်အချိန်ဟာ အစဉ်ထာဝရ အတူတူဖြစ်

နေတယ်၊ ဒီအချိန်ကစပြီးတော့ ချိန်သီးပါတဲ့ နာရီတွေပေါ်

ပေါက်လာတယ်၊ နာရီဟာ လူသားတွေရဲ့အကျိုးကို ပြုနိုင်

သလို၊ လူသားတွေကို အချိန်နာရီရဲ့ ကျေးကျွန်ဖြစ်အောင်

လည်း ခိုင်းစေနိုင်ခဲ့တယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလေတော့၏။ ကျွန်ပ်သည် နာရာဆင်းထံ၌ နာရီများကို တပ်ဆင်သည့်အလုပ်ကို လုပ်ကိုင်ရင်း ဦးရွှေကောင်းနှင့် အားလပ်သည့်အချိန်တိုင်း သွားတွေ့လေ၏။

တစ်နေ့ ဦးရွှေကောင်းက မြွေသားဟင်းချက်ထားသည်ဟု ဖိတ်ခေါ်သဖြင့် ၎င်းထံသို့ သွားရောက်ခဲ့လေ၏။ ဦးရွှေကောင်း ကျွေးမွေးသော ထမင်းကို စားသောက်ရင်း ၎င်းက ...

"မင်းမှာ စွန့်လွှတ်ရဲတဲ့သတ္တိ ရှိတယ်လို့ ငါ ထင်တယ်၊ ဒါကြောင့် ထောင်မှူးကြီး မက်ကောလင်းရဲ့ ယုတ်မာရိုင်းပြမှုတစ်ခုကို ဒီနေ့ညနေ သက်သေပြမယ်၊ ငါ့ဆီကိုရောက်အောင်လာခဲ့ပါ"

ဟု ပြောလေ၏။ ကျွန်ပ်သည် ဦးရွှေကောင်း၏စကားကို စိတ်ဝင်စားသဖြင့် ညနေစောင်းသောအခါ နာရာဆင်းကို ခွင့်တောင်းပြီး လက်သမားရုံဘက်သို့ ထွက်ခဲ့လေ၏။

ဦးရွှေကောင်းသည် ကျွန်ပ်အား ယာခင်းတစ်နေရာသို့ ခေါ်ဆောင်သွားပြီး ရိက္ခာများထားရှိသော အဆောင်၏အမိုးထုပ်တန်းကို တွယ်တက်စေ၏။





ကျွန်ပ်နှင့် ဦးရွှေကောင်း အမိုးထုပ်တန်းပေါ်သို့ ရောက်သောအခါ ဦးရွှေကောင်းက ...

"ငါတို့ ဒီကနေကြည့်ရင် ခွေးသူခိုးကြီး မက်ကောလင်းရဲ့ အိမ်တံခါးဝကို မြင်ရတယ်ကွ၊ ကြည့်လိုက်စမ်း"

ဟု ဆိုလိုက်ရာ ကျွန်ပ်သည် ခပ်လှမ်းလှမ်းရှိ မက်ကောလင်း၏အိမ်ကို လှမ်းမျှော်ကြည့်လိုက်ရာ နေအိမ်ခြံတံခါးဝ ပန်းခြံ၊ တင်းနစ်ကွင်းနှင့် အစောင့်ပုလိပ်ရုံးကလေးကို မြင်တွေ့ရလေ၏။

ဦးရွှေကောင်းက မက်ကောလင်းအိမ်ကို စေ့စေ့ကြာအောင်ကြည့်၍ ...

"ငွေသိုက် ဟိုမှာကြည့်စမ်း၊ ဘယ်သူ့ကိုတွေ့သလဲ"

ဟု ပြောလေရာ ကျွန်ပ်သည် မက်ကောလင်း၏ ခြံသို့ လှမ်းမျှော်ကြည့်ပြန်၏။ ထိုအခါ ခြံတံခါးဝ၌ ရထားလုံးတစ်စီး ထိုးရပ်လာပြီး ရထားလုံးပေါ်မှ ချောမောလှပသော မိန်းမပျိုတစ်ဦး ဆင်းလာလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုမိန်းမပျိုကို ထောင်မှူးကြီး၏ အစောင့်ပုလိပ်က မက်ကောလင်း၏ အိမ်ကြီးထဲသို့ ခေါ်ဆောင်သွားလေ၏။ ကျွန်ုပ်က မိန်းမပျိုကိုကြည့်၍ ...

"ဘယ်သူလဲဗျ"

ဟု မေးမြန်းလိုက်ရာ ဦးရွှေကောင်းက ...

"အဘာဒင်ဈေးထဲမှာ သစ်သီးရောင်းတဲ့ မိန်းကလေးကွ၊ အင်မတန် ဣန္ဒြေသိက္ခာရှိတဲ့ မိန်းကလေးပါကွာ၊ ဒါပေမဲ့ မက်ကောလင်းနဲ့ လျှို့ဝှက်ပြီး တွေ့ဆုံဖို့ ရောက်လာတာကွ"

ကျွန်ုပ်က နားမလည်ဟန်ဖြင့် ...

"ဒီမိန်းကလေးက ဘာဖြစ်လို့ မက်ကောလင်းအိမ်ကို လျှို့ဝှက်ပြီး သွားရတာလဲ"

ဟု မေးမြန်းလေ၏။ ထိုအခါ ဦးရွှေကောင်းက ...

"လွန်ခဲ့တဲ့လက မိန်းကလေးရဲ့အစ်ကိုဟာ မက်ကောလင်းရဲ့တပည့်တွေနဲ့ ရန်ဖြစ်လို့ ဖမ်းချုပ်ခံထားရတယ်၊ မက်ကောလင်းတပည့်တွေ မတရားလုပ်လွန်းလို့ မိန်းကလေးရဲ့





အစ်ကိုက ပြန်ခုခံရင်း လက်လွန်သွားတာပဲ၊ မက်ကောလင်းရဲ့တပည့်ဟာ ဆေးရုံမှာ အတွင်းဒဏ်ရာတွေကို တော်တော်ကုယူရတယ်၊ ဒါကို အခွင့်ကောင်းယူပြီး သူ့အစ်ကိုလွှတ်မြောက်ချင်ရင် မက်ကောလင်းနဲ့ ကိုယ်တိုင်တွေ့ပြီး တောင်းပန်ရမယ်လို့ ဇာတ်လမ်းထွင်လိုက်တာပဲ၊ ဒါဆိုရင် မင်း သဘောပေါက်ပြီပေါ့"

ဟု ပြောလိုက်ရာ ကျွန်ုပ်သည် မိန်းမပျိုအတွက် ရင်လေးသွားပြီး ...

"မက်ကောလင်းလို လူမျိုးဆီမှာ တောင်းပန်လို့ မရဘူးဆိုတာ မိန်းကလေး မသိဘူးလားဗျာ၊ ဒီမိန်းကလေး ရေတိမ်နစ်တော့မှာပဲ၊ ကျုပ်တို့ အကူအညီပေးလို့ မရဘူးလား"

ဟု မေးမြန်းလေ၏။ ဦးရွှေကောင်းက သက်ပြင်းချ၍ ...

"သတ္တဝါတစ်ခု ကံတစ်ခုလို့ သဘောထားလိုက်ပါကွာ၊ ငါတို့မှာ မြေလျှိုးမိုးပျံနိုင်တဲ့ အစွမ်းရှိရင်တောင် သူ့ကို



www.burmeseclassic.com

www.burmeseclassic.com



မကူညီနိုင်ဘူးကွ၊ ဒါပေမဲ့ ထောင်မျှုးကြီး မက်ကောလင်းရဲ့ခြံကို အနီးကပ် ကြည့်ရှုနိုင်တဲ့နည်းတော့ ရှိတယ်"

ဟု ပြောလိုက်ရာ ကျွန်ုပ်က မျက်မှောင်ကြုတ်၍...

"ဘယ်လိုနည်းလဲဗျ၊ ပြောပါဦး"

ဟု မေးမြန်းလိုက်ရာ ဦးရွှေသောင်းက ...

"ငါ့နောက်က လိုက်ခဲ့ပေတော့"

ဟု ဆိုပြီး ကျွန်ုပ်တို့ ရောက်ရှိနေသော ရိက္ခာရုံ၏ ထုပ်တန်းမှ သွပ်တစ်ချပ်ကို အသာအယာ ခွာထုတ်လိုက်၏။ ဦးရွှေကောင်းသည် ထိုသွပ်ပြားကို ယခင်ကပင် အကြိမ်ကြိမ်ခွာထားပြီး ဖြစ်ပုံရ၏။

ဦးရွှေကောင်းသည် သွပ်ကိုခွာ၍ ခေါင်မိုးပေါ်သို့ ခိုဆွဲတက်လိုက်၏။

ကျွန်ုပ်တို့နှစ်ဦးသည် ခေါင်မိုးချိုင့်ခွက်ထဲသို့ ရောက်နေသဖြင့် တွားတွားသွားပြီး သွားနေလျှင် မည်သူမျှ မမြင်နိုင်ချေ။





ကျွန်ုပ်တို့နှစ်ဦး အတန်ကြာအောင် သွားလာပြီးနောက် ဦးရွှေကောင်းက ရပ်လိုက်ပြီး လက်ဟန်ခြေဟန်ဖြင့် အနီးရှိသစ်ကိုင်းကို ခိုဆွဲ၍ ကူးသန်းရန် ညွှန်ပြ၏။

ထိုသစ်ကိုင်းမှ ခိုဆွဲပြီး ကူးသန်းသွားလျှင် မက်ကောလင်းအိမ် တံတိုင်းပေါ်သို့ ရောက်ရှိသွားနိုင်၏။ ဦးရွှေကောင်းသည် သစ်ကိုင်းမှခိုတွဲပြီး သစ်ပင်ကြီး၏ အမြင့်ပိုင်းသို့ တဖြည်းဖြည်း တက်သွားလေ၏။

ကျွန်ုပ်သည် ဦးရွှေကောင်း အနောက်သို့ လိုက်သွားလေ၏။

ကျွန်ုပ်တို့ သစ်ပင်၏ အမြင့်ပိုင်းသို့ ရောက်သောအခါ ထောင်မှူးကြီးမက်ကောလင်း၏ အပေါ်ထပ် ပြတင်းပေါက်ကို မြင်တွေ့ရလေ၏။ ပြတင်းပေါက် ခန်းဆီးအနောက်မှ ...

"မလုပ်ပါနဲ့ရှင်၊ တောင်းပန်ပါတယ်"

ဟူသော အသံကို ကြားရလေ၏။

ကျွန်ုပ်နှင့် ဦးရွှေကောင်းသည် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခိုက်မှာပင် မက်ကောလင်း၏ ပြတင်းပေါက် ခန်းဆီးသည် လေတိုက်သောကြောင့် လှုပ်ခါသွားလေ၏။

ခန်းဆီးနောက်က မြင်ကွင်းကိုကြည့်ပြီး ကျွန်ုပ်၏ မျက်လုံးများကို ယောင်ယမ်း၍ ပိတ်လိုက်မိ၏။

သနားဖွယ် မိန်းမပျိုသည် တဏှာရူးကြီး မက်ကောလင်း၏အိပ်ခန်းထဲသို့ ရောက်နေပြီး မက်ကောလင်းက မိန်းမပျိုကို ခုတင်ပေါ်သို့တွန်းလှဲပြီး ဖက်ရမ်းနမ်းရှုံ့နေ၏။ ၎င်း၏လက်များကလည်း မိန်းမပျို၏ကိုယ်ခန္ဓာအနှံ့ ပွတ်သပ်နေ၏။ ကြိုးစားနေလေ၏။

မိန်းမပျိုသည် အော်ဟစ်၍ ရုန်းကန်ရှာ၏။ ရေတိမ်နစ်ရရှာတော့မည်။ ကျွန်ုပ်သည် မိန်းမပျိုကို မကူညီနိုင်၍ မချိတင်ကဲ ဖြစ်မိလေ၏။

ထိုအခိုက်မှာပင် ကျွန်ုပ်တို့ ရောက်ရှိနေသော သစ်ပင်အောက်ရှိ မက်ကောလင်း၏မြင်းစောင်းကို မြင်မိပြီး ခေါင်းထဲသို့ အကြံတစ်ခု ရရှိသွားလေ၏။





ထို့ကြောင့် သစ်ပင်အောက်သို့ လျှင်မြန်စွာဆင်း၍ မက်ကောလင်း၏ မြင်းဇောင်းမှ မြင်းများကို ကြိုးဖြေလွှတ်လိုက်ပြီး မြင်းဇောင်းကို မီးရှို့လိုက်လေ၏။

ကျွန်ုပ်နှင့် ဦးချောကောင်းလည်း သစ်ကိုင်းမှတစ်ဆင့် ရိက္ခာရုံ ခေါင်မိုးပေါ်သို့ အလျင်အမြန်တက်ပြီး ရိက္ခာရုံထဲသို့ ပြန်လည်ဝင်ရောက်ခဲ့၏။

ကျွန်ုပ်တို့နှစ်ယောက် ထုပ်တန်းပေါ်မှ ပြန်မဆင်းမီ ...

"မီးဗျို့ ... မီးလောင်နေပြီ"

ဆိုသော အသံကို ကြားရလေ၏။

ထောင်လုန့် ခေါင်းလောင်းသံများ အဆက်မပြတ်ကြားရ၏။ ကျွန်ုပ်တို့သည် ထုပ်တန်းပေါ်မှနေ၍ ထောင်မှူးကြီးအိမ် ပြတင်းပေါက်ကို ကြည့်လိုက်ရာ မက်ကောလင်းသည် အဝတ်အစား ကပိုကရိုဖြင့် ပြတင်းပေါက်မှ ခေါင်းပြူထွက်၍ မီးငြိမ်းသတ်ရန် အော်ဟစ်ပြီး အမိန့်ပေးနေကြောင်း တွေ့ရ၏။



www.burmeseclassic.com

www.burmeseclassic.com



လူများရှုပ်ထွေးနေချိန်၌ မက်ကောလင်း၏အိမ်ကြီးလဲမှ မိန်းမပျိုလေးတစ်ယောက် ပြေးထွက်လာကြောင်း တွေ့ရ၏။ ဦးရွှေကောင်းက ကျွန်ုပ်ပခုံးကိုပုတ်၍ ...

"မင်းရဲ့ရည်ရွယ်ချက် အောင်မြင်တယ်ဟေ့၊ ကောင်မလေးတော့ တဏှာရူးကြီးလက်က လွတ်သွားပြီ"

ဟု ဝမ်းသာအားရ ပြောလေတော့၏။

ကျွန်ုပ်သည် တဏှာရူးကြီး မက်ကောလင်းလက်မှ မိန်းကလေး လွတ်မြောက်သွားသော်လည်း နောင်တွင်ထိုမိန်းမပျိုကဲ့သို့ ဒုက္ခရောက်မည့်လူများကို စာနာမိသဖြင့် ...

"ဒီကောင်ကြီးရဲ့လုပ်ရပ်ကို အထက်လူကြီးတွေဆီကို မပေါက်,ပေါက်အောင် တိုင်လို့မရဘူးလား"

ဟု မေးမြန်းလိုက်ရာ ဦးရွှေကောင်းက ခေါင်းခါယမ်း၏။

"မလွယ်ဘူးကွ၊ မျက်နှာဖြူအချင်းချင်း ဖေးမမှာသေချာတယ်၊ နောက်ပြီးတော့ တို့ဘက်မှာ သက်သေမရှိဘူးကွ"





ဟု ပြောလေ၏။ ကျွန်ုပ်က မျက်မှောင်ကြုတ်၍ ...

"ဒီလူကြီး အမျိုးကောင်းသမီးတွေကို စော်ကားဦးမှာသေချာတယ်၊ ဒီလောက် ယုတ်မာရိုင်းစိုင်းတဲ့လူကို သဘာဝတရားကြီးက အပြစ်ဒဏ်ခတ်ဖို့ သင့်တယ်ဗျာ"

ဟု ပြောလေရာ ဦးရွှေကောင်းက သက်ပြင်းချ၍ ...

"သူလို မျက်နှာဖြူ ထောင်မှူးကြီး တစ်ယောက်ကို ဘယ်လိုသတ္တိမျိုးဝင်ပြီး ဆုံးမရဲမှာလဲကွာ၊ ထောင်ထဲမှာပြဿနာတွေ အများကြီးပဲ"

ဟု ပြောလေ၏။ ကျွန်ုပ်က တစ်စုံတစ်ရာကို လေးလေးနက်နက် ဆုံးဖြတ်လိုက်ပြီး ...

"ဒီလူကြီးကို ကျုပ် ဆုံးမမယ်ဗျာ၊ သူ့ဘာသာ ထောင်မှူးကြီးမကလို့ ကျွန်းမင်းကြီးဖြစ်ဖြစ် ဒီလောက်ယုတ်မာရိုင်းစိုင်းတဲ့လူကြီးကို ဒီလောကမှာ အရှင်မထားဘူး"

ဟု ပြောလိုက်ရာ ဦးရွှေကောင်းက သဘောကျဟန်ဖြင့် ရယ်မော၍ ...



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ ငွေသိုက်၊ မင်းလို မခံချင်စိတ်နဲ့ ကြိုးစားတဲ့သူတွေ အများကြီး တွေ့ဖူးပါတယ်ကွာ၊ ဒါပေမဲ့ သူတို့စကားတွေဟာ လေထဲမှာပဲ ပျောက်ကွယ်သွားတာ များပါတယ်"

ဟု မခံချင်အောင် ပြောလေရာ ကျွန်ုပ်က လက်သီးကို တင်းတင်းဆုပ်၍ ...

"ဒီမှာ ဦးရွှေကောင်း၊ ကျုပ် သေသေချာချာ ကတိပြုတယ်၊ မက်ကောလင်းကို ကောင်းကောင်းကြီး ဆုံးမပစ်ရမယ်၊ ဒီကောင်ကြီး ထမင်းဝအောင်သာ စားထားပေတော့"

ဟု ပြောလေ၏။ ဦးရွှေကောင်းက ရယ်မော၍ ...

"ဒီစကားကို လူကြားမှာ ယောင်လို့တောင် မပြောလိုက်နဲ့နော်၊ မင်းအတွက် အန္တရာယ်တွေ အများကြီး ရောက်လာနိုင်တယ်၊ ကိုယ်က ဘာမှမလုပ်ဖြစ်ဘဲ အဖမ်းခံနေရမယ်၊ နှုတ်ကြောင့်သေဆိုတဲ့ စကားကို ကြားဖူးတယ် မဟုတ်လား"

ဟု ပြောပြန်ရာ ကျွန်ုပ်က ဦးရွှေကောင်းကိုကြည့်၍ ...





"ကျုပ် ယောက်ျားပါဗျ၊ ကတိပေးထားပြီးရင် ဘယ်တော့မှ ပြန်နောက်မဆုတ်ဘူး၊ မက်ကောလင်းကြီးကို ဘေးဒုက္ခရောက်အောင် လုပ်ကိုလုပ်မယ်ဗျာ"

ဟု ကြွေးဝါးလိုက်လေ၏။

ကျွန်ုပ်၏စကားကြောင့် ဦးရွှေကောင်းက သဘောကျဟန်ဖြင့် ခေါင်းညိတ်၏။

"မက်ကောလင်းကို ပညာပေးဖို့ လူစွမ်းကောင်းတစ်ယောက်တော့ ပေါ်ပြီပေါ့ကွာ၊ ဒါနဲ့ ခွေးသူခိုးကြီးကို ဘယ်နည်းနဲ့ ပညာပေးမယ်လို့ ကြံစည်ထားသလဲ"

ဟု မေးမြန်းလေ၏။ ကျွန်ုပ်က ဦးရွှေကောင်း၏ အမေးကြောင့် ...

"ကျုပ်ရင်ထဲမှာ ဒီကောင်ကြီးကို ပညာပေးချင်တယ်၊ ဒါပေမဲ့ ဒီလိုအကြံအစည်မျိုးကို တစ်ကြိမ်တစ်ခါမှ မကြံစည်ဖူးဘူး၊ ဒါပေမဲ့ ပိပိရိရိနဲ့ လက်သည်မပေါ်အောင် သွေးအေးအေးနဲ့ ကြံချင်တယ်၊ ချက်ချင်းတော့ ဘယ်လိုကြံ



www.burmeseclassic.com

www.burmeseclassic.com



ရမလဲ မသိသေးဘူး၊ မက်ကောလင်းလို လူမျိုးကို မထိမဲ့ ထိမဲ့ သွားလုပ်ရင် အားလုံး ဒုက္ခရောက်ကုန်မယ်၊ ဗိုဗိုရိရိ နဲ့ လက်စတုံး သုတ်သင်ပစ်မှုဖြစ်မယ်၊ ကျုပ် ဒီကောင် ကြီးကို လုပ်ကြံမယ့်နည်းလမ်းတွေကို စဉ်းစားကြည့်ချင် သေးတယ်၊ အချိန်ပေးပြီး စဉ်းစားရင်တော့ အဖြေထွက်မှာ သေချာတယ်"

ဟု ပြောလေရာ ဦးရွှေကောင်းက သဘောကျဟန် ဖြင့် မွေးသိုက်၏ပခုံးကိုပုတ်၍ ...

"မင်းရဲ့စိတ်ကို စမ်းချင်လို့ မခံချင်အောင် လျှောက်ပြော နေတာကွ၊ မက်ကောလင်းကို လူလောကကြီးထဲက လက် စတုံး စီရင်ဖို့ ငါဆုံးဖြတ်တာ အကြိမ်ကြိမ် အခါခါပဲကွ၊ ဒါပေမဲ့ ငါ့မှာ အခွင့်အရေးမရဘူး ဖြစ်နေတယ်၊ မင်းရဲ့ စိတ်က ငါ့ရဲ့စိတ်နဲ့ အတော်ဆင်တူတယ်၊ မကောင်းတာ လုပ်ရင်တော့ မျက်နှာဖြူထောင်မှူးကြီးလည်း ချမ်းသာမ ပေးဘူး၊ သူ့အပြစ် သူခံရမှာပဲ၊ မက်ကောလင်းရေ အလှည့်





ကျရင် မနွဲ့စတမ်း၊ ဒီလူကြီးကို လုပ်ကြံမယ့်နည်းလမ်း တစ်ခုတော့ ပေါ်ပေါက်လာမှာပါ၊ ကျုပ်တို့ အချိန်ကိုစောင့် ရမယ်"

ဟု ပြောလေရာ ဦးရွှေကောင်းက သဘောကျဟန် ဖြင့် ရယ်မော၍ ...

"မက်ကောလင်းရေ ... မင်းအသက်ကို ဖက်နဲ့သာထုပ်ထား ပေတော့၊ မင်းရဲ့သေမင်းတွေ ရောက်လာတော့မယ်၊ ခရစ် တော်ဆီမှာ အိပ်ပျော်ဖို့သာ ပြင်ထား"

ဟု ပြောဆိုလေရာ ကျွန်ုပ်လည်း ဦးရွှေကောင်းနှင့် အတူ ဝင်ရောက်၍ ရယ်မောလိုက်လေတော့၏။

ကျွန်ုပ်သည် ထိုအချိန်မှစ၍ နာရီများကို တပ်ဆင် နေသော်လည်း မက်ကောလင်းကို လုပ်ကြံနိုင်မည့် နည်းလမ်းကို သာ အစဉ်သဖြင့် ရှာဖွေနေမိ၏။

ကျွန်ုပ်အကျဉ်းကျနေစဉ် မကြာခဏ သတိရနေသည် မှာ ဇနီးသည် မမိုးသူကိုဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



မမိုးသူသည် မိမိ ကျွန်းမှလွတ်မြောက်မည့်ရက်ကို လက်ချိုး၍ ရေနေတော့မည်။

ယခုကဲ့သို့ ကျွန်းကထွက်ပြေးပြီး စီလူလာထောင်မှာ (၃)နှစ်ဆက်နေရခြင်းကို သိမည်မထင်ချေ။

ကျွန်ုပ်ဇီဇစိတ်၌ စွန့်လွှတ်စွန့်စားချင်သော စိတ်ဓာတ်များ ကိန်းအောင်းနေလို့လားမသိ၊ ကျွန်ုပ်သည် အခြားသော အကျဉ်းသားများကဲ့သို့ ကျွန်း၌ အေးအေးလူလူနေ၍ လွတ်မည့်နေ့ကို ထိုင်စောင့်မနေချင်ပေ။

အက်ဒမန်ကျွန်းမှ တစ်နည်းနည်းဖြင့် စွန့်စားပြီး ထွက်ပြေးချင်နေသေး၏။

တစ်နေ့တွင် မက်ကောလင်း၏အိမ်ရှိ အလုပ်သမား တစ်ဦး ကျွန်ုပ်တို့ရှိရာသို့ ရောက်လာပြီး ...

"သခင်ကြီးက နာရီကျွမ်းကျင်တဲ့ လူငယ်တစ်ယောက် ခေါ်ခိုင်းလိုက်တယ်"





ဟု ပြောလေရာ နာရာဆင်းက ကျွန်ုပ်ကို လိုက်သွားရန် ခွင့်ပြုလိုက်လေ၏။ ပြီးနောက် နာရာဆင်းက ...

"ထောင်မှူးကြီးအိမ်ကိုရောက်ရင် နာရီပြတိုက်ထဲကို ရောက်နေသလို ခံစားရတယ်၊ တိုင်ကပ်နာရီ၊ စားပွဲတင်နာရီတွေ အများကြီးပဲကွ၊ ငါတောင် မမြင်ဘူးသေးတဲ့ နာရီတွေလည်း ရှိတယ်"

ဟု ပြောလေရာ ကျွန်ုပ်က နာရာဆင်း၏စကားကြောင့် အံ့ဩသွားပြီး ...

"ဟင် ... ဒီလူကြီးက ဘာကြောင့် နာရီတွေ ဒီလောက်အများကြီး ဝယ်ထားရတာလဲ"

ဟု မေးမြန်းလိုက်ရာ နာရာဆင်းက သက်ပြင်းချ၍ ...

"ဒါဟာ သူတို့လူမျိုးတွေရဲ့ စရိုက်ပဲကွ၊ အနောက်တိုင်းသားတွေဟာ ဝါသနာအမျိုးမျိုး ရှိကြတယ်၊ အချို့လူတွေ



www.burmeseclassic.com

www.burmeseclassic.com



ဆိုရင် သေနတ်ဝါသနာပါတယ်ဆိုပြီး သေနတ်တွေအများကြီး ဝယ်စုထားတယ်၊ အချို့လည်း ဖောင်တိန်၊ နာရီ၊ တံဆိပ်ခေါင်း စသည်ဖြင့် စုံနေတာပဲကွ၊ တို့မြန်မာတွေနဲ့ တန်ဖိုးထားပုံချင်း ကွာတယ်၊ မြန်မာတွေဟာ ပစ္စည်းအဟောင်းအဆွေးဆိုရင် စိတ်မဝင်စားဘူး၊ မမြင်ဘူးတဲ့ အသစ်အဆန်းဆိုရင်တော့ စိတ်ဝင်စားကြတယ်၊ ထောင်မှူးကြီးဆီမှာ ရှားပါးတဲ့နာရီတွေ ပြတိုက်ကြီးတစ်တိုက်လိုရှိတယ်၊ သူ့နာရီတွေကို မကြာခဏ စစ်ဆေးပြီး ကြေးဆေးပေးရတယ်၊ မင်း ငါ့ကိုယ်စား စစ်ဆေးပေးလိုက်ပါကွာ၊ သေသေသပ်သပ် လုပ်ပေးနော်"

ဟု မှာကြားလေ၏။ ကျွန်ုပ်သည် လာရောက်ခေါ်ဆောင်သော ဘာယာနောက်သို့ လိုက်ခဲ့လေ၏။

ထောင်မှူးကြီးအိမ်သို့ ရောက်သောအခါ များပြားလှသော နာရီများကို အခန်းတစ်ခန်း၌ တွေ့ရ၏။





ကျွန်ုပ်သည် နာရီများကို တအံ့တဩ ကြည့်ရှုနေစဉ် ကျွန်ုပ်၏အနီးသို့ မက်ကောလင်း ရပ်လာပြီး ကျွန်ုပ်ကို အထင်မကြီးဟန်ဖြင့် ...

"နာရာဆင်းကိုယ်တိုင် ဘာလို့မလာတာလဲ၊ မောင်ရင်က နာရီတွေနဲ့ ပတ်သက်ပြီး ကျွမ်းကျွမ်းကျင်ကျင် တတ်မြောက်ရဲ့လား"

ဟု မေးမြန်းလေ၏။ ကျွန်ုပ်က ထောင်မှူးကြီးကို ကြည့်၍ သက်မြင်းချလိုက်ပြီး ...

"နာရာဆင်း ကိုယ်တိုင် ကျွန်ုပ်ကို ယုံကြည်လို့ ထည့်ပေးလိုက်တာပါ၊ ကျွန်တော့်ကို ယုံယုံကြည်ကြည်နဲ့ နာရီတွေ စစ်ဆေးခိုင်းနိုင်ပါတယ်"

ဟု ပြောလိုက်လေ၏။ ထိုအခါမှပင် မက်ကောလင်းက ...

"ကျုပ်ရဲ့ ဝါသနာက ကမ္ဘာအရပ်ရပ်က နာရီတွေကို စုဆောင်းတဲ့ ဝါသနာပဲ၊ ကျုပ် စုဆောင်းထားတဲ့ နာရီတွေ



www.burmeseclassic.com

www.burmeseclassic.com



ထဲမှာ နှစ်တွေကြာလို့ စက်ရပ်နေကဲ့ နာရီတွေလည်းရှိတယ်၊ ကြေးဆေးရမယ့် နာရီတွေလည်း ရှိတယ်၊ မောင်မင်း သေသေချာချာ စစ်ဆေးပြီး လုပ်သင့်တာကိုလုပ်ပါ၊ ဒါပေမဲ့ အရေးကြီးတာက နာရီတွေကို ကျုပ်အိမ်ပြင်ပကို ယူခွင့်မပြုနိုင်ဘူး၊ နာရီပြင်စရာရှိရင် အိမ်မှာပဲ ပြင်ရမယ်"

ဟု မှာကြားလေ၏။

ကျွန်ုပ်သည် မက်ကောလင်း အိမ်၌ နာရီပြင်ရမည်ဆိုသဖြင့် အလွန်ကျေနပ်သွားလေ၏။

ထိုသို့ နာရီများပြင်ရင်း အခါအခွင့်သင့်လျှင် မက်ကောလင်းကို လုပ်ကြံနိုင်၏။ သို့သော် မက်ကောလင်းကို လုပ်ကြံသူသည် ကျွန်ုပ်ပင်ဖြစ်မည်ဟု မည်သူမဆို ဆက်စပ်တွေးယူနိုင်၍ ကျွန်ုပ်သည် လူယုတ်မာကြီး မက်ကောလင်းကို မည်သူမျှ မရိပ်မိဘဲ ပိပိရိရိ လုပ်ကြံချင်၏။

ထိုအခွင့်အရေးမျိုးကို စောင့်စားရပေတော့မည်။





ဤသို့ဖြင့် ကျွန်ုပ်သည် မက်ကောလင်၏ မြောက်မြားစွာသော နာရီများကို တစ်လုံးပြီးတစ်လုံး စစ်ဆေးရန် ပြုပြင်သင့်သည်ကို ပြုပြင်ပေးရလေ၏။

မက်ကောလင်းသည် သူ၏နာရီများကို ကျွန်ုပ် ကျွမ်းကျွမ်းကျင်ကျင် ပြင်ဆင်နိုင်ကြောင်း သိသွားပြီး နောက်ရက်များ၌ ကျွန်ုပ်ရှိရာသို့ လာရောက်ကြည့်ရှုခြင်း မပြုတော့ချေ။

ကျွန်ုပ်သည် မက်ကောလင်း၏ နာရီများကို (၇)ရက်တိတိ ကြည့်ရှုပြီးသောအခါ လွန်စွာလှပသော တိုင်ကပ်နာရီကြီးတစ်လုံးသာ ပြုပြင်ရန် ကျန်တော့၏။ ထိုအခါ မက်ကောလင်းသည် ကျွန်ုပ်၏နာရီများကို လာရောက်စစ်ဆေးပြီး ...

"ဒီနာရီဟာ ကျုပ် တန်ဖိုးအထားဆုံး နာရီပဲ၊ ဒီနာရီကို ကျုပ်ရဲ့ထမင်းစား စားပွဲရှေ့မှာ ချိတ်ဆွဲထားတယ်၊ ကျုပ်ဟာ ဒီနာရီကြီးကိုကြည့်ပြီး အစားအသောက် စားလေ့ရှိတယ်၊ ဒီနာရီဟာ လွန်ခဲ့တဲ့ လလောက်ကစပြီး အချိန်မမှန်



www.burmeseclassic.com

www.burmeseclassic.com

တော့ဘဲ မကြာခဏ ရပ်ရပ်နေတယ်၊ မောင်မင်း ကြိုးစား ပြီး အကောင်းဆုံး ပြင်ပေးပါ"

ဟု ပြောလေ၏။ မက်ကောလင်း၏ နာရီသည် ဆွစ်ဇာလန်နိုင်ငံလုပ်ဖြစ်ပြီး အလွန်လှပသော အိမ်ရှည်အမျိုးအစား ဖြစ်၏။

ထိုနာရီကြီး၏ရှေ့၌ လေးထောင့်အပေါက်လေးတစ် ပေါက်ရှိပြီး ထိုအပေါက်မှ ငှက်ရုပ်ကလေးထွက်လာပြီး တစ်နာရီ ရှိလျှင် ငှက်ရုပ်က တစ်ချက်အော်မြည်၍၊ နှစ်နာရီ၊ သုံးနာရီ စသည်ဖြင့်လည်း ပြောင်းလဲအော်မြည်ကြောင်း သိရ၏။

ကျွန်ုပ်သည် နာရီဝါသနာအိုးတစ်ယောက် ဖြစ်နေ လေရာ ထောင်မှူးကြီး၏နာရီကြီးကို စိတ်တိုင်းကျ ကြည့်ရှုစစ် ဆေးလေ၏။

နာရီအတွင်းရှိ စက်များကို အလွန်နီအရည်အသွေး ကောင်းသော သံမဏိဖြင့် ပြုလုပ်ထားကြောင်း တွေ့ရ၏။



ကျွန်ုပ်သည် နာရီကြီးတစ်ခုလုံးကိုဖြုတ်၍ အတွင်း ရှိ စက်ကိရိယာများကို စစ်ဆေးကြည့်ရှုလေ၏။

နာရီကြီးသည် အလွန်ကြီးမားသဖြင့် နာရီအိမ်ကြီး မှာလည်း ကြီးမားလှ၏။

ကျွန်ုပ်သည် မက်ကောလင်း၏ နာရီကြီးကို ကြည့် ရှုရင်း လူယုတ်မာကြီးကို လုပ်ကြံမည့်နည်းလမ်းကို မမျှော်လင့် ဘဲ သွားတွေ့လေ၏။

ထိုနည်းလမ်းကို တွေးမိပြီး မက်ကောလင်း၏ အိမ်ပြတင်းပေါက်မှ ခြံတွင်းကို ကြည့်ရှုလေရာ လုပ်ကြံမှုအောင်မြင် နိုင်မည့် အနေအထားကို တွေ့ရ၏။

ကျွန်ုပ်သည် ထိုနေ့တစ်နေ့လုံး ဆွစ်ဇာလန်နာရီ ကြီးကို ပြုပြင်ခြင်း မရှိတော့ဘဲ လူယုတ်မာကြီးကို လုပ်ကြံနိုင် မည့် နည်းလမ်းများကို စဉ်းစားနေလေ၏။

ကျွန်ုပ်သည် ညနေ အိပ်ဆောင်သို့ ပြန်သောအခါ ဦးရွှေကောင်းနှင့် သွားတွေ့၍ ...

www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ ဦးရွှေကောင်း။ မက်ကောလင်းကို ပိပိရိရိလုပ်ကြံနိုင်မယ့် နည်းလမ်းကို ကျုပ်တွေ့ပြီဗျ"

ဟု ပြောလေရာ ဦးရွှေကောင်းက ကျွန်ုပ်ကို မျက်မှောင်ကြုတ်ကြည့်၍ ...

"ဘယ်လိုနည်းလဲကွ၊ ပြောပါဦး"

ဟု မေးမြန်းလေ၏။

ကျွန်ုပ်က ...

"သေနတ်တစ်လက်တော့ လိုတယ်ဗျ၊ သေနတ်တစ်လက်သာရရင် မက်ကောလင်းကြီး ခရစ်တော်ထံမှာ အိပ်ပျော်သွားပြီဗျာ"

ဟု ပြောလေရာ ဦးရွှေကောင်းက ...

"ဟော့ကောင် ... မင်း တကယ်ပြောတာလား၊ မက်ကောလင်း သေမယ်ဆိုရင် သေနတ်တစ်လက်ကို မရ,ရအောင်ရှာပြီး ငါ ထောင်ထဲသွင်းပေးမယ်၊ တစ်ကျွန်းမှာ ပိုက်ဆံသာရှိရင် ဘာမဆိုဖြစ်တယ်ကွ၊ အစိက,က ပိုက်ဆံနဲ့အဆက်





အသွယ်ပဲ၊ ငါ့မှာ အဆက်အသွယ်ကောင်းကောင်းတွေ ရှိတယ်၊ သူတို့ကို ပိုက်ဆံကောင်းကောင်းပေးပြီး သေနတ်မှာရင် မှာလို့ရတယ်၊ ကဲ ... သေနတ်ရပြီဆိုရင် မင်းက ဘယ်လိုလုပ်မှာလဲ"

ဟု ပြောလေ၏။ ထိုအခါ ကျွန်ုပ်က စိတ်အားတက်ကြွစွာဖြင့် ...

"ထောင်မှူးကြီး မက်ကောလင်းရဲ့ထမင်းစား စားပွဲအရှေ့မှာ ပြတင်းပေါက်တစ်ပေါက်ရှိတယ်၊ ပြတင်းပေါက်နဲ့မလှမ်းမကမ်း ထောင်အပြင်ဘက်မှာ ပေါက်နေတဲ့ သရက်ပင်ကြီးတစ်ပင်ရှိတယ်၊ သရက်ကိုင်းက ထောင်အုတ်တံတိုင်းဘက်ကွေးကျနေတယ်ဗျ၊ အဲဒီသရက်ကိုင်းကြီး ရှိနေတာ မက်ကောလင်းကို ပိပိရိရိ လုပ်ကြံဖို့အတွက် အရေးအကြီးဆုံးအချက်ပဲ"

ဟု ပြောလေရာ ဦးရွှေကောင်းက မျက်မှောင်ကြုတ်၍ ...



www.burmeseclassic.com

www.burmeseclassic.com



"ငါ သိပြီ၊ မင်းက သရက်ကိုင်းပေါ်ကနေ သေနတ်နဲ့ ပစ်မယ်ပေါ့၊ ဟုတ်လား၊ မဖြစ်နိုင်တာ မကြံစမ်းပါနဲ့ကွာ၊ သေနတ်သံ ဒိုင်းခနဲ ကြားတာနဲ့ ထောင်ဝါဒါတွေ အကုန်လုံး ရောက်လာလိမ့်မယ်၊ မင်း ဘယ်လိုမှ ပြေးမလွတ်ဘူး"

ဟု ပြောလေ၏။ ဦးရွှေကောင်း၏စကားကြောင့် ကျွန်ုပ်က ရယ်မော၍ ...

"ကိုယ်တိုင်မပစ်ပါဘူးဗျာ၊ လူငှားနဲ့ ပစ်ခိုင်းမှာပေါ့"

ဟု ပြောလိုက်၏။ ဦးရွှေကောင်းက ခေါင်းခါယမ်း၍ ...

"မဖြစ်နိုင်ပါဘူးကွာ၊ ဒီလိုကိစ္စမျိုးဟာ တတ်နိုင်သမျှ လူစိမ်းတွေမသိအောင် ကြံရတာကွ၊ အက်ဒမန်ကျွန်းမှာ ဘယ်သူ့ကိုမှ မယုံရဘူးလို့ ငါပြောထားတယ် မဟုတ်လား၊ ဒီလူက သစ္စာမရှိလို့ ဖော်ထုတ်လိုက်ရင် မင်းနဲ့ငါ နှစ်ယောက်စလုံး ထောင်ထဲမှာ ကြိုးဒဏ်ခံရလိမ့်မယ်"

ဟု ပြောပြန်၏။ ကျွန်ုပ်က ရယ်မော၍ ...





"ဒီလို သစ္စာမရှိတဲ့သူကို ကျုပ်က ဘယ်ငှားမလဲဗျာ၊ ကျုပ်ကို တန်ပြန်ထိမဲ့ အလုပ်ကို ကျုပ် လုပ်မလားဗျ"

ဟု ပြောလေရာ ဦးရွှေကောင်းက နားမလည်ဟန်ဖြင့် သက်ပြင်းချ၍ ...

"မင်းစကားတွေက ပဟေဠိလိုပါပဲကွာ၊ ဘယ်လိုစီစဉ်ထားလို့လဲ၊ ငါ့ကို ရှင်းပြပါဦး"

ဟု ပြောလေ၏။ ကျွန်ုပ်ကရယ်မော၍ ...

"ဒါတော့ သည်းခံဗျာ၊ ဒီကိစ္စကို လျှို့ဝှက်ထားလိုက်မယ်၊ အချိန်တန်ရင် ဦးရွှေကောင်း သိရမှာပါဗျာ၊ ဟဲ ဟဲ ... မပြီးခင် မြန်မာမမြင်စေနဲ့တဲ့၊ ဦးရွှေကောင်းကို အံ့သြစေချင်လို့ပါ၊ ကျုပ်ကို ယုံကြည်တယ် မဟုတ်လား"

ဟု ပြောလိုက်လေ၏။ ဦးရွှေကောင်းက ခေါင်းညိတ်၍ ...

"မင်းကို ငါ ယုံပါတယ်ကွာ၊ ဘာပဲဖြစ်ဖြစ် မင်းလိုချင်တဲ့ သေနတ်ကို ငါ ရအောင်ယူပေးမယ်"

ဟု ပြောလေ၏။ ကျွန်ုပ်က မျက်မှောင်ကြုတ်၍...



www.burmeseclassic.com

www.burmeseclassic.com



"သေနတ်နဲ့အတူ အဲဒီသေနတ်က ပစ်ပြီးသား ယမ်းတောင့်ခွံတစ်ခုကိုလည်း လိုချင်တယ်"

ဟု ပြောလေရာ ဦးရွှေကောင်းက ခေါင်းညိတ်၍...

"ကျွန်းမှာ ပိုက်ဆံရှိရင် ဘာမဆိုဖြစ်တယ်၊ မင်းလိုချင်တဲ့ သေနတ်ကို သုံးရက်အတွင်း ငါ ရအောင်ယူပေးမယ်"

ဟု ပြောလေ၏။

ဦးရွှေကောင်း သေနတ်ရအောင် ကြိုးပမ်းနေချိန်၌ ကျွန်ပ်သည် မက်ကောလင်း၏ နာရီများကို အချိန်ဆွဲ၍ စစ်ဆေးနေလေ၏။ နာရီရှူး မက်ကောလင်းသည် ကျွန်ုပ်က သူ၏နာရီများကို ဂရုစိုက် ပြုပြင်ပေးသဖြင့် အလွန်သဘောကျနေလေ၏။

နောက်သုံးရက်ခန့် ကြာသောအခါ ဦးရွှေကောင်းသည် အမှန်တကယ်ပင် ကျွန်ုပ် မှာယူထားသော သေနတ်ကို ထောင်တွင်းသို့ သွင်းနိုင်လေ၏။ ဦးရွှေကောင်းသည် အဝတ်ဖြင့် စည်းထားသောသေနတ်ကို ကျွန်ုပ်လက်သို့ အပ်လိုက်ရာ ကျွန်ုပ်က ...





"ထောင်ထဲကို သေနတ်ရအောင် ဘယ်လိုသွင်းတာလဲ"

ဟု မေးမြန်းလေ၏။

ဦးရွှေကောင်းက သဘောကျဟန်ဖြင့် ရယ်မော၍...

"ထောင်ထဲမှာ ပိုက်ဆံရှိရင် ဘာမှမခက်ပါဘူး၊ ထောင်ထဲကို ပဲကြီးပို့တဲ့လှည်းရှိတယ်၊ ဒီသေနတ်ကို ပဲတွေအောက်ကနေ ဖွက်ပြီးတော့ သွင်းခဲ့တာပဲ၊ သေနတ်ပို့တဲ့သူက ကျွန်းပေါ်မှာ ငါးခြောက်ကုန်သည်တစ်ယောက်ကွ၊ သူက ငါးခြောက်ကို ဟန်ပြရောင်းတယ်၊ အမှန်တကယ် ရောင်းတဲ့ပစ္စည်းတွေက ဘိန်းနဲ့ ဆေးခြောက်တွေပဲ"

ဟု ပြောလေ၏။ ကျွန်ုပ်၏လက်ထဲသို့ သေနတ်ရောက်လာသောအခါ ကျွန်ုပ်သည် သေနတ်ကို သေချာစွာဖွက်ထားလေ၏။

ကျွန်ုပ်သည် နောက်တစ်နေ့ ထောင်မှူးကြီးအိမ်သို့ နာရီပြင်ရန် ရောက်သွားသောအခါ သေနတ်ကိုလည်း တစ်ပါ

www.burmeseclassic.com

www.burmeseclassic.com



တည်း ယူဆောင်သွားလေ၏။ ကျွန်ုပ်သည် နာရီများပြင်ဆင်သော အခန်းကို တံခါးပိတ်လိုက်ပြီး ယူဆောင်လာသော သေနတ်ဒင်ကို သံဖြတ်လွှဖြင့် ဖြတ်တောက်လေ၏။

ထို့နောက် မက်ကောလင်း၏ ရှေးဟောင်းနာရီအိမ်ကြီးကိုဖွင့်ကာ သေနတ်ကို သေချာစွာထည့်သွင်းလေ၏။ နေ့တစ်ဝက်မျှ ပြင်ဆင်ပြီးသောအခါ မက်ကောလင်း၏ နာရီအိမ်ကြီးကို ပြန်လည်တပ်ဆင်လေ၏။

ထိုသို့တပ်ဆင်ပြီးနောက် ထောင်မှူးကြီး မက်ကောလင်း ရောက်ရှိလာသောအခါ ...

"ထောင်မှူးကြီးရဲ့ နာရီကြီးကို အကောင်းပကတိဖြစ်အောင် ပြင်ဆင်ပြီးပါပြီ ဒီအချိန်ကစပြီး နာရီကြီးကို အရင်လိုပဲ ပြန်ပြီး အသုံးပြုနိုင်ပါပြီ"

ဟု ပြောလိုက်ရာ မက်ကောလင်း၏မျက်နှာ ဝင်းလက်သွားပြီး ...





"မောင်မင်း တော်တယ်၊ ဒီနာရီကြီးဟာ ဆွစ်ဇာလန်မှာ ဈေးကြီးပေးပြီး ဝယ်ထားတဲ့ နာရီကြီးပဲ၊ ကျန်တဲ့နာရီတွေကိုလည်း လန်ဒန်ကဝယ်ပြီး စုဆောင်းထားခဲ့တယ်၊ အိန္ဒိယကိုရောက်မှ ဝယ်ထားတဲ့ နာရီတွေလည်းရှိတယ်၊ ဘာပဲဖြစ်ဖြစ် ကျုပ်ရဲ့ရှေးဟောင်းနာရီကြီးကို အကောင်းပကတိဖြစ်အောင် ပြုပြင်နိုင်တာ မောင်မင်းရဲ့နာရီပညာ ကျွမ်းကျင်မှုကြောင့်ပဲ"

ဟု ချီးမွမ်းလေ၏။ ထိုအခါ ကျွန်ုပ်က မက်ကောလင်း၏နာရီကြီးကို ထမင်းစားခန်း၌ ကိုယ်တိုင်ပင် တပ်ဆင်ပေးချင်ကြောင်း ပြောလေရာ မက်ကောလင်းက ...

"အိမ်မှာ ထောင်ဝါဒါတွေ ရှိပါတယ်၊ သူတို့ကို တပ်ခိုင်းလို့ ရပါတယ်"

ဟု ပြောလေရာ ကျွန်ုပ်က ...

"နာရီကြီးကို ပြင်ပြီးကာစ စိတ်မချလို့ ကိုယ်တိုင်တပ်ဆင်ခွင့်ပြုပါ၊ ဝါဒါတွေဆင်ရင် ချိန်သီးနေရာလွဲသွားရင် နာရီရဲ့အချိန် မမှန်မှာစိုးလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလေ၏။ ကျွန်ုပ်၏တောင်းဆိုချက်ကြောင့် မက်ကောလင်းသည် ရှေ့ဟောင်းနာရီကြီးကို သူ၏ထမင်းစားခန်း၌ ကျုပ်ကိုယ်တိုင် ဆင်ခွင့်ပြုလေ၏။

ကျွန်ုပ်သည် ထမင်းစားခန်းရှိ မက်ကောလင်း ထိုင်လေ့ရှိသော လိုင်ခုံကြီး၏ ရှေ့တည့်တည့်၌ နာရီကြီးကို တိကျစွာချိန်တွယ်ထားလေ၏။

ပြီးနောက် မက်ကောလင်းရှိရာသို့သွား၍ ...

"နာရီပြင်ထားတာ မကြာသေးလို့ အသားမကျသေးဘူး နာရီကို ဘယ်သူမှ မကိုင်ဖို့ သတိပေးပါ"

ဟု မှာကြားလေ၏။

ကျွန်ုပ်သည် မက်ကောလင်းထံမှ ထွက်ခွာလာသော အချိန်၌ မက်ကောလင်း၏မျက်နှာကို အသက်ရှင်လျက်နှင့် နောက်ဆုံးကြည့်ရှုလိုက်လေ၏။ ကျွန်ုပ်၏အကြံအစည်သာ အောင်မြင်ခဲ့လျှင် လူလူချင်း ထောင်ထားညှာတာမှု ကင်းမဲ့စွာဖြင့် ရက်ရက်စက်စက် နှိပ်စက်သော လူယုတ်မာကြီးသည် မကြာမီအချိန်ပိုင်းအတွင်း ခရစ်တော်ထံတွင် အိပ်ပျော်ပေတော့မည်။





ကျွန်ုပ်သည် မက်ကောလင်းထံမှ ထွက်ခွာလာပြီးသောအခါ မက်ကောလင်း၏ ခြံအနီးရှိ သရက်ပင်ကြီးသို့သွားကာ သရက်ပင်ခြေရင်း၌ ယမ်းတောင့်ခွံလေးတစ်ခုကို လူအများမြင်သာအောင် ချထားလိုက်လေ၏။

ပြီးနောက် ကျွန်ုပ်၏အကြံအစည်များ အောင်မြင်ပြီဖြစ်သဖြင့် ဦးရွှေကောင်းနှင့် တွေ့သောအခါ ကျွန်ုပ်က လက်မထောင်၍ ...

"ဒီနေ့ည ခုနစ်နာရီနဲ့ ရှစ်နာရီကြားမှာ သေနတ်သံ နားထောင်ပေတော့၊ တကျော့ရုးကြီး ငရဲပြည်ရောက်တော့မယ်"

ဟု ပြောလေရာ ဦးရွှေကောင်းက ...

"မောင်ရင် လုပ်တာတွေ ကျုပ် နားမလည်နိုင်တော့ဘူး၊ မက်ကောလင်းကို ဘယ်သူလုပ်ကြံမှာလဲ၊ ပြဿနာတွေ ဖြစ်မှာ ကျုပ် စိုးရိမ်တယ်"

ဟု ပြောလေ၏။ ထိုအခါ ကျွန်ုပ်က ရယ်မော၍...



www.burmeseclassic.com

www.burmeseclassic.com



"ခဏလောက် သည်းခံပါ ဦးရွှေကောင်းရယ်၊ အများဆုံး စောင့်ရလှ နောက်ထပ် နှစ်နာရီပါ၊ ပြီးရင် ကျုပ်ရှင်းပြပါ့ မယ်"

ဟု ပြောလေ၏။

ညဥ့်သို့ရောက်သောအခါ ကျွန်ုပ်သည် ဖိုကြီး၌ ထမ်းကိုပင် သွားမယူနိုင်ဘဲ ရင်တထိတ်ထိတ်နှင့် ရှိနေလေ၏။ ညစ္စနစ်နာရီ သံချောင်းခေါက်သံကို ကြားရ၏။ ကျွန်ုပ်၏နာရီ ဆရာကြီး နာရာဆင်းက ...

"မောင်ရွှေသိုက် ဒီနေ့ကြည့်ရတာ မျက်နှာမကောင်းပါလား၊ မက်ကောလင်းက ဆူပူလိုက်လို့လား"

ဟု မေးမြန်းလေ၏။ ကျွန်ုပ်သည် မျက်နှာကို ရွှင်ပျအောင် ပြင်လိုက်ပြီး ...

"မဆူပါဘူးဗျာ၊ ကျုပ် ညကအိပ်မပျော်လို့ ဒီနေ့ မအီ မသာ ဖြစ်နေတာပါ၊ ညကတစ်ညလုံး မြန်မာပြည်မှာ ကျန်နေတဲ့ ဇနီးအကြောင်းကို တွေးနေလို့ပါ"





ဟု ပြောလိုက်ရာ နာရာဆင်းက သက်ပြင်းချ၍ ...

"ငါတို့ဘဝက ဒီအချိန်မှာ အရာရာကို မေ့ထားနိုင်မှ တော်ရုံကျမယ်ကွ၊ ငါ့ဇနီး ငါ့သား ဘယ်လိုနေမလဲလို့ တွေးနေရင် အလကားပဲကွ၊ ထောင်ထဲမှာရှိနေတုန်း သူတို့ ကို ကိုယ် ဘာမှလုပ်မပေးနိုင်ဘူး၊ သတ္တဝါတစ်ခု ကံတစ်ခု လို့ သဘောထားပါကွာ"

ဟု နှစ်သိမ့်လေ၏။ ကျွန်ုပ်သည် နာရာဆင်း၏နှစ် သိမ့်မှုကို နားမဝင်ဘဲ ထောင်ဘူးဝမှ နာရီသံချောင်းခေါက်သံကို သာ နားဆင်နေမိလေ၏။

ည(၈)နာရီသံချောင်းခေါက်သံ မကြာမီ ထွက်ပေါ် လာတော့မည်။

ထိုသံချောင်းခေါက်သံ ထွက်ပေါ်သည်နှင့် မက်ကော လင်းကြီး ဘုရားသခင်ထံတွင် အိပ်ပျော်ပေတော့မည်။

ကျွန်ုပ်သည် စိတ်လှုပ်ရှားလွန်းသဖြင့် ထိုင်နေရမလို ထနေရမလို ဖြစ်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲတွင် ပူလောင်သယောင် ရှိသဖြင့် ရေတစ်ခွက်ပြီးတစ်ခွက်သောက်နေ၏။ ညစာထမင်းကိုတော့ မစားနိုင်တော့ချေ။

ထိုအခိုက်မှာပင် ဘူးဝမှ နာရီသံချောင်းခေါက်သံ (၈)ချက်ကို တစ်ချက်ပြီးတစ်ချက် ကြားရလေ၏။

ကျွန်ုပ်သည် စိတ်လှုပ်ရှားလွန်းသဖြင့် မျက်မှောင်ကြုတ်ပြီး သေနတ်သံကို နားထောင်၏။

သို့သော် မည်သည့်သေနတ်သံကိုမျှ မကြားရသဖြင့် ကျွန်ုပ်၏တစ်ကိုယ်လုံး ချွေးများရွှဲနစ်နေ၏။

ထိုအခိုက်မှာပင် နာရာဆင်းသည် ကျွန်ုပ်၏အနီးသို့ရောက်လာပြီး ...

"မောင်ငွေသိုက် ဘာဖြစ်နေတာလဲ၊ တစ်ကိုယ်လုံးချွေးတွေရွှဲနစ်နေတာပဲ၊ နေမကောင်းလို့လား"

ဟု မေးမြန်းလေ၏။ ကျွန်ုပ်သည် နာရာဆင်းဘက်သို့လှည့်၍ မည်သို့ဖြေဆိုရမှန်းမသိ ဖြစ်နေစဉ် "ဒိုင်း ... ဒိုင်း"





ဟူသော သေနတ်သံနှစ်ချက် ကြားရလေ၏။ ကျွန်ုပ်သည် သေနတ်သံကြောင့် မျက်လုံးပြူးပြီး လွန်စွာစိတ်လှုပ်ရှားသွား၏။

ကျွန်ုပ်၏ အကြံအစည်များ အောင်မြင်မှာ သေချာနေလေပြီ။ သို့သော် ကံကြမ္မာကြောင့် တစ်စုံတစ်ခု လွဲသွားမှာစိုးရ၏။ သေနတ်သံနှစ်ချက်ကြောင့် ရုတ်တရက် ထောင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်သွား၏။

ပြီးမှ ဟိုမှ သည်မှ အသံများ ဖြစ်ပေါ်လာ၏။ ထောင်လှန့်သံချောင်းခေါက်သံကိုလည်း နေရာအစုံမှ ကြားရ၏။

နာရာဆင်းသည် ကျွန်ုပ်၏မျက်လုံးအစုံကို စူးစိုက်ကြည့်၍ ...

"ထောင်ထဲမှာ တစ်ခုခုတော့ ဖြစ်နေပြီ၊ ကျုပ်အထင် ဒီလိုဖြစ်မှာကို မောင်ငွေသိုက် ကြိုသိနေသလိုပဲ"

ဟု ပြောလေရာ ကျွန်ုပ်သည် ရင်ထိတ်သွားလေ၏။

ထို့ကြောင့် နာရာဆင်းကိုကြည့်၍ ...



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်မှာ အနာဂတ်ကို ကြိုသိနိုင်တဲ့ အသိဉာဏ် မရှိပါ ဘူးဗျာ"

ဟု ပြောလိုက်ရာ နာရာဆင်းက သက်ပြင်းချ၍-

"ကြိုတင်တွက်ဆနိုင်တဲ့ အသိဉာဏ်တော့ ရှိမယ်ထင်တယ်"

ဟု ပြောလေ၏။

ထိုအချိန်၌ ထောင်တစ်ခုလုံး ဆူညံသော သံချောင်းခေါက်သံနှင့် အော်ဟစ်သံများ ကြားရလေ၏။ ထောင်လှန့်သံချောင်းခေါက်သံများ နေရာအနှံ့မှ ထွက်ပေါ်နေလေ၏။

ထောင်မှူးကြီးအိမ်သို့ ဟစ်အော်ပြေးလွှားနေသူများနှင့် ထောင်တစ်ခုလုံး မီးရောင်များထွန်းညှိကာ အစောင့်ပုလိပ်များ ဟိုသည်ပြေးလွှားနေခြင်းကိုထောက်၍ ကျွန်ုပ်၏အကြံအစည်များ အောင်မြင်ပြီဟု ခံစားရလေ၏။

သို့သော် အတိအကျ အောင်မြင်ခြင်း ရှိမရှိ မသိနိုင်သေးချေ။

သေနတ်သံများကို ကြားရသောကြောင့် ထောင်အတွင်းရှိ အကျဉ်းသားအချို့က ...





"သေနတ်နဲ့ ပစ်တယ်ဟေ့ ... ဝပ်ကြ ... ဝပ်ကြ"

ဟုဆိုလိုက်ရာ ထောင်တစ်ခုလုံး အထိတ်တလန့်နှင့် ကြမ်းပေါ်၌ ဝတ်ကြလေ၏။ ထောင်ပြင်ပတွင်လည်း ဆူဆူညံညံ အသံမျိုးစုံကို ကြားရသဖြင့် မိုဖလဲယားမြို့တစ်မြို့လုံးပင် ဆူညံပွက်နေကြောင်း သိရ၏။

မကြာမီ ထောင်အတွင်းသို့ ပုလိပ်များနှင့် ကျွန်းလုံခြုံရေးတပ်သားများ အပြေးအလွှား ဝင်ရောက်လာကာ အကျဉ်းသားများအား ကောင်းမွန်စွာ နေထိုင်ကြရန် အော်ဟစ်ပြီး အမိန့်ပေးလေ၏။

စီလူလာထောင်အတွင်းရှိ စလိုက်မီးကြီးများသည် ထောင်ပတ်ဝန်းကျင်အနှံ့ ဟိုသည်ထိုး၍နေ၏။ မိုဗလဲယားမြို့တစ်မြို့လုံး လုံခြုံရေးအဖွဲ့၏ စကားသံများ ဆူညံပွက်နေလေ၏။

ကျွန်ုပ်သည် ထောင်၏အခြေအနေကို ကြည့်၍ သူယုတ်မာကြီး မက်ကော်လင်းကို လုပ်ကြံသော အကြံအစည် အောင်မြင်ပြီဖြစ်ကြောင်း ရိပ်စားမိလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်းလုံခြုံရေးတပ်သားများသည် လက်နက်ကိုယ်စီ ကိုင်၍ အကျဉ်းသားများကို ဟိန်းဟောက်နေလေ၏။ အကျဉ်းသားများသည် အကြောင်းမဲ့ အသက်မဆုံးစေသောကြောင့် ငြိမ်သက်စွာနေကြ၏။

ကျွန်းလုံခြုံရေးတပ်သားများ ပြန်သွားသောအခါ ထောင်ပြာတာတစ်ယောက်မှတစ်ဆင့် လူယုတ်မာကြီး မက်ကောလင်း သတင်းဆိုးကို ကြားရလေ၏။ ထောင်မှူးကြီးကို တစ်စုံတစ်ယောက်က သေနတ်ဖြင့် ပစ်ခတ်ပြီး လုပ်ကြံသွားကြောင်း၊ လုပ်ကြံသူကို ရှာဖွေဆဲဖြစ်ကြောင်း၊ ထောင်မှူးကြီးမှာ သေသည် ရှင်သည်မသိဘဲ ဆေးရုံသို့ ပို့ဆောင်ရကြောင်း သိရသဖြင့် ကျွန်ုပ်၏အကြံ အောင်ပြီဖြစ်ကြောင်း သိလိုက်ရ၏။

ထိုညက ကျွန်ုပ်သည် မက်ကောလင်းကို ငရဲပြည်သို့ ပို့လိုက်သည့်အတွက် အိပ်မပျော်နိုင်ဘဲရှိ၏။ ကျွန်ုပ်၏ပယောဂကြောင့် ထောင်မှူးကြီးတစ်ယောက် အသက်ဆုံးရချေပြီ။ သို့သော် ထောင်မှူးကြီးသည် စီလူလာထောင်၏ ရာဇဝင်တွင် စာတင်မည့် ငရဲသားကြီးဖြစ်၏။





မက်ကောလင်းကြောင့် အသက်ဆုံးရသူများ၊ နှိပ်စက်ညှဉ်းပန်းမှုကြောင့် မသေရုံတစ်မည်ဖြစ်ကြသူများ၊ ငှင်းဖျက်ဆီးလိုက်သောကြောင့် ဘဝပျက်ရသော အမျိုးကောင်းသမီးလေးများသည် ကျွန်ုပ်၏လုပ်ရပ်ကို သဘောကျမှာ သေချာ၏။

မက်ကောလင်းကဲ့သို့ ထောင်သားများကို ငရဲသားကဲ့သို့ သဘောထားသော မျက်နှာဖြူထောင်အရာရှိကြီးများအား စံနမူနာပေးလိုက်ခြင်းလည်းဖြစ်၏။ နောင်အခါ မက်ကောလင်းကဲ့သို့ ရက်စက်ကြမ်းကြုတ်သော ထောင်မှူးများ မပေါ်ပေါက်ပါစေနဲ့ဟူ၍သာ ဆုတောင်းရလေ၏။

နောက်တစ်နေ့သို့ ရောက်သောအခါ ထောင်ဖွင့်ချိန်တန်သည့်တိုင် ထောင်ကိုမဖွင့်သေးဘဲ ပုလိပ်အရာရှိများ၊ စုံထောက်များ ရောက်ရှိလာပြီး စုံထောက်များသည် ထောင်သားများအားလုံးကို အိမ်ဆောင်အတွင်းမှထုတ်၍ ထောင်တန်းလျားများကို အသေးစိတ် ရှာဖွေလေ၏။

စုံထောက်များသည် ထောင်မှူးကြီးအိမ်သို့ သွားရောက်စစ်ဆေးလေ၏။



www.burmeseclassic.com

www.burmeseclassic.com



စုံထောက်များသည် ထောင်မှူးကြီး သေဆုံးခြင်းနှင့် ပတ်သက်၍ ထောင်မှူးကြီးအိမ်၌ရှိသော ဘဏ္ဍာစိုး၊ ထမင်းချက် စသည့် အိမ်အလုပ်သမားများကို စစ်ဆေးလေ၏။ ထောင်မှူးကြီး၏ ဘဏ္ဍာစိုးကို စုံထောက်အရာရှိများက စစ်ဆေးသောအခါ ဘဏ္ဍာစိုးကြီးက ...

"ထောင်မှူးကြီးဟာ ည(၇)နာရီ၊ ဒါမှမဟုတ် ည(၈)နာရီလောက်မှာ ညစာစားလေ့ရှိပါတယ်၊ လွန်ခဲ့တဲ့ညက ထောင်မှူးကြီး အလုပ်များတဲ့အတွက် ည(၇)နာရီမှာ ထမင်းမစားနိုင်ဘဲ ည(၈)နာရီထိုးကာနီးမှ စားဖြစ်တယ်၊ ထောင်မှူးကြီး ညစာစားပြီး မကြာမီမှာပဲ သေနတ်သံနှစ်ချက် ဆင့်ကြားရတယ်၊ အဲဒီအချိန်မှာ ကျွန်တော်က အိမ်အောက်ထပ်မှာ သခင်ကြီးအတွက် ပန်းသီးတွေ စိပ်နေပါတယ်၊ ကျွန်တော်တဲ့ ထမင်းချက်မိန်းမကြီးက မီးဖိုချောင်ထဲမှာ သခင်ကြီးအတွက် လိုအပ်တာတွေ စီမံပေးနေတယ်၊ အဲဒီအချိန်တုန်းက သခင်ကြီးအနီးမှာ ဘယ်သူမှ မရှိပါဘူး"





ဟု ပြောလေ၏။ စုံထောက်များသည် မက်ဂေဘလင်း သေဆုံးသွားသောထိုင်ခုံမှ ရှေ့တည့်တည့်တွင်ရှိသော ပြတင်းပေါက်ကိုကြည့်၍ စုံထောက်တစ်ဦးက ...

"ပြတင်းပေါက်အပြင်က လှမ်းပစ်တာ သေချာနေပြီ"

BURMESE CLASSIC .com

ဟု ဆိုကာ စုံထောက်များသည် ခြံဝင်းထဲသို့ဆင်း၍ စစ်ဆေးကြလေ၏။ အုတ်တံတိုင်းအနီး၌ ထိုးထွက်နေသော သရက်ကိုင်းကိုကြည့်၍ စုံထောက်တစ်ယောက်သည် အုတ်တံတိုင်း အပြင်သို့ထွက်၍ သရက်ပင်အောက်သို့ သွားရောက်ကြည့်ရှုကြ၏။

စုံထောက်များသည် သရက်ပင်အောက်၌ ယမ်းတောင့်အခွံတစ်ခုကို တွေ့ရှိသဖြင့် ထောင်မှူးကြီးကို သရက်ကိုင်းပေါ်မှ လုပ်ကြံသတ်ဖြတ်သွားသည်ဟု မှတ်ချက်ချလိုက်၏။

✤ ✦ ✤



www.burmeseclassic.com

www.burmeseclassic.com



လူယုတ်မာကြီး မက်ကောလင်း သေဆုံးပြီး နောက်တစ်နေ့၌ ဦးရွှေကောင်းနှင့် တွေ့ဆုံ၏။ ဦးရွှေကောင်းက ကျွန်ုပ်၏ပခုံးကိုပုတ်၍ ...

"ငွေသိုက် ... မင်းရဲ့သတ္တိကို ချီးမွမ်းတယ်ကွာ၊ အကြံဉာဏ်လည်း သိပ်ကောင်းတယ်၊ အခုအချိန်ထိ ခွေးသူခိုးကြီးကို မင်း ဘယ်လိုလုပ်ကြံလိုက်သလဲဆိုတာ ငါ တွေးလို့မရသေးဘူး၊ ထောင်ထဲက အကျဉ်းသားတွေ အားလုံးကတော့ ခွေးသူခိုးကြီးသေတော့ ဝမ်းသာလိုက်တာ မပြောနဲ့၊ ပျော်ပွဲရွှင်ပွဲတောင် လုပ်ချင်ကြတယ်၊ မက်ကောလင်းကို လုပ်ကြံတာ ဘယ်သူလဲဆိုတာလည်း သိပ်သိချင်နေကြတယ်၊ အကျဉ်းသားတွေအားလုံးက မင်းကို သူရဲကောင်း





တစ်ယောက်လို့ သတ်မှတ်လိုက်ကြပြီ၊ ဒီကိစ္စနဲ့ပတ်သက်ပြီး ပိပိရိရိ ရှိပါတယ်နော်"

ကျွန်ုပ်က ခေါင်းညိတ်၍ ...

"ဦးရွှေကောင်းကို ယမ်းတောင့်ခွံလေးတစ်ခု ဘာကြောင့်တောင်းတယ်ဆိုတာ သိပြီမဟုတ်လား၊ သရက်ပင်အောက်မှာ ကျုပ်ပစ်ထားတဲ့ ယမ်းတောင့်ခွံလေးကို ကြည့်ပြီး စုံထောက်တွေက သရက်ပင် သစ်ကိုင်းပေါ်က လုပ်ကြံတယ်လို့ ယူဆသွားကြတယ်"

ဟု ပြောလိုက်ရာ ဦးရွှေကောင်းက စိတ်လှုပ်ရှားဟန်ဖြင့် ...

"နေပါဦးကွာ၊ မက်ကောလင်းကို ဘယ်သူသတ်သွားတာလဲ၊ မင်းကိုယ်တိုင် လုပ်တာတော့ မဟုတ်ပါဘူးနော်"

ဟု မေးမြန်းလေ၏။ ကျွန်ုပ်က သက်ပြင်းချ၍ ...

"ကျုပ်ကိုယ်တိုင် မသတ်ပါဘူးဗျာ၊ ကျုပ် ငှားထားတဲ့လူက သတ်လိုက်တာပါ"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလိုက်ရာ ဦးရွှေကောင်းက လက်ဖျစ်တီး၍ ...

"ကျုပ်သိပြီ၊ မင်းငှားထားတာ မက်ကောလင်းရဲ့ ဘဏ္ဍာစိုး မဟုတ်လား၊ ဒီလူတွေ ပါးစပ်မလုံရင် ခက်မယ်နော်"

ဟု ပြောလေ၏။ ထိုအခါ ကျွန်ုပ်က ...

"ဦးရွှေကောင်းကို အံ့သြစေချင်တဲ့ ရည်ရွယ်ချက်ကြောင့်ပါ၊ တကယ်တော့ မက်ကောလင်းကို သတ်တဲ့တရားခံက မယ်ကောလင်းရဲ့ ထမင်းစားခန်းက ငှက်ရုပ်ပါတဲ့ ရှေးဟောင်းနာရီကြီးဗျ"

ဟု ပြောလေရာ ဦးရွှေကောင်းက ကျွန်ုပ်ကို နားမလည်ဟန်ဖြင့်ကြည့်၍ ...

"ငှက်ရုပ်ပါတဲ့နာရီက မက်ကောလင်းကို သတ်တယ်၊ ဟုတ်လား၊ ငါတော့ ခေါင်းရှုပ်လာပြီ၊ သေသေချာချာရှင်း ပါဦးကွာ"

ဟု ပြောလေ၏။





ကျွန်ုပ်က ဦးရွှေကောင်းကို ကြည့်၍ ...

"ကျုပ် နာရာဆင်ကြီးဆီမှာ နာရီတွေနဲ့ ပတ်သက်ပြီး နံ့နံ့စပ်စပ် လေ့လာကြည့်တာ သိပ်အကျိုးရှိသွားတယ်၊ မက်ကောလင်းရဲ့ နာရီတွေကို ပြုပြင်ပေးရင်းနဲ့ ထမင်းစားခန်းမှာ ချိတ်ဆွဲထားတဲ့ ရှေးဟောင်းနာရီကြီးကို ဆက်ပြီး ပြုပြင်ရတယ်၊ မက်ကောလင်းဟာ ညစဉ် ရှေးဟောင်းနာရီကြီးကိုကြည့်ပြီး (၇)နာရီ ဒါမှမဟုတ် (၈)နာရီမှာ ထမင်းစားတယ်လို့ သိရတယ်၊ ဒီအချိန်မှာ မက်ကောလင်းကို ဘယ်လိုလုပ်ကြံရမလဲဆိုတဲ့ နည်းလမ်း မတွေ့သေးပါဘူး၊ မက်ကောလင်းရဲ့ ရှေးဟောင်းနာရီကြီးကို ဖွင့်ကြည့်တော့မှ ဒီကောင်ကြီးကို လုပ်ကြံနိုင်တဲ့နည်းလမ်း ရှိတယ်ဆိုတာ သဘောပေါက်သွားတယ်"

ဟု ပြောလေရာ ဦးရွှေကောင်းက စိတ်ဝင်တစားဟန်ဖြင့် ...

"ဘယ်လို သဘောပေါက်တာလဲကွာ"



www.burmeseclassic.com

www.burmeseclassic.com



ဟု မေးမြန်းလေ၏။

ကျွန်ုပ်က ဦးရွှေကောင်းကိုကြည့်၍ လေသံတိုးတိုးဖြင့် ...

"နာရီကြီးအထဲက ခွေးသွားစိတ်တွေနဲ့ စက်ပစ္စည်းတွေအားလုံးကို သံမဏိနဲ့ လုပ်ထားတယ်၊ ဒီလိုနာရီမျိုးကို ကျုပ်ရဲ့ဆရာ နာရာဆင်းဆီမှာတောင် မတွေ့ဖူးဘူး၊ နာရီတစ်လုံးရဲ့ အစိတ်အပိုင်းတွေ ဘယ်လိုလုပ်တယ်ဆိုတာ ကျုပ် နားလည်တယ်၊ နာရီမှာပါတဲ့ ငှက်ရုပ်လေးဟာ တစ်နာရီထိုးရင် ဒေါင်ခနဲမြည်ပြီး နာရီရှေ့က အပေါက်ထဲက ထွက်တယ်၊ ငှက်ရုပ်ကလေးက အသံထွက်အောင် ကြေးမောင်းလေးကို တစ်ချက်တီးရတယ်၊ ဒါကြောင့် ဦးရွှေကောင်းဆီက သေနတ်ရတဲ့အခါ သေနတ်မောင်းဖြုတ်ဖို့အတွက် ကြေးမောင်းလေးတစ်ချက်တီးတဲ့ နေရာမှာ သံပတ်အပိုတစ်ခု တပ်ပေးလိုက်တယ်၊ နာရီက ကိုယ်သတ်မှတ်ထားတဲ့ အချိန်ရောက်ရင် ယမ်းတောင့်အိမ်ကို ကြေး





မောင်းကလေးက တစ်ချက်သွားရိုက်တယ်၊ နာရီနှစ်ချက်တီးရင် နှစ်ချက်သွားရိုက်တယ်၊ ဒါကြောင့် နာရီကနှစ်ချက်ဆိုရင် သေနတ်ကျည်ဆန်ကလည်း နှစ်တောင့်ထွက်နိုင်တာပေါ့"

ဟု ပြောလိုက်ရာ ဦးရွှေကောင်းသည် သဘောပေါက်ဟန်ဖြင့် တဟားဟားရယ်မော၍ ...

"ကောင်းလိုက်တဲ့ အကြံကွာ၊ မင်း ခေါင်းကို ရွှေချထားဖို့ကောင်းတယ်၊ ခွေးသူခိုးကြီးကို လူတစ်ယောက်က လုပ်ကြံစရာမလိုဘဲ နာရီကို လုပ်ကြံခိုင်းလိုက်တာပေါ့၊ ဒါနဲ့နေပါဦး၊ ခွေးသူခိုးကြီးကို ကျည်ဆန်ထိအောင် ဘယ်လိုစီစဉ်ထားတာလဲ"

ဟု မေးပြန်လေ၏။ ထိုအခါ ကျွန်ုပ်က ...

"မက်ကောလင်းရဲ့ ထမင်းစားနေကျ ထိုင်ခုံနေရာကို ငှက်ရုပ်နာရီကြီးနဲ့ ကျုပ်ကိုယ်တိုင် သေသေချာချာ ချိန်ခဲ့တာဗျ၊ ဒီလိုတိတိကျကျ စီစဉ်ထားပေမယ့် နာရီထိုးတဲ့



www.burmeseclassic.com

www.burmeseclassic.com



အချိန်မှာ မက်ကောလင်းက စားပွဲဝိုင်းမှာ မရှိဘဲ အိမ်ရဲ့ တစ်နေရာမှာ ရှိနေရင် ကျုပ်တို့အစီအစဉ် အောင်မြင်မှာ မဟုတ်ဘူး၊ ဒီကောင်ကြီး စားပွဲခုံမှာ ကျကျနနထိုင်နေတဲ့ အတွက် ရှစ်နာရီထိုးတဲ့အခါ နာရီကြီးက မောင်းကလေး နှစ်ချက်ရိုက်ပြီး ကျည်အသံနှစ်ချက် ထွက်လာတာပဲ"

ဟု ပြောလေရာ ဦးရွှေကောင်းက အလွန်သဘော ကျသွားပြီး ...

"ကောင်းလိုက်တဲ့ စိတ်ကူးကွာ၊ ဒီကောင်ကြီး ည(၈)နာရီ မှာ ထမင်းစားလိုက်တာနဲ့ နာရီကြီးက သေနတ်နဲ့ပစ်ပြီး လုပ်ကြံလိုက်တာပေါ့၊ မင်းကို မချီးကျူးပဲ မနေနိုင်တော့ ဘူးကွာ၊ မင်းကြောင့် စီလူလာထောင်ကြီးရဲ့ အနာဂတ်ဟာ အေးချမ်းသာယာတော့မယ်"

ဟု ပြောလေရာ ကျွန်ုပ်က သက်ပြင်းချ၍ ...

"သိပ်လည်း မျှော်လင့်မနေပါနဲ့ဗျာ၊ ဗြိတိသျှအရာရှိတွေ တိုင်းရင်းသားတွေအပေါ်မှာ ကောင်းခဲ့ပါတယ်၊ နောက်





ပေါက်တဲ့ ရွှေကြာပင်ဟာ ပထမရွှေကြာပင်ထက် ပိုဆိုး ရင် ခက်လိမ့်မယ်"

ဟု ပြောလေ၏။ ဦးရွှေကောင်းက ခေါင်းခါယမ်း ၍ ...

"မက်ကောလင်းဟာ စိတ္တဖောက်ပြန်လောက်အောင် ကြမ်းကြုတ် ရက်စက်နေတာကွ၊ သူဟာ အကျဉ်းသားတွေကို ရက်ရက် စက်စက်နှိပ်စက်ပြီးမှ ထမင်းစားဝင်တဲ့ လူမျိုးကွ၊ အကျဉ်း သားတွေရဲ့ နာကျင်မှုကိုကြည့်ပြီး လှောင်ပြောင် ရယ်မော နေရတာကွ၊ သူ့လိုလူမျိုး နောက်မပေါ်နိုင်တော့ပါဘူး၊ မင်းကြောင့် စီလူလာထောင်ကလူတွေ စိတ်ချမ်းသာရတာ အမှန်ပါပဲကွာ"

ဟု ပြောလေ၏။ ထိုအခါ ကျွန်ုပ်က ဦးရွှေကောင်း ကိုကြည့်၍ ...

"ဦးရွှေကောင်းက မက်ကောလင်းကို ဘာဖြစ်လို့ ရှင်းပစ် ချင်ရတာလဲ"



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ဟု မေးမြန်းလိုက်၏။ ကျွန်ုပ်၏အမေးကြောင့် ဦးရွှေကောင်းက မျက်မှောင်ကြုတ်၍ စဉ်းစားနေလေ၏။

ထိုအခိုက်မှာပင် ကျွန်ုပ်တို့၏အနောက်မှ ...

"ကမ္ဘာပေါ်မှာ မက်ကောလင်းကို အမုန်းဆုံးလူဟာ ဦးရွှေကောင်းပဲ ဖြစ်မှာပဲ"

ဟူသော အသံကို ကြားရသဖြင့် လှည့်ကြည့်လိုက်ရာ ကျွန်ုပ်၏ နာရီဆရာ နာရာဆင်းကို တွေ့ရ၏။

နာရာဆင်းသည် ကျွန်ုပ်တို့ လျှို့ဝှက်ချက်ကို သိရှိသွားချေပြီ။ နာရာဆင်းက ကျွန်ုပ်တို့အနီးသို့ ရောက်လာပြီး ...

"လွန်ခဲ့တဲ့ သုံးနှစ်လောက်က နယ်ချဲ့တော်လှန်ရေးတပ်သား ရွှေလေးဟာ တစ်ကျွန်းကို ရောက်လာတယ်၊ တစ်ကျွန်းကိုရောက်ပြီး ဘာမှမကြာဘူး ရွှေလေးဟာ လူသတ်မှုတစ်မှုနဲ့ စွပ်စွဲခံရပြီး အပြစ်မရှိဘဲ စီလူလာထောင်ကို ရောက်သွားတယ်၊ စီလူလာထောင်ကိုရောက်တော့ မက်ကောလင်းဟာ တော်လှန်ရေးတပ်သားဆိုရင် အလိုလိုနေရင်း မုန်းတီးတဲ့စရိုက်သဘာဝရှိတယ်၊ မက်ကောလင်းရဲ့ ရက်ရက်စက်စက် နှိပ်စက်ညှဉ်းပန်းမှုကြောင့် ရွှေလေးသေဆုံးသွားခဲ့တယ်၊ ရွှေလေးဟာ ဦးရွှေကောင်းရဲ့တစ်ဦးတည်းသော သားပဲ"





ဟု ပြောလေရာ ကျွန်ုပ်က နာရာဆင်း၏ မျက်နှာကိုကြည့်၍ ...

"ခင်ဗျား ကျွန်ုပ်တို့လျှို့ဝှက်ချက်ကို သိသွားပြီပေါ့"

ဟု ပြောလေ၏။ နာရာဆင်းက သက်ပြင်းချ၍ ...

"လွန်ခဲ့တဲ့ ည(၈)နာရီဝန်းကျင်လောက်မှာ မင်းရဲ့မျက်နှာ သိသိသာသာ ပျက်ယွင်းနေတယ်၊ ည(၈)နာရီမထိုးမီ ထောင်ထဲမှာ တစ်ခုခု ဖြစ်တော့မယ်ဆိုတာ ကြိုသိနေသလိုပဲ၊ ည(၈)နာရီထိုးတာနဲ့ သေနတ်သံနှစ်ချက်ကို ကြားရတော့တာပဲ၊ အဲဒီညက မက်ကောလင်း အသတ်ခံရတယ်လို့ ဆိုတယ်၊ နံနက်ကျတော့ စုံထောက်တွေက သရက်ပင်ခြေရင်းမှာကျနေတဲ့ ယမ်းတောင့်အခွံကိုကြည့်ပြီး သရက်



www.burmeseclassic.com

www.burmeseclassic.com



ပင်ပေါက ပစ်တယ်လို့ ယူဆကြတယ်၊ တကယ်တော့ သရက်ကိုင်းပေါ်က ယမ်းတောင့်ခွံကို သေနတ်သံမထွက် မီကတည်းက ရှိနေတာ ကျုပ် သိတယ်၊ နောက်ပြီးတော့ နာရီပညာကို ငွေသိုက်ကို ကျုပ်သင်ပေးထားတာ၊ ငွေသိုက်ရဲ့ဆရာက ကျုပ်ပဲ၊ သူ့ထက် ကျုပ် အများကြီးသိတယ်၊ ငွေသိုက်ဟာ မက်ကောလင်းရဲ့ရှေးဟောင်းနာရီကြီး အသုံးပြုပြီး လုပ်ကြသွားတယ်ဆိုတာ ကျုပ်သိတယ်၊ ကမ္ဘာပေါ်မှာ နာရီကိုအသုံးပြုပြီး လုပ်ကြတဲ့ မှုခင်းမျိုးတွေ ရှိခဲ့ဖူးတယ်၊ စုံထောက်တွေ ညံ့လွန်းလို့ အဖြစ်မှန်ကို မသိတာပဲ"

ဟု ပြောလေရာ ကျွန်ုပ်၏ လျှို့ဝှက်ချက်ကို နာရာဆင်း သိသွားပြီဖြစ်သဖြင့် ရင်ထဲတွင် ထိတ်ခနဲ ဖြစ်မိ၏။

ဦးရွှေကောင်းကမူ ထိတ်လန့်တုန်လှုပ်ဟန် မပြပဲ ...

"ကျုပ်တို့ရဲ့ လျှို့ဝှက်ချက်တွေကို ခင်ဗျားသိသွားပြီ၊ ဒီအကြောင်းတွေကို စုံထောက်တွေကို ဖွင့်မပြောဘူးလား"





ဟု မေးမြန်းလေ၏။ နာရာဆင်းက ခေါင်းခါယမ်း၍ ...

"မက်ကောလင်းဟာ ခရစ်တော်ဆီမှာ အိပ်ပျော်ဖို့သင့်တာကြာပါပြီ၊ သူလိုလူမျိုးကို ရှင်းပစ်လိုက်တဲ့အတွက် ကျုပ်ဝမ်းသာကျေနပ်မိတယ်"

ဟု ပြောလေ၏။ နာရာဆင်း၏ စကားကြောင့် ကျွန်ုပ် ရင်ထဲရှိ ပူလောင်မှုများ လျော့ကျသွား၏။ ဦးရွှေကောင်းက ခေါင်းတဆတ်ဆတ်ညိတ်၍ ...

"မက်ကောလင်းလို လူမျိုးကို ဘယ်လိုလူမျိုးကမှ ကြည်ဖြူမှာ မဟုတ်ဘူးဆိုတာ ကျုပ်သိပြီးသားပါ"

ဟု ပြောလေ၏။ ထောင်မှူးမက်ကောလင်း ရင်ထဲတွင် စိုက်ဝင်နေသော ကျည်ဆန်နှင့် သရက်ပင်ခြေရင်း၌ တွေ့ရှိသော ယမ်းထောင့်အခွံ အတူတူပင် ဖြစ်သဖြင့် ထောင်မှူးကြီးကို ပြင်ပမှ လာရောက်လုပ်ကြံသည်ဟု စုံထောက်များက ကောက်ချက်ချလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထောင်မှူးကြီးမက်ကောလင်းသည် အကျဉ်းသားများကို ရက်ရက်စက်စက် နှိပ်စက်ညှဉ်းပန်းသောကြောင့် လူမုန်းများလှသဖြင့် မခံမရပ်နိုင်သူများက လုပ်ကြံသွားခြင်းဟု ယူဆကြလေ၏။

တရားခံသည် တစ်ကျွန်း၌ရှိသော အကျဉ်းသားများထဲမှ တစ်ဦးတစ်ယောက် ဖြစ်မည်ဟု ယူဆကြပြီး စီလူလာထောင်အတွင်းရှိ အကျဉ်းသားများနှင့် မည်သို့မျှ မပတ်သက်ကြောင်း ကောက်ချက်ချလေ၏။

ထို့ကြောင့်ပင် ရက်စက်ကြမ်းကြုတ်သော မျက်နှာဖြူ ထောင်မှူးကြီးအား ကျွန်ုပ်ကိုယ်တိုင် လုပ်ကြံခဲ့သောအမှုသည် မည်သူမျှ မသိဘဲ ပြီးဆုံးသွားလေ၏။

ကျွန်ုပ် မက်ကောလင်းကို လုပ်ကြံခဲ့သော အဓိကသက်သေ ရှေးဟောင်းနာရီကြီးကို ထောင်မှူးအဆက်ဆက် အသုံးပြုခဲ့သော အိမ်ကြီး၏ ထမင်းစားခန်း၌ ဆက်လက်ရှိနေသေး၏။





ကျွန်ုပ်မှာမူ ရှေးဟောင်းနာရီကြီးကိုမြင်တိုင်း မက်ကောလင်း၏မျက်နှာကို မြင်မိပြီး ကောင်းရာမွန်ရာဘဝသို့ ရောက်ပါစေဟု၍သာ ဆုတောင်းနေမိ၏။

✤ ✦ ✤



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် စီလူလာထောင်၌ (၃)နှစ်နီးပါး နေ ထိုင်ပြီး လွတ်မြောက်ကာ တစ်ကျွန်း၌ အကျဉ်းသားအဖြစ် ဆက်လက်နေထိုင်ရလေ၏။ နာရာဆင်းမှာမူ စီလူလာထောင်ထဲ၌ ကျန်နေခဲ့သေး၏။

ကျွန်ုပ်၏မိတ်ဆွေကြီး ဦးရွှေကောင်းမှ စီလူလာ ထောင်မှ ကျွန်ုပ်ထက်အရင် လွတ်မြောက်သွားပြီး တစ်ကျွန်းမှ လည်း လွတ်မြောက်ပြီး မြန်မာပြည်သို့ ပြန်ရလေ၏။

ကျွန်ုပ်သည် တစ်ကျွန်း၌ နှစ်ပေါင်းများစွာ ဆက်၍ နေထိုင်ရဦးမည်။ ကျွန်ုပ်၏ဇနီးသည် မမိုးသူကိုလည်း မကြာခဏ သတိရမိ၏။





မမိုးသူတစ်ယောက် ကျွန်ုပ်ကို လည်တဆန့်ဆန့်ဖြင့် မျှော်နေတော့မည်။

ကျွန်ုပ်သည် တစ်ကျွန်း၌ နေထိုင်ရခြင်းကို အခြားသော အကျဉ်းသားများထက် ပို၍ငြီးငွေ့လေ၏။

ကျွန်ုပ်၏အသက် ငယ်ရွယ်သေး၏။ မြန်မာပြည်သို့ ပြန်ပြီး ကောင်းရောင်းကောင်းဝယ် လုပ်ကိုင်စားသောက်ချင်သေး၏။

တစ်ကျွန်း၌ အကျဉ်းသားအဖြစ် အချိန်ကုန်မခံနိုင်ချေ။

ကျွန်ုပ်ရရှိသော အပြစ်ဒဏ်အရ တစ်ကျွန်း၌(၇)နှစ်နီးပါး နေထိုင်ရဦးမည်။

ကျွန်ုပ်သည် အခါအခွင့် ကြုံသည်နှင့် တစ်ကျွန်းမှ ထွက်ပြေးမည်ဟု ဆုံးဖြတ်ထား၏။

ကျွန်ုပ် စီလူလာထောင်မှ ပြန်လွတ်လာသောအခါ တစ်ကျွန်း၌ ကျွန်ုပ်၏သတင်း မွှေးပျံ့နေ၏။



www.burmeseclassic.com

www.burmeseclassic.com



အချို့လည်း ကျွန်ုပ်၏လုပ်ရပ်ကို ထောက်ခံ၍ ကျွန်ုပ်အား သူရဲကောင်းတစ်ဦးနှယ် ပြောဆို၏။

အချို့ကမူ ကျွန်ုပ် စွန့်စွန့်စားစား ပင်လယ်ခရီးထွက်၍ ကျွန်းမှပြေးခြင်းသည် ၎င်းတို့၏လွတ်လပ်ခွင့်များ၊ ပျောက်ဆုံးရသည်ဆိုကာ ကျွန်ုပ်အား မကျေနပ်ကြချေ။

သို့သော် ထိုသို့ မကျေနပ်သူမှာ လူနည်းစုဖြစ်ပြီး လူအများစုမှာ ကျွန်ုပ်ကို အလွန်အထင်ကြီးပြီး ၎င်းတို့၏ပြဿနာများကို ကျွန်ုပ်အား လာရောက်ဖြေရှင်းခိုင်းတတ်၏။

ကျွန်ုပ်သည် ထိုအချိန်မှစ၍ လူအများ၏ဒုက္ခများကို ဆရာကြီးလုပ်၍ ဖြေရှင်းပေးရလေ၏။

ကျွန်ုပ် စီလူလာထောင်မှ လွတ်မြောက်ပြီး တစ်ကျွန်း၌ အကျဉ်းသားအဖြစ် ပြန်လည်နေထိုင်ရသောအခါ လက်ရှိထောင်မှူးကြီးမှာ သေဆုံးသွားပြီး ထောင်မှူးကြီးအသစ် ရောက်လာ၏။

ထောင်မှူးကြီး၏အမည်မှာ မစ္စတာဝိလယံဖြစ်၏။

ထောင်မှူးကြီးဝိလယံသည် အလွန် စိတ်သဘောထား ကောင်း





မွန်သူဖြစ်ပြီး အကျဉ်းသားများ၏အပေါ်၌ ဥပဒေဘောင်အတွင်းရှိ အခွင့်အရေး ရသမျှကို ပေးအပ်သူဖြစ်၏။

ထောင်မှူးကြီး ဝိလယံ၏လက်ထက်၌ တစ်ကျွန်းရှိ အကျဉ်းသားများ၏ဘဝသည် အလွန်ကောင်းမွန်ခဲ့သည်ဟု ဆိုနိုင်၏။

ထောင်မှူးကြီးဝိလယံသည် ၎င်းထက် များစွာငယ်ရွယ်ပြီး အလွန်လှပသော ဇနီးချောတစ်ယောက်လည်း ပါရှိ၏။

စီလူလာထောင်မှ လွတ်မြောက်ပြီး ကျွန်ုပ်၏တာဝန်မှာ မျက်နှာဖြူအရာရှိကြီးများ ဝင်ထွက်သွားလာသော အက်ဒမန်ကလပ်၌ တောက်တိုမယ်ရ အလုပ်မျိုးစုံကို လုပ်ကိုင်ပေးရလေ၏။

အက်ဒမန်ကလပ်၌ ကျွန်ုပ်နှင့်အတူ ထောင်ကျအကျဉ်းသား(၅)ဦးကို တာဝန်ပေးထား၏။

ကျွန်ုပ်သည် အက်ဒမန်ကလပ်၌ တောက်တိုမယ်ရအလုပ်များ လုပ်ကိုင်ပြီး ဇာတ်မြုပ်နေထိုင်ရခြင်းကို အလွန်နှစ်သက်၏။



www.burmeseclassic.com

www.burmeseclassic.com



အဘာယ်ကြောင့်ဆိုသော် ကျွန်း၏အခြားလုပ်ငန်းခွင်များ၌ တာဝန်ထမ်းဆောင်သောအခါ ကျွန်ုပ်၏တစ်ကျွန်းပြန်ငွေသိုက် ဟူသော အမည်ကို အကြောင်းပြု၍ သူတစ်ပါး၏ ပြဿနာအရပ်ရပ်ကို ဖြေရှင်းပေးရ၏။

ထိုသို့ ဖြေရှင်းပေးရာ၌ တစ်ခါတစ်ရံ အေးချမ်းစွာ ဖြေရှင်းရသော်လည်း ရံဖန်ရံခါ ထိုးကြိတ်သတ်ပုတ်ရခြင်းလည်း ရှိ၏။

ထိုသို့ ဖြေရှင်းပေးသောအခါ ကျွန်ုပ်၌ အန္တရာယ်များစွာရှိကြောင်း ရိပ်စားမိ၏။

ကျွန်ုပ်သည် တစ်ကျွန်းမှ လွတ်မြောက်မည့်ရက်ကိုသာ မျှော်လင့်နေပြီး စီလူလာထောင်သို့ ဒုတိယအကြိမ် မသွားလိုတော့ချေ။

ကျွန်ုပ်အလုပ်လုပ်သော အက်ဒမန်ကလပ်သို့ မျက်နှာဖြူအရာရှိကြီးများ ဝင်ထွက်သွားလာသဖြင့် သတင်းမျိုးစုံကို ကြားရ၏။





ကျွန်ုပ်သည် ထိုသတင်းများကို မှတ်သားပြီး အခွင့်အရေးသာလျှင် ထွက်ပြေးရန် ကြံစည်၏။

အက်ဒမန်ကလပ်၌ မျက်နှာဖြူ အထက်တန်းစားများ၏ ပွတ်သဘင် ဆင်ယင်ပုံ၊ ပျော်ပွဲဆင်ပုံတို့ကို ဗဟုသုတအဖြစ် မြင်တွေ့ရ၏။

ထိုအခါမှပင် ကျွန်ုပ်တို့ မြန်မာများကို အဆင့်အတန်းခွဲခြား၍ ဆက်ဆံတတ်သော မျက်နှာဖြူများသည် ၎င်းတို့လူမျိုးအချင်းချင်းဆိုလျှင် ယဉ်ကျေးသိမ်မွေ့စွာ ဆက်ဆံကြောင်း သတိပြုမိ၏။

အက်ဒမန်ကလပ်၌ မျက်နှာဖြူကလေးများအတွက် ကစားကွင်းတစ်ခုလည်းရှိ၏။

ထို့ပြင် ကလေးများအား ထိတ်လန့်ဖွယ်ရာများကို ဆေးစွမ်းသော သရဲအိမ်ကြီးဟူသော ပြကွက်ကို ပြသသည့်အိမ်ငယ်လေးတစ်လုံးရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာဖြူကလေးများသည် ထိုအိမ်ငယ်လေးထဲသို့ ရောက်လျှင် ကြောက်လွန်း၍ အော်ဟစ်ကြရာ၏။ တစ်နေ့ မျက်နှာဖြူကလေးတစ်စု သရဲအိမ်ကြီးထဲသို့ ဝင်ရောက်ဆော့ကစားနေစဉ် ဝါယာကြိုးများ အပူလွန်ကဲပြီး မီးဟုန်းဟုန်းတောက်လောင်လေ၏။

မျက်နှာဖြူကလေး အားလုံးနီးပါး အပြင်သို့ ထွက်ပြေးပြီး လွတ်မြောက်သော်လည်း မီးဟုန်းဟုန်းတောက်နေသော အိမ်ထဲတွင် ကလေးတစ်ဦးသာ ကျန်ရစ်ခဲ့၏။ ကျွန်ုပ်သည် သားသမီးချင်း စာနာစိတ်ဖြင့် ထိုကလေးအား ကယ်တင်ရန် ဆုံးဖြတ်လိုက်၏။

ထိုအချိန်၌ ကျွန်ုပ်၏အနီး၌ လုံခြုံရေးတပ်သားများ ရှိသော်လည်း မီးတောက်ကြီးမှာ ကြီးမားလွန်းသဖြင့် မည်သူမျှ မစွန့်စားဝံ့ချေ။ ကျွန်ုပ်သည် မီးဟုန်းဟုန်းတောက်နေသော သရဲအိမ်ထဲသို့ ရုတ်တရက် ခုန်ဝင်သွားပြီး ကလေးငယ်ကို ရှာဖွေလေ၏။





အိမ်ထဲ၌ မီးအပူရှိန်ဟပ်ခြင်း အနည်းငယ်ရှိသော်လည်း အဝင်ပေါက်လောက် မဆိုးချေ။

ကျွန်ုပ်သည် ကလေးငယ်ကို ရှာဖွေလေရာ သားရေဖြင့် ပြုလုပ်ထားသော ရော်ဘင်ဟု အရုပ်ကြီးအောက်၌ ကလေးငယ် ပိနေကြောင်း တွေ့ရ၏။

ကျွန်ုပ်သည် ကလေးကို ကယ်တင်၍ ခန်းဆီးကိုဆွဲစုတ်ကာ ရေဆွတ်ပြီး ကလေးတစ်ကိုယ်လုံးပတ်၏။ ပြီးနောက် မီးဟုန်းဟုန်းတောက်နေသော အိမ်ဝင်ပေါက်ရှိရာသို့ သွား၏။

ထိုအခါ မီးအရှိန် ပိုမိုပြင်းထန်လာကြောင်း သတိပြုမိ၏။ ကျွန်ုပ်သည် ကလေးငယ်၏အသက်အတွက် အချိန်မဆွဲတော့ဘဲ ကလေးကိုဖက်၍ မီးထဲမှ ခုန်ထွက်လိုက်၏။

ကျွန်ုပ်တစ်ကိုယ်လုံး အလွန်ပူလောင်ပြီး အဝတ်အစားများ မီးလောင်ခြင်း ခံရလေ၏။

ကျွန်ုပ် အိမ်ပြင်သို့ ရောက်သောအခါ မိမိကိုယ်မိမိ မဟန်နိုင်ဘဲ လဲကျမေ့မြောလု ဖြစ်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ကျွန်ုပ်ကို ဆေးရုံသို့ ခေါ်ဆောင်သွားလေ၏။ ဆေးရုံသို့ ရောက်သောအခါ ဆရာဝန်များက စစ်ဆေးသောအခါ ကံကောင်းထောက်မစွာဖြင့် ကျွန်ုပ်၏ဒဏ်ရာ ကြီးကြီးမားမား မဖြစ်ချေ။ ကျွန်ုပ်သည် ဒဏ်ရာများကို ဆေးထည့်၍ တစ်ရက် နှစ်ရက်မျှ အနားယူရုံဖြင့် ပြန်လည်ကောင်းမွန်လာခဲ့၏။

ကျွန်ုပ် မီးတွင်းမှ ကယ်တင်လာသော ကလေးသည် မျက်နှာဖြူထောင်မှူးကြီး၏ သားဖြစ်ကြောင်း သိရ၏။ နောက်တစ်နေ့သို့ရောက်လျှင် ကျွန်ုပ်ကို ဆေးဝါးကုသပေးသော ဆရာဝန်က ...

"ခင်ဗျားကို ဒီနေ့ ထောင်မှူးကြီးကတော် လာတွေ့လိမ့်မယ်"

ဟု ပြောလေ၏။ ထိုအခါ ကျွန်ုပ်က နားမလည်ဟန်ဖြင့် ...

"ထောင်မှူးကြီးကတော်က ကျွန်တော့်ကို လာတွေ့မယ် ဟုတ်လား၊ ဘာဖြစ်လို့ လာတွေ့မှာလဲ ဆရာ"





ဟု မေးမြန်းလေ၏။

ထိုအခါ ဆရာဝန်က ကျွန်ုပ်ကို နားမလည်ဟန်ဖြင့် ကြည့်၍

"ခင်ဗျား မနေ့က မီးထဲက ကယ်ခဲ့တဲ့ ကလေးဟာ ဘယ်သူလဲဆိုတာ ခင်ဗျား မသိဘူးလား၊ ထောင်မှူးကြီးရဲ့ကလေးဗျ"

ဟု ပြောလေရာ ကျွန်ုပ်သည် အလွန်အံ့ဩသွားပြီး ...

"ဟင် ... ကျွန်တော် မီးထဲက ကယ်ခဲ့တဲ့ ကလေးဟာ ထောင်မှူးကြီးသားလေး ဟုတ်လား"

"ဟုတ်တယ်၊ အသစ်ရောက်လာတဲ့ ထောင်မှူးကြီးရဲ့ တစ်ဦးတည်းသော သားလေးပဲ၊ ထောင်မှူးကြီးရဲ့သားဟာ ခင်ဗျားပေးတဲ့အသက်ပဲ ရှိတော့တယ်၊ ခင်ဗျားသာ သက်စွန့်ဆံဖျား ဝင်မကယ်ရင် ကလေးရဲ့အနာဂတ်က မတွေးဝံ့ဘူး၊ ဒါကြောင့် မိဘနှစ်ပါးစလုံး ခင်ဗျားကို သိပ်ကျေးဇူးတင်နေကြတယ်၊ ညနေကျရင် ထောင်မှူးကြီးကိုယ်တိုင်တောင်



www.burmeseclassic.com

www.burmeseclassic.com



လိုက်လာမယ် ထင်တယ်၊ အသစ်ရောက်လာတဲ့ ထောင်မှူးကြီးဟာ သဘောကောင်းပါတယ်ဗျာ၊ သူများသတ်လို့သေရာတဲ့ ထောင်မှူးကြီး မက်ကောလင်းနဲ့ယှဉ်ရင် ဆီနဲ့ရေလိုပဲ"

ဟု ပြောလေရာ ကျွန်ုပ်သည် ရှေးဟောင်းနာရီကြီးမှ လက်တံများက (၈)ဂဏန်းကို ပြသနေခြင်းအား မြင်မိလိုက်ပြီး သေနတ်သံနှစ်ချက်ကို နားထဲတွင် ကြားယောင်လာ၏။ မက်ကောလင်း တစ်ယောက် မည်သည့်ဘုံဘဝသို့ ရောက်ရှိနေသည်မသိ။

ထိုအခိုက်မှာပင် ဆရာဝန်က ...

"ခင်ဗျား ဘာတွေတွေးနေတာလဲ၊ ဆေးထိုးရအောင်"

ဟု ပြောဆိုလေရာ ကျွန်ုပ်သည် အတွေးရေယာဉ်ကြော၌ မျောပါနေရာမှ ရပ်တန့်သွားလေ၏။

အတိတ်သည် အရိပ်လို လိုက်နေတတ်၏။ အိပ်မက်ဆိုးများ မက်တိုင်း မက်ကောလင်း သေနတ်မှန်သွားပုံကို မြင်မက်တတ်၏။





တစ်ခါတစ်ရံ ကျွန်ုပ်၏ဇနီးသည် မမိုးသူကို စော်ကားသော ရှေ့နေအေးသိန်းကို ကျွန်ုပ် ခြေထောက်နှင့် ကန်ကျောက်ပုံ၊ ရှေ့နေအေးသိန်း လဲကျမေ့မြောပြီး အသက်ပါသွားပုံတို့ကို ပြန်လည်မြင်ယောင်လာ၏။

ညနေစောင်းသောအခါ ထောင်မှူးကြီးကတော် ဆေးရုံသို့ ရောက်ရှိလာ၏။ ထောင်မှူးကြီးကတော်မှာ အလွန်အသားဖြူပြီး လုပ်သော မျက်ဝန်းပြာများကို ပိုင်ဆိုင်သူ မိန်းမချော မိန်းမလှတစ်ဦးဖြစ်၏။

သူမသည် ကျွန်ုပ်ကို နှစ်လိုဖွယ်ပြုံးကြည့်၍ ...

"ရှင် အင်္ဂလိပ်လို ပြောတတ်မယ်ထင်တယ်"

ဟု ပြောလေရာ ကျွန်ုပ်က ...

"ဟုတ်ကဲ့ ... ပြောတတ်ပါတယ်၊ ကလေး ကျန်းမာရဲ့လား ထောင်မှူးကြီးကတော်"

ဟု ပြောလေ၏။

ထောင်မှူးကြီးကတော်က ...



www.burmeseclassic.com

www.burmeseclassic.com



"ရှင့်ကို ကျွန်မတို့လင်မယား နှစ်ယောက်စလုံး ကျေးဇူးသိပ်တင်တယ်၊ မနေ့က ကလပ်မှာ ကျွန်မနဲ့ ကျွန်းမင်းကြီးကတော် စကားကောင်းနေတုန်း ကစားကွင်းမှာ မီးလောင်တယ်ဆိုတော့ မျက်လုံးထဲမှာ ပြာခနဲ ဖြစ်သွားတယ်၊ ကစားကွင်းကိုရောက်တော့ ကလေးတွေအကုန်လုံး သရဲအိမ်ထဲက ပြန်ထွက်လာပြီး ကျွန်မသားလေး ပြန်မထွက်နိုင်မှန်းသိတော့ ကျွန်မမှာ အရူးတစ်ယောက်လို အော်ဟစ်ပြီး အကူအညီတောင်းပေမယ့် မီးရှိန်ပြင်းလို့ ဘယ်သူမှ ဝင်မကယ်ရဲကြဘူး၊ ရှင်တစ်ယောက်တည်း ရဲရဲဝံ့ဝံ့ ဝင်ကယ်တာ မြင်ရတယ်၊ ရှင့်ကို ကျွန်မကလေးအတွက် သိပ်ကျေးဇူးတင်ပါတယ်"

ဟု ပြောလေရာ ကျွန်ပ်က ...

"ကျွန်တော်လည်း သားသမီးချင်းစာနာပြီး ကယ်တင်ပေးလိုက်တာပါ၊ ထောင်မှူးကြီးသားမှန်းလည်း မသိပါဘူး"

ဟု ပြောလေ၏။





ထိုအခါ ထောင်မှူးကြီးကတော်က ...

"ရှင့်ကို ကျေးဇူးပြုကဲ့အနေနဲ့ အက်ဒမန်ကလပ်ကနေ ကျွန်မတို့အိမ်မှာ အလုပ်လုပ်ဖို့ ပြောင်းပေးလိုက်မယ်"

ဟု ပြောလေ၏။ ထောင်မှူးကြီးအိမ်၌ အလုပ်လုပ်ရခြင်းသည် အက်ဒမန်ကလပ်မှာ လုပ်ရခြင်းထက် များစွာသာလွန်ကောင်းမွန်၏။

ထို့ကြောင့် ကျွန်ုပ်က ...

"ထောင်မှူးကတော်ရဲ့ကျေးဇူး မမေ့ပါဘူး"

ဟု ပြောလေရာ ထောင်မှူးကတော်ကသည် ကျွန်ုပ်ကို မျက်လုံးချင်းဆုံအောင်ကြည့်၍ ...

"ရှင့်ကျေးဇူးကိုလည်း ကျွန်မ ဘယ်တော့မှ မမေ့ပါဘူး"

ဟု ဖြေလေ၏။

ဤသို့ဖြင့် ကျွန်ုပ်သည် အက်ဒမန်ကလပ်မှ ထွက်၍ ထောင်မှူးကြီးအိမ်သို့ ပြောင်းရွှေ့ပြီး အလုပ်လုပ်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် ထောင်မှူးကြီးအိမ်သို့ နေ့စဉ်နံနက် (၈)နာရီ ရောက်အောင်သွားရ၍ ညနေ(၅)နာရီ ပြန်ရ၏။

ထောင်မှူးကြီးအိမ်၌ ကျွန်ုပ်မရောက်မီ အဝတ်လျှော်၊ မီးပူတိုက်၊ ပန်းကန်ဆေး၊ ထမင်းချက် စသည့် အလုပ်များကို လုပ်ကိုင်ရသော အကျဉ်းသားနှစ်ယောက်ရှိ၏။

ကျွန်ုပ်သည် ထောင်မှူးကြီးအိမ်သို့ ရောက်လာသော်လည်း အလုပ်သမားနှစ်ယောက်ကို ကြီးကြပ်ရလေ၏။

ထောင်မှူးကြီးမိသားစုက သူတို့သားလေး၏ အသက်အတွက် ကျွန်ုပ်ကို ကျေးဇူးပြုလိုက်ခြင်းပင်ဖြစ်၏။

တစ်ကျွန်း၌ နေထိုင်သူများသည် အစားအသောက် ဆင်းရဲကြမ်းတမ်း၏။ ထောင်မှူးကြီးအိမ်၌ လုပ်ကိုင်သူများသည် အစားအသောက် ချောင်လည်သည့်အပြင် လက်ဖက်ရည်၊ ကော်ဖီ၊ ပေါင်မုန့် စသည်ဖြင့် စားသောက်ဖွယ်ရာ အမျိုးမျိုးကို စားသောက်ရ၏။





ထို့ကြောင့် ထောင်မှူးကြီးအိမ်၌ နေထိုင်ချင်သူ အလွန်ပေါများ၏။

ကျွန်ုပ်သည် ထောင်မှူးကြီးအိမ်၌ မူလလုပ်ကိုင်သူ နှစ်ဦးကို ဘဏ္ဍာစိုးကဲ့သို့ ကြီးကြပ်ရမည်ဆိုသဖြင့် ထိုသူများသည် ကျွန်ုပ်အပေါ် ကျေနပ်ဟန် မရှိချေ။

ထောင်မှူးကြီးအိမ်၌ မူလ လုပ်ကိုင်နေသူနှစ်ဦးသည် မားပြမှုနှင့် တစ်ကျွန်းသို့ ရောက်လာသော ညီအစ်ကိုနှစ်ဦးဖြစ်၏။ ထိုသူနှစ်ဦး၏အမည်မှာ လှဖေနှင့် မြဖေ ဟူ၍ဖြစ်၏။

ညီအစ်ကိုနှစ်ယောက်စလုံး အသားဖြူဝင်းပြီး ရုပ်ရည်သန့်ပြန့်သူများဖြစ်၏။

ညီအစ်ကိုနှစ်ယောက်သည် နောက်မှပေါက်သော ချွကြာပင်ဖြစ်သည့် ကျွန်ုပ်ကို နှစ်သက်ခြင်းမရှိဘဲ အိမ်မှုကိစ္စများ ပြုလုပ်ရာ၌ ကျွန်ုပ်ကို ချောက်ကျအောင် တမင်လုပ်ကိုင်တတ်၏။

ထောင်မှူးကြီးသည် နေ့စဉ် ကော်ဖီကြမ်းတစ်ခွက် သောက်သုံးပြီး ရုံးတက်လေ့ရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် ထောင်မှူးကြီး ကော်ဖီကြမ်း သောက်ခြင်းကို မသိသဖြင့် ကော်ဖီကို နွားနို့ထည့်ပြီး ဖျော်လေ၏။

ကျွန်ုပ်သည် ထောင်မှူးကြီးအား ကော်ဖီသွားပို့သောအခါ ထောင်မှူးကြီးသည် နွားနို့များထည့်လာသော ကော်ဖီကို မသောက်ဘဲ ဖျားရစ်ခဲ့လေ၏။ ထောင်မှူးကြီးသည် ယဉ်ကျေးမှုအရ ကျွန်ုပ်ကို ကျေးဇူးရှိသည်ဟု ယူဆကာ အပြစ်မပြောဘဲနေခြင်းဖြစ်၏။

ထို့ပြင် ညီအစ်ကိုနှစ်ယောက်သည် အိမ်မှုကိစ္စများနှင့် ပတ်သက်၍ ကျွန်ုပ် မသိအောင် ဖုံးဖိထားခြင်းရှိ၏။

ထို့ကြောင့် ထောင်မှူးကြီးအိမ်၏ အိမ်မှုကိစ္စများကို အချိန်အတော်ကြာသည်အထိ ရင်းနှီးကျွမ်းဝင်ခြင်း မရှိချေ။

ညီအစ်ကိုနှစ်ယောက်သည် ဓားပြတိုက် လူသတ်ပြီး တစ်ကျွန်းသို့ ရောက်လာသူများဖြစ်၍ မိမိကိုယ်မိမိ ထင်တစ်လုံးဖြစ်နေ၏။





ကျွန်ုပ်သည် မထိလေးစားပြုလုပ်သော ဓားပြညီအစ်ကို့ကို ပညာပေးရန် ဆန္ဒရှိသော်လည်း ထောင်မှူးကြီးမိသားစုစိတ်အနှောင့်အယှက် ဖြစ်မှာစိုးသဖြင့် မသိကျိုးကျွန်ပြုနေလေ၏။

ထိုအခါ ကျွန်ုပ် မသိကျိုးကျွန်ပြုခြင်းကို နားမလည်ဘဲ ဓားပြညီနောင်သည် တစ်နေ့တခြား လူပါးဝလာသည်။

တစ်နေ့တွင် ထောင်မှူးကြီးအကြိုက် ကြက်ဆင်သားပေါင်း ပြုလုပ်ရန် ကျွန်ုပ်က ဒိန်ချဉ်ဝယ်ခိုင်းသည်ကို ညီအစ်ကိုနှစ်ယောက်က ဒိန်ချဉ်ဆိုင် ပိတ်သည်ဆိုကာ မဝယ်ဘဲ ပြန်လာ၏။

ကျွန်ုပ်သည် ယနေ့ ကြက်ဆင်သားပေါင်းချက်မည်ဟု ထောင်မှူးကြီးကို အသိပေးထားပြီး ဖြစ်သဖြင့် ဒိန်ချဉ်မရသောကြောင့် အခက်ကြုံသွားလေ၏။ ကျွန်ုပ်သည် အဘာဒင်ဈေးထဲသို့ ကိုယ်တိုင်သွား၍ ဒိန်ချဉ်သည်ကို ရှာသောအခါ ဒိန်ချဉ်ဆိုင် ဖွင့်ထားသည်ကို မြင်ရ၏။ ဓားပြညီအစ်ကိုက ဒိန်ချဉ်ဆိုင်ပိတ်ထားသည်ဟု ကျွန်ုပ်ကို လိမ်ညာခြင်းဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် ဒိန်ချဉ်ဝယ်၍ အိမ်ပြန်လာပြီးနောက် ထောင်မှူးကြီးအကြိုက် ကြက်ဆင်သားပေါင်းကို ကိုယ်တိုင်ချက်လေ၏။ ကြက်ဆင်သားပေါင်းသည် အရသာကောင်းမွန်စွာဖြင့် ချက်ပြုတ်ပြီးစီးလေ၏။

ထောင်မှူးကြီးသည် ကြက်ဆင်သားကို နှစ်သက်လှ၍ နေ့လယ်စာကို အိမ်ပြန်ပြီး စားလေ၏။ ကျွန်ုပ်၏ ချက်ပြုတ်သော ကြက်ဆင်သားပေါင်း၏ အရသာကောင်းမွန်ပုံကို ချီးမွမ်းခန်းဖွင့်လေ၏။

ကျွန်ုပ်သည် ဓားပြညီအစ်ကိုကို ပညာပေးမှ ရတော့မည်ဟု ဆုံးဖြတ်လိုက်လေ၏။

ထို့ကြောင့် ညနေအဆောင်သို့ ပြန်သောအခါ ရှေ့မှဦးစွာထွက်၍ ဓားပြညီအစ်ကို့ကို စောင့်လေ၏။

လှုပြတ်သော လမ်းကြားထဲသို့ ၎င်းတို့ညီအစ်ကို ရောက်သောအခါ ကျွန်ုပ်က သစ်ပင်နောက်မှကွယ်၍ ...

"ယော့ကောင်တွေ နေကြဦး"





ဟု တားဆီးလိုက်ရာ ဓားပြညီနောင်သည် မမျှော်လင့်ဘဲ ကျွန်ုပ်ကို မြင်ရသဖြင့် အံ့သြသွားလေ၏။ ကျွန်ုပ်က ဓားပြညီနောင်ကို ကြည့်၍ သက်ပြင်းချလိုက်ပြီး ...

"မင်းတို့ ငါ့ကို ပညာစမ်းနေတယ်၊ ငါ ဘာကောင်လဲဆိုတာ မင်းတို့ မသိဘူး၊ ငါ့ရာဇဝင်မှာ မတရားတာမြင်ရင် ဘယ်တော့မှ လက်ပိုက်ကြည့်မနေတတ်သလို ငါ့ကို စော်ကားရင်လည်း ဘယ်တော့မှ ခေါင်းငုံ့မခံဘူး၊ မင်းတို့ကို ငါ ဆုံးမမှ ဖြစ်တော့မယ်"

ဟု ပြောလိုက်ရာ ဓားပြညီနောင်က သဘောကျဟန်ဖြင့် ရယ်မော၍ ...

"ဟား ဟား ဟား ... မင်းမှာ ဘယ်လောက်အစွမ်းအစရှိလို့ ငါတို့ညီနောင်ကို ဆုံးမမှာလဲ၊ ငါတို့နှစ်ယောက်ပေါင်းရင် တစ်ကျွန်းမှာ ဘယ်ကောင်ကိုမှ မကြောက်ဘူးကွ"

ဟု ပြောပြီး ကျွန်ုပ်ကို စတင်တိုက်ခိုက်လေတော့၏။ ၎င်းတို့ညီအစ်ကိုသည် သိုင်းပညာရပ်ကို ကျွမ်းကျွမ်းကျင်ကျင်တတ်မြောက်ပုံရ၏။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ကျွန်ုပ်နှင့် ယှဉ်ပြိုင်သောအခါ နှစ်ယောက်စလုံး အထိနာပြီး မြေပေါ်သို့ တဝုန်းဝုန်း ပြိုလဲတော့၏။

ကျွန်ုပ်သည် တစ်ကျွန်းရောက် အကျဉ်းသားချင်းဖြစ်သဖြင့် အသေမသတ်ချင်သောကြောင့် ညှာတာခြင်းဖြစ်၏။

ကျွန်ုပ်က မြေပေါ်တွင် ညည်းညူနေသော ညီအစ်ကိုနှစ်ယောက်ကိုကြည့်၍ ...

"ဘယ်တော့မှ ငါ့ကို စမ်းလို့မရဘူးဆိုတာ မင်းတို့တစ်သက် မှတ်ထားကြ"

ဟု ဆိုကာ ၎င်းတို့နှစ်ဦးကို ကျောခိုင်းထွက်ခဲ့လေ၏။ ကျွန်ုပ်တို့၏ ရန်ပွဲကို မည်သူမျှမသိဟု ကျွန်ုပ် ထင်မြင်ခဲ့၏။

သို့သော် ကျွန်ုပ်တို့၏ ရန်ပွဲကို မြွေဖမ်းထွက်သော အကျဉ်းသားတစ်စုက ချောင်းမြောင်းကြည့်ရှုပြီး ထိုသတင်းပေါက်ကြားကာ ထောင်မှူးကတော်၏ နားသို့ ပေါက်သွားလေ၏။ ထောင်မှူးကတော်သည် ကျွန်ုပ်ကိုခေါ်၍ ...

"ရှင်နဲ့ မားပြညီအစ်ကို ရန်ဖြစ်ကြတယ်ဆို၊ ဘာဖြစ်လို့လဲ"





ဟု မေးမြန်းလေ၏။ ကျွန်ုပ်က သက်ပြင်းချ၍ ...

"ရန်ဖြစ်တာ မဟုတ်ပါဘူး၊ မားပြညီအစ်ကို မလိမ္မာလို့ ဆုံးမလိုက်တာပါ"

ဟု အစချီကာ ၎င်းတို့နှစ်ယောက်၏ မထီလေးစားနိုင်ပုံ၊ ကျွန်ုပ်စကားကို နားမထောင်ဘဲ ချောက်တွန်းပုံများကိုပါ ပြောပြလိုက်လေရာ ထောင်မှူးကတော်က ...

"ရှင့်ကို ဘဏ္ဍာစိုး ခန့်လိုက်ကတည်းက ဒီလိုဖြစ်မယ်လို့ ကျွန်မတို့ ထင်ခဲ့တယ်၊ ဒါပေမဲ့ ကျွန်မတို့လင်မယားက ရှင့်ကို ကျေးဇူးပြုချင်တဲ့အတွက် ဘဏ္ဍာစိုးခန့်ပြီး အေးအေးဆေးဆေး နေစေခဲ့တာပါ၊ ဒီနေ့ကစပြီး သူတို့ညီအစ်ကို့ကို အိမ်မှာမထားတော့ဘူး၊ ထောင်ထဲက ရိုးသားတဲ့ထောင်သားနှစ်ယောက်ခေါ်ပြီး အစားထိုးလိုက်မယ်"

ဟု ပြောလေ၏။ ကျွန်ုပ်က ထောင်မှူးကတော်ကို ကြည့်၍ ...



www.burmeseclassic.com

www.burmeseclassic.com



"ထောင်မှူးကတော်ရဲ့ ဆန္ဒပါပဲ၊ ဒါပေမဲ့ ထောင်မှူးကတော်ရဲ့အိမ်မှာ မိသားစုနည်းပါတယ်၊ ခြံထဲမှာလည်း မာလီတစ်ယောက်ရှိတယ်၊ အိမ်မှုကိစ္စတွေကို ကျွန်တော် တစ်ယောက်တည်း နိုင်အောင်လုပ်နိုင်ပါတယ်၊ နောက်လူမခေါ်ပါနဲ့တော့"

ဟု ပြောလိုက်ရာ ထောင်မှူးကတော်က ကျွန်ုပ်ကို ကရုဏာသက်ဟန်ဖြင့်ကြည့်၍ ...

"ရှင် တစ်ယောက်တည်း ပင်ပန်းပါတယ်"

ဟု ပြောလေ၏။

ကျွန်ုပ်က ထောင်မှူးကတော်ကိုကြည့်၍ ...

"ကျွန်တော်တို့ဘဝတွေက ကြမ်းတမ်းခက်ထန်ပါတယ်၊ ဆင်းရဲဒုက္ခ အမျိုးမျိုးလည်း ကြုံတွေ့ခဲ့ဖူးတယ်၊ အပင်ပန်းခံနိုင်ပါတယ်၊ တကယ်လို့ လူတွေမဖြစ်မနေ ထပ်ခေါ်ချင်တယ်ဆိုရင် ကျွန်တော့်ကို ကျေးဇူးပြုပြီး ဘဏ္ဍာစိုးမခန့်ပါနဲ့၊ သူတို့နဲ့ ဘဝတူပဲ လုပ်ပါရစေ၊ ဘာဖြစ်လို့လဲဆိုတော့





တစ်ကျွန်းကိုရောက်လာတဲ့ လူတွေအားလုံးဟာ လူဆိုးတကာ့ လူဆိုးတွေချည်းပဲ၊ ထောင်သားအချင်းချင်း အထက်စီးက ပြန်အုပ်ချုပ်တာကို ထောင်ထဲမှာကလွဲပြီး ဘယ်နေရာမှာမှ လက်ခံမှာ မဟုတ်ဘူး၊ ဒါကြောင့် ပြဿနာတွေဖြစ်နေဦးမှာပဲ"

ဟု ပြောလေရာ ထောင်မှူးကတော်သည် မျက်မှောင်ကြုတ်၍ စဉ်းစားလိုက်ပြီး ...

"ရှင်ပြောတဲ့သဘောကို ကျွန်မ နားလည်ပါတယ်၊ ဒါကြောင့် ကျွန်မရဲ့အိမ်မှာ ရှင်ကလွဲရင် ဘယ်ထောင်သားမှ မခေါ်တော့ဘူး၊ ရှင် ပင်ပန်းရင် ကျွန်မ ကူလုပ်ပေးပါ့မယ်"

ဟု ပြောလေ၏။ ထောင်မှူးကြီးကတော်၏ စကားကြောင့် ကျွန်ုပ်က ကမန်းကတန်း လက်ကာပြ၍ ...

"မသင့်တော်ပါဘူးဗျာ၊ ထောင်မှူးကြီးသိရင် ကျွန်တော့်ကို အပြစ်ဒဏ်ပေးပါလိမ့်မယ်၊ ကျွန်တော် စီလူလာထောင်ထဲကို မသွားပါရစေနဲ့"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလေရာ ထောင်မှူးကြီးကတော်သည် လှပသော ကိုယ်ခန္ဓာတစ်ခုလုံး သိမ့်သိမ့်တုန်အောင် ဟက်ဟက်ပက်ပက် ရယ်မောလေ၏။ ကျွန်ုပ်သည် ထောင်မှူးကြီးကတော်၏ အပူပင်မဲ့ ရယ်မောနေပုံကိုကြည့်၍ ဇနီးဖြစ်သူ မမိုးသူကို သတိရ၏။

မမိုးသူ တစ်ယောက် ကျွန်ုပ် ပြန်လာမည့်ရက်ကို မျှော်နေပေတော့မည်။ တစ်ကျွန်း၌ အပြစ်ဒဏ်ကျရောက်နေစဉ် ကျွန်းမှထွက်ပြေးသောအမှုနှင့် စီလူလာထောင်၌ (၃)နှစ်ကျခံရခြင်းကို မမိုးသူ မသိနိုင်ချေ။

ထိုအခိုက်မှာပင် ထောင်မှူးကတော်က ...

"ရှင် ကျွန်မကိုကြည့်ပြီး ဘာတွေ တွေးနေတာလဲ"

ဟု မေးမြန်းလေ၏။

ကျွန်ုပ်သည် ထောင်မှူးကတော်၏အမေးကြောင့် လိမ်ညာရန် စိတ်မကူးဘဲ ...

"ထောင်မှူးကြီးကတော်ကို ကြည့်ပြီး မြန်မာပြည်မှာကျန်နေတဲ့ ကျွန်တော့်ရဲ့ဇနီးကို သတိရလို့ပါ"





ဟု ပြောလိုက်ရာ ထောင်မှူးကတော်သည် သဘောကျဟန်ဖြင့် ရယ်မော၍ ...

"ရှင့်မိန်းမက ကျွန်မလို ချောမောရဲ့လား"

ဟု မေးမြန်းလေ၏။ ကျွန်ုပ်သည် ဇနီးချောမမိုးသူ၏ လှပသောမျက်နှာကို မြင်ယောင်မိပြီး ...

"ဟုတ်ကဲ့၊ ကျွန်တော့်ဇနီးက ထောင်မှူးကတော်လိုပဲ ချောမောလှပတယ်၊ သူမဟာ ရွာသူလေးတစ်ယောက်ပါပဲ၊ ဒါပေမဲ့ ရွာမှာတော့ ကွမ်းတောင်ကိုင်ရတဲ့ မိန်းကလေးတစ်ယောက်ပါ၊ ကွမ်းတောင်ကိုင် ဆိုတာ အလွယ်တကူပြောရရင်တော့ ရွာရဲ့အလှဘုရင်မပါပဲ"

ဟု ပြောလိုက်ရာ ထောင်မှူးကတော်သည် သက်ပြင်းချ၍ ...

"ရှင်ပြောသလို ရှင့်မိန်းမ ဒီလောက်ချောရင် ရှင်ပြန်လာတဲ့အခါ သူ ရှိပါဦးမလား"

ဟု မေးမြန်းလေ၏။ ကျွန်ုပ်သည် ထောင်မှူးကတော်၏ စကားအဓိပ္ပာယ်ကို နားလည်သောကြောင့် ...



www.burmeseclassic.com

www.burmeseclassic.com



"သူ ကျွန်တော့်ကို စောင့်မှာပါ၊ ကျွန်တော်တို့ မြန်မာ မိန်းမတွေဟာ အင်မတန် သစ္စာရှိပါတယ်"

ဟု ပြောလေရာ ထောင်မှူးကတော်သည် ကျွန်ုပ်ကို ကရုဏာသက်ဟန်ဖြင့်ကြည့်၍ ...

"ရှင့်ကို ကျွန်မ အများကြီး ကရုဏာသက်ပါတယ်"

ဟု ပြောလေ၏။

ကျွန်ုပ်သည် ထိုအချိန်မှစ၍ ထောင်မှူးကြီးအိမ်၌ ကျွန်ုပ်တစ်ယောက်တည်း အလုပ်လုပ်ရလေ၏။ ထောင်မှူးကြီး ကတော်သည် ကျွန်ုပ်ပင်ပန်းသည်ဆိုကာ မီးဖိုချောင်အလုပ်များ၌ ကူညီလုပ်ကိုင်ပေးလာ၏။

သူမသည် အလွန် စိတ်သဘောထား ကောင်းမွန်ပြီး ကျွန်ုပ်ကို ညှာတာထောက်ထားသူဟု ထင်မြင်မိလေ၏။

ထောင်မှူးကြီးကတော်သည် ကျွန်ုပ်အား စားကြွင်းစားကျန်များကို မကျွေးဘဲ ၎င်းတို့စားသကဲ့သို့ အကောင်းဆုံးစားသောက်ဖွယ်ရာများကို ကျွေးမွေးလေ၏။ ထို့ပြင် ၎င်းတို့နေအိမ်





၌ ကျွန်ုပ် အလုပ်လုပ်ကိုင်စဉ် ဝတ်ဆင်ရန်အတွက် ဘောင်းဘီ၊ စွပ်ကျယ်၊ ပုဆိုး စသဖြင့် ဝယ်ပေးလေ၏။

ထောင်မှူးကြီးသည် ကျွန်ုပ် နေအိမ်သို့ နံနက်(၈)နာရီအမီ ရောက်ရှိစဉ် ခဏသာမြင်ရပြီး ညနေ(၅)နာရီ ကျွန်ုပ် အဆောင်သို့ ပြန်သောအခါ အလုပ်ကြိုးစားသော ထောင်မှူးကြီးသည် အိမ်သို့ပြန်မလာသေးချေ။

ထို့ကြောင့် ကျွန်ုပ်သည် တစ်နေကုန် ထောင်မှူးကြီးကတော်နှင့်သာ အနေများလေ၏။

ထောင်မှူးကတော်၏ သားလေးမှာလည်း ထောင်မှူးကြီးရုံးရှိ မျက်နှာဖြူကလေးများနှင့် သွားရောက်ဆော့ကစားခြင်း ရှိလေ၏။ ကျွန်ုပ်သည် ထောင်မှူးကြီးအိမ်၌ အလုပ်လုပ်စဉ် ထမင်းစားခန်းသို့ ရောက်သည့်အခါတိုင်း ကျွန်ုပ် လုပ်ကြံ၍ သေဆုံးသွားသော မက်ကောလင်းကို မြင်ယောင်မိ၏။

အဘယ်ကြောင့်ဆိုသော် မက်ကောလင်း၏ နာရီကြီးသည် ယနေ့ထက်တိုင် ထမင်းစားခန်းထဲ၌ နေရာယူထားဆဲဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



အသစ်ရောက်ရှိလာသော ထောင်မှူးကြီးမိသားစုသည် မက်ကောလင်း၏ နေအိမ်၌ပင် နေထိုင်ကြပြီး အိမ်ထောင်ပရိဘောဂများကို ပြောင်းလဲလိုက်သော်လည်း ရှေးဟောင်းနာရီကြီးကိုမူ ထမင်းစားခန်း၌ ထားရှိ၏။

ကျွန်ုပ်သည် မက်ကောလင်းကို သေဆုံးစေခဲ့သော သေမင်းနာရီကိုကြည့်၍ ကြက်သီးထသလို ခံစားမိ၏။

တစ်ခါက ကျွန်ုပ်သည် ရှေးဟောင်းနာရီကြီးကိုဖွင့်၍ မက်ကောလင်းကို လုပ်ကြံခဲ့သော သေနတ်အား ရှာဖွေရန် ကြံစည်၏။ ကျွန်ုပ်သည် ရှေးဟောင်းနာရီကြီးကို ဖွင့်ရန်ကြံနေစဉ် ကျွန်ုပ်၏အနောက်မှ အသံကြား၍ လှည့်ကြည့်လိုက်ရာ ထောင်မှူးကြီးကတော်ကို တွေ့ရ၏။

ထောင်မှူးကြီးကတော်က ...

"ရှင်က ထောင်ထဲမှာ နာရီဆင်တဲ့အလုပ် လုပ်တယ်ဆိုတော့ ရှေးဟောင်းနာရီကြီးကို စိတ်ဝင်စားတယ်ပေါ့၊ ကျွန်မတော့ ဒီလိုနာရီကြီးကိုကြည့်တိုင်း ရင်ထဲမှာ မသိုးမသန့်





ခံစားရတယ်၊ အရင်သေသွားတဲ့ ထောင်မှူးကြီး မက်ကောလင်းဟာ ထမင်းစားခန်းမှာထိုင်ပြီး သေသွားတယ်ဆိုတော့ နာရီကြီးရဲ့အရှေ့တည့်တည့်မှာ ဖြစ်နိုင်တယ်နော်"

ဟုပြောလိုက်ရာ ကျွန်ုပ်သည် မျက်စိမျက်နှာပျက်သွားပြီး ...

"မသိပါဘူးဗျာ၊ ဒီလိုသေတယ်လို့ ပြောကြတာပဲ"

ဟု ပြောလေ၏။

ထောင်မှူးကတော်က သက်ပြင်းချ၍ ...

"ဒီနာရီကြီးရဲ့ ခေါင်းလောင်းထိုးသံကြီးက တစ်မျိုးပဲနော်၊ ခေါင်းလောင်းထိုးသံကြားတိုင်း ကျွန်မ ရင်ထဲမှာ ဒိုင်းခနဲဖြစ်သွားတတ်တယ်၊ တစ်ခါတစ်ရံ ကြက်သီးတွေ ထသလိုပဲ၊ ထမင်းစားခန်းမှာ ညဘက်ရောက်နေရင် ပိုဆိုးတယ်၊ တစ်ညတုန်းက ကျွန်မတစ်ယောက်တည်း ညစာစားနေတုန်းမှာ နာရီကြီးက (၈)နာရီ ခေါင်းလောင်းသံ ကြားရတယ်၊ ဒီအသံကြီးလည်း ကြားပြီးရော ကျွန်မတစ်ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



လုံး ကြက်သီးတွေ တဖြန်းဖြန်း ထလာတယ်၊ နောက်ဆုံး ညစာကို ဆက်မစားရဲတော့ဘဲ အခန်းထဲက ထွက်ပြေးရတယ်"

ဟု ပြောလေရာ ကျွန်ုပ်သည် မက်ကောလင်း သေဆုံးသော ည(၈)နာရီအချိန်ကို သတိရပြီး ကျောထဲတွင် စိမ့်ခနဲဖြစ်သွားလေ၏။ မက်ကောလင်းကြီး မကျွတ်မလွတ်ဘဲ ဤအိမ်ကြီး၌ သရဲတစ္ဆေပင် ဖြစ်နေသလားမသိ။

ထောင်မှူးကြီးကတော်သည် ကျွန်ုပ်နှင့် အားလပ်သောအချိန် စကားပြောသည့်အခါ သူမဘဝနောက်ကြောင်းများကို ပြောပြလေ့ရှိ၏။ သူမသည် အင်္ဂလန်နိုင်ငံ ဝေလနယ်သူတစ်ဦးဖြစ်ပြီး ဖခင်သည် ခရိယာန်သင်းအုပ်ဆရာတစ်ယောက်ဖြစ်ကာ မိခင်သည် ကျောင်းဆရာမဖြစ်ကြောင်း သိရ၏။

သူမ၏ယောက်ျား ထောင်မှူးကြီး မိသားစုသည် ဝေလနယ်၌ နွားမွေးမြူရေး လုပ်ကိုင်ပြီး နွားနို့မလိုင်လုပ်ငန်းဖြင့် ကြွယ်ဝချမ်းသာသူဖြစ်၏။





ထောင်မှူးကြီးသည် အသက်(၅၀)နှစ်အထိ လူပျိုကြီးဘဝဖြင့် နေထိုင်ရာမှ ကျောင်းသူတစ်ဦးဖြစ်သော သူမကို လက်ထပ်ယူခဲ့ခြင်းဖြစ်၏။ ထောင်မှူးကြီးကတော်သည် အသက်(၂၅)နှစ်အရွယ်၌ မမျှော်လင့်ဘဲ အိမ်ထောင်ကျခဲ့ခြင်းဖြစ်၏။

ထောင်မှူးကြီးကတော်သည် ကျွန်ုပ်ကို မိတ်ဆွေအရင်းအခြာ တစ်ယောက်ကဲ့သို့ သဘောထားကာ သူမ၏ခံစားချက်များကို ရင်ဖွင့်တတ်၏။

ထောင်မှူးကြီးနှင့် နေထိုင်ရသဖြင့် သူမ၏ဘဝမြင့်မားတိုးတက်ခဲ့သော်လည်း အလိုဆန္ဒများ ပြည့်ဝခြင်းမရှိဟု ပြောဆိုလေ၏။ ထောင်မှူးကြီးကတော်က ...

"သူက အေးလွန်း ရိုးလွန်းတော့ ကျွန်မတို့အိမ်ထောင်ရေး ခြောက်သွေ့လွန်းနေတယ်၊ တကယ်တော့ ကျွန်မတို့အိမ်ထောင်ရေး ပြိုကွဲနေပါပြီ၊ သားလေးမျက်နှာကြောင့် တစ်ဦးနဲ့တစ်ဦး ဟန်မပျက် ပေါင်းသင်းနေရတာပါ"

ဟု ပြောလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် အစစအရာရာ အဆင်ပြေချောမွေ့နေသော မိသားစု၌ အိမ်ထောင်ရေး အဆင်မပြေဖြစ်ခြင်းကို များစွာ ကရုဏာသက်မိလေ၏။

ဤသို့ဖြင့် ကျွန်ုပ်သည် ထောင်မှူးကြီးအိမ်၌ ဘဏ္ဍာစိုးအလုပ်ကို လုပ်ကိုင်နေသဖြင့် ထောင်ဝါဒါများနှင့် အမှုထမ်းများသည် ကျွန်ုပ်အား စည်းကမ်းတင်းကျပ်ခြင်း မရှိဘဲ ဘောမဲ့ပေးထားလေ၏။

✤ ✦ ✤





တစ်နေ့သ၌ ကျွန်ုပ်သည်ထောင်မှူးကြီး၏ စာအုပ်ဗီရိုကို ရှင်းလင်းနေစဉ် အိပ်ခန်းထဲမှ ဝုန်းခနဲမြည်သော အသံကို ကြားရသဖြင့် ထိုနေရာသို့ ကမန်းကတန်း ပြေးသွားလေ၏။

ထိုအခန်းဝမှ လှမ်းကြည့်လိုက်သောအခါ ခုတင်နံဘေးတွင် ခွေခွေလေး လဲကျနေသော ထောင်မှူးကတော်ကို မြင်တွေ့ရ၏။

ထောင်မှူးကတော်သည် နာကျင်စွာ ညည်းညူနေရင်း ...

"ရှင် ဘာကြည့်နေတာလဲ၊ ကျွန်မကို ကူပါဦးရှင်၊ ကျွန်မ ခြေဖမိုး နာလိုက်တာ"

ဟု ညည်းညူလေ၏။



www.burmeseclassic.com

www.burmeseclassic.com



သူမ၏အနီး၌ အောက်သို့ပြုတ်ကျပြီး မှန်ကွဲနေသော ထောင်မှူးကြီး၏ဓာတ်ပုံကို တွေ့ရ၏။

ထောင်မှူးကတော်က ...

"ကျွန်မ ဓာတ်ပုံကို နံရံမှာ တက်ချိတ်ရင်း ခွေးခြေလဲကျသွားတာပဲ၊ ကျွန်မ ထလို့မရတော့ဘူး၊ ကူပါဦးရှင်"

ဟု ပြောလေ၏။

ကျွန်ုပ်သည် ထောင်မှူးကြီးကတော်၏ လက်မောင်းကို ဆွဲကိုင်၍ ထူမပေးလိုက်၏။

သူမသည် ကျွန်ုပ်၏လက်ကိုဆွဲ၍ ကြိုးစားပြီး ထလေ၏။ ကျွန်ုပ်သည် သူမအား အနီးရှိ ခုတင်ပေါ်သို့ တွဲပို့ရန် ကြိုးစားစဉ် သူမသည် ခုတင်ပေါ်သို့ ပြိုလဲကျသွားဖြင့် ကျွန်ုပ်က အချိန်မီ မွေ့ဖက်ထားလိုက်ရ၏။ ကျွန်ုပ်ကဲ့သို့ တစ်ကျွန်းရောက်ပြီး မိန်းမနှင့် ဝေးနေသူတစ်ဦးအနေဖြင့် ထောင်မှူးကြီးကတော်၏နု အိသော အသားစိုင်များနှင့် ထိတွေ့ပြီး လွန်စွာအနေရခက်လှ၏။





ထိုအခါ ထောင်မှူးကြီးကတော်သည် ကျွန်ုပ်၏ရင်ခွင်၌ မှီတွယ်လိုက်ပြီး မျက်နှာဖြူပိပိ စကားတစ်ခွန်းကို ရဲရဲတင်းတင်း ပြောချလိုက်ရာ ကျွန်ုပ်သည် မယုံနိုင်အောင်ပင် အံ့ဩသွားလေ၏။

ထောင်မှူးကြီးကတော်က ကျွန်ုပ်၏မျက်နှာကို စွန်းစွန်းစားစားကြည့်၍ ...

"ရှင့်ကို ကျွန်မ ချစ်တယ်"

ဟု ပြောလိုက်ရာ ကျွန်ုပ်သည် ထိတ်လန့်အံ့ဩသွားပြီး ...

"ဒီလို မပြောပါနဲ့ ထောင်မှူးကြီးကတော်၊ ထောင်မှူးကြီး သိသွားရင် ကျွန်တော့်မှာ အသက်အန္တရာယ် ရှိပါတယ်"

ဟု ပြောလိုက်၏။ ထောင်မှူးကြီးကတော်က ...

"အို ...သူ မသိနိုင်ပါဘူး၊ ရှင် ကျွန်မကို ချစ်လား၊ မချစ်ဘူးလား ပြော"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလေ၏။ ကျွန်ုပ်သည် သူမစကားကြောင့် အလွန်ထိတ်လန့်သွားပြီး ...

"ဒီမှာ ထောင်မှူးကြီးကတော်၊ စိတ်ကိုထိန်းပြီး သေသေချာချာ စဉ်းစားကြည့်ပါဦး၊ ကျွန်တော်က ကျွန်းကျတရားခံပါ၊ ထောင်မှူးကြီးကတော်မှာ ကာမပိုင်ရှိပြီးသားပါ၊ ကျွန်တော့်မှာလည်း ဇနီးမယား ရှိပါတယ်၊ ဒီလိုကျူးလွန်လို့ မသင့်တော်ပါဘူး"

ဟုပြောကာ သူမလက်မှ ရုန်းထွက်လိုက်လေ၏။ ထောင်မှူးကြီးကတော်သည် ကျွန်ုပ်၏စကားကို နားဝင်ဟန်မရှိဘဲ ...

"ရှင့်စိတ်ဓာတ်ကို ကျွန်မ ပိုပြီးတော့ လေးစားသွားပြီ၊ တစ်ကျွန်းက ဘယ်အကျဉ်းသားမဆို ကျွန်မက ခွင့်ပြုရင် ငြင်းပယ်လိမ့်မယ် မထင်ဘူး၊ ဒါပေမဲ့ ရှင် တစ်နေ့ ကျွန်မကို ချစ်တယ်လို့ ဖွင့်ပြောမှာပါ"





ဟု ပြောလေရာ ကျွန်ုပ်သည် ထောင်မှူးကြီးကတော်၏ တစ်ဇွတ်ထိုးစိတ်ဓာတ်ကို အလွန်အံ့သြသွားလေ၏။

ကျွန်ုပ်သည် ထိုအချိန်မှစ၍ ထောင်မှူးကြီးအိမ်၌ အလုပ် လုပ်ကိုင်ခြင်းကို ပျော်ရွှင်ခြင်း မရှိတော့ချေ။

ထောင်မှူးကြီးကတော်သည် မျက်နှာဖြူမပီပီ ရဲရဲတင်းတင်းဖြင့် ကျွန်ုပ်ကို အတိအလင်း ချစ်ရေးဆိုကာ နီးစပ်မှုဖြစ်အောင် အခွင့်အရေး အမျိုးမျိုးပေး၍ ကြိုးစားလေ၏။

ကျွန်ုပ်သည် သူမနှင့်အတူ နစ်ကိုယ်နီးနီး နေထိုင်မိလျှင် မိမိကိုယ်မိမိ မထိန်းနိုင်မှာစိုးသဖြင့် ထောင်မှူးကြီးအိမ်မှ အလုပ်ထွက်ရန် ဆုံးဖြတ်လိုက်၏။

ထို့ကြောင့် ထောင်မှူးကြီးကတော်ထံသို့ သွား၍ ကျွန်ုပ်ကို ကလပ်၌ ပြန်လည်အလုပ်လုပ်ခွင့်ပြုရန် တောင်းပန်လေ၏။ ထောင်မှူးကြီးကတော်က ကျွန်ုပ်၏ မျက်လုံးများကို ကြည့်၍ ...



www.burmeseclassic.com

www.burmeseclassic.com



"ရှင် ဘာဖြစ်လို့ ကိုယ့်ကိုယ်ကိုယ် လိမ်ညာနေရတာလဲ၊ ရှင့်မျက်လုံးထဲက အဓိပ္ပာယ်တွေကို ကျွန်မ ရှာတွေ့ပြီးသား၊ ရှင့်ကိုယ်ရှင် မထိန်းနိုင်လို့ ကျွန်မအနားက ထွက်ပြေးတော့မယ်ဆိုတာ သိတယ်၊ ရှင့်ဘာသာ တစ်ကိုယ်တည်း စဉ်းစားဖို့အတွက် ကျွန်မ (၃)ရက်အချိန်ပေးမယ်၊ (၃) ရက်စဉ်းစားပြီးရင် ကျွန်မဆီ ပြန်လာခဲ့ပါ"

ဟု ပြောလေရာ ကျွန်ုပ်သည် ထောင်မှူးကြီးအိမ်မှ စိတ်ဒုက္ခကြီးစွာဖြင့် ပြန်လာခဲ့၏။

ကျွန်ုပ် ပျော်ရွှင်ချမ်းမြေ့စွာ အလုပ်လုပ်ကိုင်ခဲ့ရသော ထောင်မှူးကြီးအိမ်မှ ထွက်ခွာရပေတော့မည်။ ထောင်မှူးကြီးကတော်သည် ကျွန်ုပ်ကဲ့သို့ ကျွန်းကျအကျဉ်းသားတစ်ဦးကို ချစ်ကျွမ်းဝင်ခြင်းမှာ အံ့ဩဖွယ်ကောင်းလှ၏။

သူမသည် အလွန်လှပြီး အလွန်ဆွဲဆောင်အားကောင်းလှသဖြင့် ကျွန်ုပ်အတွက် ချုပ်ထိန်းရန် ခက်ခဲလှ၏။ မည်သို့ပင်ဖြစ်စေ ကျွန်ုပ်သည် ထောင်မှူးကြီးအိမ်မှ အပြီးအပိုင် ထွက်ခွာရန် ဆုံးဖြတ်လိုက်၏။





ကျွန်ုပ်သည် (၃)ရက်လုံးလုံး ထောင်မှူးကြီးအိမ်သို့ မသွားဘဲ အဆောင်၌ နေထိုင်လေ၏။ ထိုအခါ ထောင်တွင်းရှိ အကျဉ်းသားများက ထောင်မှူးကြီးအိမ်သို့ ကျွန်ုပ် မသွားခြင်း အကြောင်းကို မေးမြန်းလေ၏။

ထိုအခါ ကျွန်ုပ်က ထောင်မှူးကြီးအိမ်၌ ကျွန်ုပ် မကြာခဏ အမှားအယွင်းများ လုပ်မိသဖြင့် ထောင်မှူးကြီးက အိမ်သို့မလာရန် ပြောလွှတ်လိုက်ကြောင်း ပြောလေ၏။

ထောင်မှူးကြီး၏အိမ်သည် အကျဉ်းသားများအားလုံး မျှော်လင့်ပြီး အလုပ်လုပ်ချင်သောကြောင့် ကျွန်ုပ်၏အဖြစ်ကို ဘဝတူများက စိတ်မကောင်းကြောင်း ပြောလေ၏။

✤ ✦ ✤



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ် ထောင်မှူးကြီးအိမ်သို့ အလုပ်မဆင်းဘဲ (၃)ရက်ပြည့်သောအခါ ထောင်မှူးကြီးကတော်က ထောင်ဝါဒါ တစ်ဦးမှတစ်ဆင့် ကျွန်ုပ်ကို ခေါ်ခိုင်းလေ၏။

ကျွန်ုပ်သည် ထောင်မှူးကြီးကတော်က ခေါ်ခိုင်းသည် ဆိုသဖြင့် မငြင်းဆန်နိုင်ဘဲ သွားရလေ၏။

အိမ်သို့ရောက်သောအခါ ထောင်မှူးကြီးကတော်က ကျွန်ုပ်ကိုကြည့်၍ ...

"ရှင် မရှိတဲ့အတွက် အိမ်မှုကိစ္စတွေကို ကျွန်မ တစ်ယောက်တည်း လုပ်နေရတယ်၊ သိပ်ပင်ပန်းနေပြီ"

ဟု ပြောလေရာ ကျွန်ုပ်သည် ထောင်မှူးကြီးကတော်ကို ကရုဏာသက်မိလေ၏။





သို့သော် ကျွန်ုပ်တို့နှစ်ယောက်စလုံး ကာမပိုင်ကိုယ်စီရှိပြီးသားဖြစ်သဖြင့် စိတ်ကို အစွမ်းကုန် ချုပ်ထိန်းကာ ...

"ထောင်ထဲမှာ အကျဉ်းသားတွေ အများကြီးရှိတာပဲ၊ ထောင်မှူးကတော် ခေါ်လို့ရပါတယ်"

ဟု ပြောလေ၏။ ထောင်မှူးကတော်က ရီဝေသော မျက်လုံးများဖြင့် ကျွန်ုပ်ကိုကြည့်၍ ...

"ရှင်က လွယ်လွယ်လေး ပြောတာကိုး၊ ရှင် အိမ်ကိုမလာတာ ထောင်မှူးကြီးကို ကျွန်မ ဘယ်လိုအကြောင်းပြရမလဲ၊ ရှင့်ကို ကျွန်မ ဘယ်လိုအပြစ်တင်ရမလဲ၊ ရှင် ကျွန်မကို စော်ကားတယ်လို့ ပြောရမလား။ ရှင့်လို အဘက်ဘက်က ရိုးသားအေးဆေးတဲ့လူကို အပြစ်ရှိတယ်လို့ ကျွန်မ ဘယ်လိုအကြောင်းပြရမလဲ၊ ရှင့်လိုလူကို အပြစ်ရှာစရာမရှိတဲ့အတွက် ရှင် နေမကောင်းလို့ ခွင့်(၃)ရက်ယူထားတယ်လို့ ထောင်မှူးကြီးကို အသိပေးထားတယ်၊ ရှင် ဒီမှာ ပြန်အလုပ်ဆင်းမှ ဖြစ်မယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလေ၏။ ကျွန်ုပ်သည် ထောင်မှူးကတော်၏ စကားကြောင့် အခက်တွေ့သွားလေ၏။

သူမ၏အိမ်၌ စတင်၍ အလုပ်လုပ်ကိုင်လျှင် ချော မောလှပသော မိန်းမတစ်ယောက်၏ မာယာကွန်ယက်မှ ရုန်းထွက် နိုင်မည် မထင်ချေ။ ကျွန်ုပ်တို့ အကျဉ်းသားများသည် နှစ်ပေါင်း များစွာ တစ်ကျွန်း၌ နေထိုင်ပြီး ဆန့်ကျင်ဘက်လိင်နှင့် ခွဲခွာနေ ချိန်၌ မိန်းမလှများကို တမ်းတတတ်တာ ဓမ္မတာဖြစ်၏။

ထိုအခါ ထောင်မှူးကြီးကတော်သည် ကာမပိုင်ရှိ သော်လည်း ကျွန်ုပ် မည်မျှအချိန်ကြာကြာ ထိန်းချုပ်ထားနိုင်မည် နည်း။ ကျွန်ုပ်သည် ရွာမှာကျန်ရစ်ခဲ့သော ဇနီးသည် မမိုးသူကို လည်း သစ္စာမပျက်လိုချေ။

ထို့ပြင် တစ်လုပ်ကျွေးဖူး သူ့ကျေးဇူးဆိုသည့်စကား ရှိသည့်အတိုင်း ကျေးဇူးရှင် ထောင်မှူးကြီးကိုလည်း သစ္စာမဖောက် လိုချေ။ မိမိကိုယ်မိမိ ဒုသနသောလည်း အဖြစ်မခံနိုင်ချေ။





ထောင်မှူးကြီးကတော်သည် အရှေ့တိုင်း၏ ယဉ် ကျေးသိမ်မွေ့သော ဓလေ့ထုံးစံကို သိကျွမ်းသူ မဟုတ်။ အင်္ဂလန် သူ မျက်နှာဖြူမပီပီ လွတ်လပ်ပွင့်လင်း၏။

သူမ၏အလိုဆန္ဒကို မရရအောင် ရယူလိုသူဖြစ်၏။

ကျွန်ုပ် တွေဝေငေးမောနေစဉ် ထောင်မှူးကတော် က ...

"ရှင် စဉ်းစားပြီး တွေဝေမနေပါနဲ့၊ ကျွန်မတို့ဆီမှာပဲ ပြန် နေပါ"

ဟု ပြောလိုက်ရာ ကျွန်ုပ်က ...

"ထောင်မှူးကတော်က ကျွန်တော့်ဆီမှာထားတဲ့စိတ်ကို ထိန်းချုပ်နိုင်ရင် ကျွန်တော် ပြန်အလုပ်လုပ်ပါမယ်"

ဟု ပြောလေ၏။ ထောင်မှူးကတော်က ခေါင်းခါ ယမ်း၍ ...

"လောကမှာ ဘယ်အရာမဆို ကျွန်မ လိုချင်ရင် မရရအောင် ကြိုးစားတတ်တယ်။ ဒါကြောင့် ရှင့်ကို ကတိမပေးနိုင်ဘူး၊



www.burmeseclassic.com

www.burmeseclassic.com



ရှင့်ကို ကျွန်မ ဘယ်လောက်ချစ်တယ်ဆိုတာ ရှင်မသိဘူး လား၊ ရှင် ဘာတွေ ကျူးလွန်ခဲ့တယ်ဆိုတာ ကျွန်မသိ တယ်၊ ဒါပေမဲ့ လူအများမသိအောင် ဖုံးဖိထားခဲ့တယ်"

ဟု ပြောရာ ကျွန်ုပ်သည် ထောင်မှူးကတော်၏ စကားကို နားမလည်ဘဲ ...

"ကျွန်တော် ဘာအပြစ်များ ကျူးလွန်လို့လဲ ထောင်မှူး ကတော်"

ဟု ဆိုလိုက်ရာ သူမက ကျွန်ုပ်၏မျက်နှာကိုစေ့စေ့ ကြည့်၍ ...

"အိပ်ချင်ယောင်ဆောင်တဲ့လူဟာ အနှိုးရခက်ပါတယ်လေ ရှင် ထောင်မှူးကြီးမက်ကောလင်းကို ဘယ်လိုလုပ်ခဲ့တယ် ဆိုတာ ရှင်အသိဆုံးပါ"

ဟု ပြောလေရာ ကျွန်ုပ် သူမ၏စကားကြောင့် ရှေ ခေါင်ခေါင် မိုးကြိုးပစ်သကဲ့သို့ ထိတ်လန့်အံ့သြသွားလေ၏။

ထောင်မှူးကတော်က ကျွန်ုပ်ကိုကြည့်၍ ...





"ရှင် လုံးပငြင်းလို့ မရဘူး၊ ထောင်မှူးကြီး မက်ကောလင်း ရဲ့ ရှေးဟောင်းနာရီကြီးကို ရှင် နောက်ဆုံးပြုပြင်သွားတာ၊ ရှင့်ကို ချစ်လွန်းလို့ ရာဇဝတ်မှုကို ဖုံးဖိထားခဲ့တယ်၊ ရှေး ဟောင်းနာရီကြီးမှာ ရှင် စီစဉ်ထားခဲ့တဲ့ သေနတ်တစ်လက် ရှိနေသေးတယ်၊ ရှင်လိုလူမျိုးဟာ ဒီလောက် သွေးအေးအေး နဲ့ ရက်စက်တဲ့အလုပ်ကို လုပ်မယ်မထင်ဘူး"

ဟု ပြောလေ၏။

ထိုအခါ ကျွန်ုပ်သည် သူမ၏ စကားကို မငြင်းဆန်ဘဲ အံ့သြဟန်ဖြင့် ...

"ဒါတွေကို ထောင်မှူးကြီးကတော် ဘယ်လိုလုပ် သိသလဲ",

"ကျွန်မဘဝရဲ့နောက်ကြောင်းကို ပြောပြတဲ့ ရှင့်ကိုမပြော ဘဲ ချန်ခဲ့တာ တစ်ခုရှိတယ်၊ ဘာကြောင့် မပြောလဲဆို တော့ ရှင် စိတ်ချမ်းသာစေချင်လို့ပါ၊ ကျွန်မရဲ့အဘိုးက အလွန်ကြီးမားတဲ့ နာရီဆိုင်ကြီးတစ်ဆိုင်ကို ပိုင်ဆိုင်တယ်၊ ကျွန်မတို့မြို့မှာ အဘိုးရဲ့(TIME)နာရီဆိုင်ကြီးဟာ နာမည်



www.burmeseclassic.com

www.burmeseclassic.com



ကြီးပေါ့။ ကျွန်မက ကျောင်းပိတ်ရက်တွေမှာ အဘိုးရဲ့နာရီဆိုင်ကြီးမှာ အချိန်ကုန်တယ်၊ ဒါကြောင့် နာရီပြင်ဆရာတစ်ယောက်လို နာရီတွေကို ကောင်းကောင်းပြင်တတ်တယ်၊ နာရီတွေကိုလည်း အရမ်းဝါသနာပါတယ်၊ ဒီကိုရောက်တော့ မက်ကောလင်းရဲ့နာရီကြီးကိုကြည့်ပြီး တစ်စစီဖြုတ်ကြည့်ချင်တယ်၊ ဒါပေမဲ့ ကျွန်မတစ်ခါမှ ဖြုတ်မကြည့်ဖြစ်ဘူး၊ ရှင် တစ်နေ့ နာရီကြီးကို ဖြုတ်ဖို့ပြင်နေတာ မြင်တော့ မသင်္ကာဖြစ်တာနဲ့ ရှေးဟောင်းနာရီကြီးကို ဖွင့်ကြည့်တယ်၊ ဒီတော့မှ မက်ကောလင်းကြီး ဘယ်လိုသေသွားရတယ်ဆိုတာ ရိပ်စားမိသွားတယ်၊ ရှင်က ရှေးဟောင်းနာရီကြီးထဲမှာ သံပါတ်အပိုတစ်ခုထည့်ပြီး သေနတ်မောင်းနဲ့ ချိတ်ဆွဲထားတာပဲ၊ ရှင်ဟာ လူသတ်မှုတစ်မှုကို ထပ်ပြီး ကျူးလွန်တဲ့ ရာဇဝတ်သားတစ်ယောက်ပဲ၊ ရှင်ကျူးလွန်တဲ့ လူဟာ ဗြိတိသျှထောင်မှူးကြီး ဖြစ်နေတယ်၊ ရှင့်အတွက် လွတ်လမ်းမမြင်ဘူး၊ သေဒဏ်ကျခံရဖို့ရှိတယ်၊ ရှင်လိုလူမျိုး





ကို ကျွန်မ လက်ခံပြီး ချစ်မိတာ ကိုယ့်ကိုယ်ကိုယ် အံ့သြမိပါတယ်"

ဟု ပြောလေ၏။ ထိုအခါ ကျွန်ုပ်က ရှင်ကိုကော၍ ...

"ဘာပဲဖြစ်ဖြစ်၊ ကျုပ်မကြောက်ပါဘူး၊ ရှင်ဆိုင်ဝံ့ပါတယ်၊ မက်ကောလင်းကို လုပ်ကြံကတည်းက ကြိုးစင်ကို မြင်ထားပြီးသားပါ"

ဟုပြောလေ၏။ ထောင်မှူးကတော်က ...

"မက်ကောလင်းကြီး ဘယ်လောက်မိုက်ရိုင်းတယ်ဆိုတာ အိန္ဒိယမှာကတည်းက ကျွန်မ ကြားပြီးသားပါ၊ ဒါကြောင့် မက်ကောလင်းကို ပိပိရိရိ ကြံစည်ပြီးကာမှ ရှင် ဘာဖြစ်လို့ ကြိုးတိုက်ထဲ သွားရမှာလဲ၊ ရှင့်ရဲ့ရာဇဝတ်မှုကို သိနေတာ ကမ္ဘာပေါ်မှာ ကျွန်မတစ်ယောက်တည်း ရှိသေးတယ်၊ ကျွန်မက ရှင့်ဘက်မှာရှိနေရင် ရှင်ဘာလို့ စိုးရိမ်နေရမှာလဲ၊ ရှင်ဟာ သေဝံ့ သတ်ဝံ့တဲ့ လူမျိုးဆိုတာ ကျွန်မသိပါ



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ဒါပေမဲ့ မြန်မာပြည်ကနေ ရှင်ပြန်လာမယ့်နေ့ကို လက်ချိုးရေပြီး စောင့်နေတဲ့ ရှင့်မိန်းမရဲ့အိပ်မက်တွေကို ရှင် ဖျက်ဆီးပစ်မှာလား"

ဟု ပြောလိုက်ရာ ကျွန်ုပ်သည် မမိုးသူ၏မျက်နှာကို မြင်ယောင်ပြီး ရင်ထဲတွင် တစ်မျိုးတစ်မည် ခံစားရလေ၏။ မမိုးသူနှင့် သည်တစ်သက် ပြန်ဆုံရန် အစွမ်းကုန်ကြိုးစားနေ၏။ ထောင်မှူးကြီးကတော်သည် ကျွန်ုပ်၏အမူအရာကိုကြည့်၍ သဘော ကျဟန်ဖြင့် ရယ်မောကာ ...

"ရှင် ခေါင်းမာမနေပါနဲ့၊ ကျွန်မနဲ့အတူ ပျော်ပျော်ကြီး နေလိုက်ပါ၊ လောကမှာ ဖြစ်သင့်တာကိုလုပ်ပါ၊ ဖြစ်ချင်တာကို မလုပ်ပါနဲ့၊ ကဲ ... ရှင် ဘယ်လိုလုပ်မှာလဲ၊ ကျွန်မ ရဲ့အိမ်မှာပဲ ပျော်ပျော်နေမလား၊ ဇီလူလာဟောင်ကို သွားမှာလား"

ဟု မေးမြန်းလေရာ ကျွန်ုပ်က ထောင်မှူးကတော် ကို မကျေမချမ်း ကြည့်၍ ...





"ခင်ဗျားဟာ အတော်ကို အလိုရမ္မက်ကြီးတဲ့ မိန်းမပါလား၊ လုပ်သင့်တာကို လုပ်ရမယ်၊ မလုပ်သင့်တာကို မလုပ်ရဘူး ဆိုတာ မသိဘူးလား"

ဟု ပြောလေ၏။

ကျွန်ုပ်၏စကားကြောင့် ထောင်မှူးကတော်က ...

"ကျွန်မဘဝမှာ မလုပ်ချင်တာတွေ လုပ်ရတာကြာပြီ၊ ကျွန်မထက် (၂၅)နှစ်ကြီးတဲ့လူကို မယူချင်ဘဲ ယူခဲ့ရတယ်၊ မချစ်ဘဲ အောင့်ကာနမ်းရတယ်၊ ဒါပေမဲ့ ကျွန်မဘဝမှာ သားလေးတစ်ယောက်သာ ရလာခဲ့တယ်၊ ကျွန်မဖြစ်ချင်တဲ့ အိပ်မက်တွေ ဖြစ်မလာဘူး၊ ကျွန်မတို့အိမ်ထောင်ရေးကို ပျော်ရွှင်စရာ သိပ်ကောင်းမယ်လို့ ထင်သလား၊ ဒါပေမဲ့ ကလေးတစ်ယောက်သာ ရခဲ့တယ်၊ ကျွန်မဖြစ်ချင်တာတွေ ဖြစ်မလာဘူး၊ ကျွန်မတို့အိမ်ထောင်ရေးကို ပျော်ရွှင်စရာ အိမ်ထောင်ရေးလို့ ရှင် ထင်သလား၊ ထောင်မှူးကြီးဟာ ရိုးသားပြီး သဘောမနောကောင်းမွန်ပေမယ့် သူ့ရင်ထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



ချစ်ခြင်းမေတ္တာ မရှိဘူးရှင့်၊ သူ့မျက်လုံးတွေက ရှင့်မျက်လုံးတွေလောက်တောင် မတောက်ပြောင်ဘူးရှင့်၊ သူဟာ လူတိုင်းကို ဉာဏ်တာထောက်ထားတတ်တယ်၊ ကျွန်မအပေါ်မှာလည်း နားလည်သိတတ်တယ်၊ ဒါပေမဲ့ သူ့ရင်ထဲမှာ ချစ်ခြင်းမေတ္တာ မရှိဘူးရှင့်၊ လောကမှာ အင်မတန် ကြမ်းကြုတ်ရက်စက်တဲ့သူတောင် ချစ်ခြင်းမေတ္တာရှိတယ်၊ ကျွန်မက ချစ်ခြင်းမေတ္တာ ငတ်မွတ်နေတာ ကြာပြီရှင့်"

ဟု ပြောလေရာ ကျွန်ုပ်သည် ထောင်မှူးကတော်၏ စကားမတုံ့ပြန်တော့ဘဲ အိမ်ထဲသို့ဝင်၍ အလုပ်များကို လုပ်ကိုင်နေလေ၏။ ကျွန်ုပ်သည် ရှေ့ဆက်ရမည့်ခရီးအတွက် မတွေးချေ။

ထောင်မှူးကတော်သည် သူမ၏ အလိုဆန္ဒများအတွက် ရှုးရှုးမိုက်မိုက် ရှေ့ဆက်တိုးမှာ သေချာ၏။

ထိုသို့ ရှေ့ဆက်တိုးလျှင် ကျွန်ုပ်မှာ ရန်းထွက်ရခက်ခဲလှ၏။





အဘယ်ကြောင့်ဆိုသော် မက်ကောလင်းကို လုပ်ကြံမှုနှင့်ပတ်သက်၍ သူမသည် တစ်ဦးတည်းသော သက်သေပင်ဖြစ်၏။

သူမ၏အလိုဆန္ဒကို ဆန့်ကျင်လျှင် မက်ကောလင်းကို လုပ်ကြံမှုနှင့် ကြိုးစင်သို့ တက်ရမှာ သေချာ၏။

ကျွန်ုပ်၏ အပြန်လမ်းကို စောင့်မျှော်နေသော မမိုးသူ၏ မျက်နှာကို မြင်ယောင်မိ၏။

မမိုးသူနှင့် ပျော်ရွှင်စွာ ပြန်လည်ပေါင်းဖက်မည်လော၊ မက်ကောလင်းကို လုပ်ကြံမှုအတွက် ကြိုးစင်သို့ တက်ရမည်လော။

ဤသို့ အကြိမ်ကြိမ် အဖန်ဖန် စဉ်းစားတွေးတောဆင်ခြင်ပြီး မမိုးသူနှင့် ပျော်ရွှင်စွာ ပေါင်းဖက်ရေးသည် ကျွန်ုပ်အတွက် အရေးအကြီးဆုံး ပန်းတိုင်ပင်ဖြစ်၏။

မမိုးသူနှင့် အမြန်ဆုံး ပြန်လည်ဆုံစည်းခွင့်ရရန် ကျွန်ုပ်သည် တစ်ကျွန်းမှ ထွက်ပြေးရန်ပင် ကြံစည်ခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



ယခု ထောင်မှူးကတော်နှင့် အဆင်ပြေအောင် နေထိုင်ပြီး မီးစင်ကြည့်ကလျှင် မိမိ၏ရည်မှန်းချက်များ ပြည့်ဝသွားနိုင်၏။

ကျွန်ုပ် တစ်ကျွန်းမှ လွတ်မြောက်မည့်နေ့မှာ တဖြည်းဖြည်း နီးလာချေပြီ။

ထို့ကြောင့် အသက်ကို ဥာဏ်စောင့်ရန် ဟူသော စကားအတိုင်း ကျင့်သုံးရန် ဆုံးဖြတ်လိုက်၏။

ကျွန်ုပ် မီးဖိုချောင်ထဲ၌ ပန်းကန်များ ဆေးကြောနေစဉ် ထောင်မှူးကတော်သည် ကျွန်ုပ်အနီးသို့ ရောက်ရှိလာပြီး ...

"ရှင် ကျွန်မရဲ့အိမ်မှာ မနေဘူးဆိုရင်လည်း ရှင်ကျူးလွန်တဲ့ လူသတ်မှုကို ကျွန်မ မဖော်ပါဘူး၊ ကျွန်မအထင် ဒီလူသတ်မှုကို ကျူးလွန်တာ ရှင်တစ်ယောက်တည်း ဟုတ်ပုံမရဘူး၊ ဒီပြင်အကျဉ်းသားတွေလည်း ပါမယ်ထင်တယ်"

ဟု ပြောလေရာ ကျွန်ုပ်သည် ဦးရွှေကောင်းနှင့် နာရာဆင်း၏ မျက်နှာကို မြင်ယောင်နေမိ၏။





ဦးရွှေကောင်း တစ်ယောက် ထောင်မှလွတ်မြောက်သွားချေပြီ။ အဘိုးကြီး နာရာဆင်း တစ်ယောက်သာ ကျန်ရှိနေလေ၏။

နာရာဆင်းလည်း မကြာမီ လွတ်မြောက်တော့မည်။ ထိုအခိုက်မှာ ထောင်မှူးကတော်က ...

"ကျွန်မအထင်တော့ နာရီဆရာကြီး နာရာဆင်းလည်းပါမယ်ထင်တယ်"

ဟု ပြောလေ၏။

ထိုအခါ ကျွန်ုပ်သည် နာရာဆင်းအတွက် စိုးရိမ်သွားပြီး ...

"ကျုပ်နဲ့အတူ ဘယ်သူမှ မပါပါဘူးဗျာ၊ ကျုပ်တစ်ယောက်တည်း ကျူးလွန်တာပါ"

ဟု ပြောလေရာ ထောင်မှူးကတော်က ကျွန်ုပ်ကို ကြည့်၍ ...



www.burmeseclassic.com

www.burmeseclassic.com



"ရှင်က ရဲဘော်ရဲဖက်စိတ် ရှိသားပဲ၊ ဘာမှမပူပါနဲ့ရှင်။ ရှင်ရဲ့လုပ်ကြံမှုကို ကျွန်မတစ်ယောက်တည်း သိတာပါ၊ ကျွန်မယောကျ်ားတောင် မသိပါဘူး၊ ရှင် နာရီထဲမှာ သံပါတ်တစ်ခုခံပြီး သေနတ်တင်ထားတာ လက်ရာမြောက်လိုက်တာ၊ တကယ်တော့ စုံထောက်တွေ ညံ့လွန်းလို့ ဒီလူသတ်မှုမှာ မပေါ်တာပါ၊ ပြင်သစ်မှာ နာရီကိုအသုံးချတဲ့ လူသတ်မှုမျိုး ဖြစ်ဖူးပါတယ်၊ စုံထောက်တွေဟာ သရက်ပင်အောက်မှာ ရှင်တမင်ချထားတဲ့ ယမ်းတောင့်ခွံကိုကြည့်ပြီး ကောက်ချက်လွဲသွားပုံရတယ်၊ ရှင့်အကြံ သိပ်ပိုင်တယ်"

ဟု ပြောလေရာ ကျွန်ုပ်က သက်ပြင်းချ၍ ...

"ထောင်မှူးကတော် ကောက်ချက်ဆွဲတာ ကောင်းလှချည်လား"

ဟု ပြောလေ၏။

သူမက သဘောကျဟန်ဖြင့် ရယ်မော၍ ...





"ရှင့်ကို ကျွန်မဘာဝနောက်ကြောင်းကို ပြောပြတုန်းက တစ်ခု ကျန်နေသေးတယ်၊ ကျွန်မအဖေဘက်က အဘိုးက ကမ္ဘာကျော် စကောတလန်ယဒ် စုံထောက်အဖွဲ့က မှုခင်းဆိုင်ရာ ပညာရှင်ကြီးရှင့်"

ဟု ပြောလိုက်လေတော့၏။

✤ ✦ ✤

ဝေဖန်စာ၊ အကြံပေးစာများ ရေးသားလိုပါလျှင်
မင်းမြတ်သူရ
အမှတ်-၇၊ အသောကလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်သို့
လိပ်မူ၍ ရေးသားနိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဤသို့ဖြင့် ကျွန်ုပ်သည် ထောင်မှူးကြီး၏ နေအိမ်၌ အလုပ်သမားအဖြစ် ဆက်လက်နေထိုင်ခဲ့လေ၏။

ကျွန်ုပ်သည် ထောင်မှူးကြီးကတော်၏ မာယာညွှတ်ကွင်းမှ လွတ်ကင်းအောင် အစွမ်းကုန်ကြိုးစားပြီး နေထိုင်ခဲ့၏။

တစ်နေ့တွင် ကျွန်ုပ် ကိတ်မုန့်ဖုတ်နေစဉ် ထောင်မှူးကြီးကတော်သည် သူမ၏မိုက်ကို လက်ဖြင့်နှိပ်၍ ...

"မိုက်ထဲက နာလိုက်တာရှင်၊ အိပ်ခန်းထဲက ဗီရိုပေါ်မှာ အဖြူရောင်ဆေးဘူးလေး ယူပေးပါ"

သူမစကားကြောင့် ကျွန်ုပ်သည် အိပ်ခန်းထဲသို့ပြေး၍ ဗီရိုပေါ်၌ ဆေးဘူးအဖြူကို ရှာဖွေလေ၏။





သို့သော် သူမ ရှာဖွေခိုင်းသော ဆေးဘူးအဖြူကို မတွေ့ရချေ။

ထိုအခိုက်မှာပင် ထောင်မှူးကတော်သည် အိပ်ခန်းသို့ ရောက်လာပြီး ...

"မတွေ့သေးဘူးလား၊ မြန်မြန်ရှာပါ၊ ကျွန်မ မခံနိုင်တော့ဘူး"

ဟု ဆိုကာ ကျွန်ုပ်၏ခန္ဓာကိုယ်ကို မှီခိုထားလိုက်၏။ သူမ၏ လှပသော မျက်နှာတစ်ခုလုံး ရဲ့မဲ့ပြီး ချွေးသီးချွေးပေါက်များ ကျနေ၏။ ထွားအမ်းအမ်းရှိသော သူမ၏ နှုတ်ခမ်းမှာ တဆတ်ဆတ် တုန်နေ၏။

ကျွန်ုပ်သည် ထောင်မှူးကတော်၏ လှပသောမျက်နှာကိုအနီးကပ်ကြည့်ရင်း ရင်ခုန်နှုန်းများ မြန်ဆန်လာ၏။

ကျွန်ုပ်၏ရင်ခွင်ထဲသို့ ဇနီးချော မမိုးသူ ရောက်နေသကဲ့သို့ ခံစားရ၏။



www.burmeseclassic.com

www.burmeseclassic.com



ထောင်မှူးကတော်သည် ကျွန်ပ်၏ ရှုန်းလှဲနေသော မျက်လုံးအစုံကိုကြည့်၍ ...

"ကျွန်မက မမိုးသူလေ၊ ရှင့်ရဲ့အချစ်ဆုံးမိန်းမလေ"

ဟု ပြောလေရာ ကျွန်ုပ်သည် "မမိုးသူ ... မမိုးသူ" ဟုဆိုကာ သူမကို ပွေ့ဖက်ထားလိုက်၏။ သူမသည် ကျွန်ုပ်ကိုပွေ့ဖက်၍ ခုတင်ပေါ်သို့ လှဲချကာ ကျွန်ုပ်၏နှုတ်ခမ်းများကို နမ်းစုပ်၏။ သူမ၏အဝတ်အစားများကိုချွတ်၍ "ကျွန်မ မလှဘူးလား"ဟု တီးတိုးမေးမြန်း၏။

ကျွန်ုပ်၏ရင်ထဲတွင် အလွန်ပူလောင်ပြီး သူမတစ်ကိုယ်လုံး နေရာမလပ် နမ်းရှုံ့နေမိ၏။

ထောင်မှူးကြီးကတော်သည် ကျေနပ်လွန်းသဖြင့် တအင်းအင်း ညည်းညူနေလေ၏။

ထိုအချိန်မှစ၍ ကျွန်ုပ်၏ဘဝသည် မှောင်အတိကျသွားသည်ဟု ဆိုနိုင်၏။ ကျွန်ုပ်၌ ဆင်ခြင်တုံတရား မရှိတော့။





မှန်ကန်သော အသိဉာဏ်လည်း ကင်းလွတ်သွား၏။ ဒုသနသော ဖြစ်မှာလည်း မကြောက်တော့။

ကျွန်ုပ်၏ ခန္ဓာကိုယ်တစ်ခုလုံး အမိုက်မှောင် ဖုံးလွှမ်းသွားချေပြီ။

ထိုနေ့သည် မှတ်မှတ်ရရ ကျွန်ုပ်၏မွေးနေ့ ဒီဇင်ဘာ (၁)ရက်နေ့ ဖြစ်၏။

ဤသို့ဖြင့် ကျွန်ုပ်သည် သောက်လေသောက်လေ ငတ်မပြေဖြစ်သော ပင်လယ်ရေကို သောက်သုံးမိချေပြီ။

ထိုအချိန်မှစ၍ ကျွန်ုပ်ဘဝတစ်ခုလုံး အဖတ်ဆယ်လို့ မရအောင် မှားယွင်းသွားလေ၏။

ကျွန်ုပ်သည် အတွေ့အာရုံကို မရှောင်နိုင်ဘဲ သူမနှင့် တိတ်တခိုးတွေ့ရန် တမ်းတနေမိ၏။

ထိုအချိန်များ၌ ထောင်မှူးကြီးမရှိသည်နှင့် ကျွန်ုပ်တို့ လွတ်လပ်နေလေ၏။ ထောင်မှူးကြီး၏သားမှာလည်း မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



ဖြူကလေးများ ထိန်းကျောင်းပေးနေသော မူကြိုကျောင်းသို့ပို့လိုက်လေ၏။

တစ်နေ့သ၌ ကျွန်ုပ်တို့နှစ်ယောက်အတွက် ကံဆိုးမိုးမှောင်ကျပြီး သေဘေးနှင့်ကြုံမည့်ဘေးက သိသိလေး လွဲသွား၏။

ကျွန်ုပ်နှင့် ထောင်မှူးကြီးကတော်သည် မခြင်ကွယ်ရာ၌ ချစ်တင်းနှီးနှောရန် ကြံစည်နေစဉ် မိုးခြိမ်းသံများကြားရပြီး မိုးက ဝေါခနဲ ရွာချလေ၏။ ထိုအခါ ထောင်မှူးကတော်က ...

"ဟင် ... ညနေ ကျွန်မ ပါတီမှာဝတ်မယ့်အင်္ကျီ မိုးတွေ စိုကုန်တော့မယ်"

ဟု ပြောလိုက်ရာ ကျွန်ုပ်သည် အဝတ်များကိုဝတ်၍ အိပ်ခန်းထဲမှ ကမန်းကတန်း ပြေးထွက်သွားလေရာ အိမ်တံခါးဝ၌ မမျှော်လင့်ဘဲ ထောင်မှူးကြီးကို တွေ့လိုက်ရ၏။ ကျွန်ုပ်သည် မမျှော်လင့်ဘဲ ထောင်မှူးကြီးကို တွေ့လိုက်ရသောအခါ တုန်လှုပ်ပြီး ...





"ထောင်မှူးကြီး"

ဟု ခေါ်လိုက်လေ၏။ ထောင်မှူးကြီးက ကျွန်ုပ်ကို မျက်မှောင်ကြုတ်ရင်း ...

"မောင်မင်း ဘယ်လိုဖြစ်နေတာလဲ၊ အပြင်မှာ မိုးတွေရွာလို့ ဂါဝန်တွေ စိုကုန်ပြီ၊ ငါ့မိန်းမ ဘယ်ရောက်နေသလဲ"

ဟု မေးမြန်းရာ ကျွန်ုပ်က သက်ပြင်းချ၍ ...

"ကျွန်တော်မျိုး ရေအိမ်ခဏ ဝင်နေလို့ပါ၊ ဟင် ... ဂါဝန်တွေ ရေစိုကုန်တော့မယ်"

ဟု ပြေးကာ မိုးရေထဲသို့ ပြေးဆင်း၍ ဂါဝန်ရုပ်နေသော်လည်း ကျွန်ုပ်၏ရင်ထဲတွင် တဒိတ်ဒိတ် ခုန်နေလေ၏။

ထိုနေ့က ထောင်မှူးကြီးသည် စာရွက်စာတမ်းအချို့ အိမ်မှာကျန်နေသဖြင့် အိမ်သို့ ရုတ်တရက် ပြန်လာခြင်းဖြစ်၏။ ကျွန်ုပ်နှင့် ထောင်မှူးကြီးကတော်တို့ အငြိုးတကြီးဖြင့် ရွာသွန်းဖြိုးသော မိုးက ကယ်တင်သွားခြင်းဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့က မိုးမရွာခဲ့လျှင် ကျွန်ုပ်တို့နှစ်ယောက်ကို ထောင်မှူးကြီး ပက်ပင်းကြီးမိကာ သေနတ်နှင့်ပစ်ခံရမှာ သေချာ၏။ ထိုအဖြစ်မျိုးကြုံလျှင် ကျွန်ုပ်ဘဝကို တွေးဝံ့စရာမရှိတော့။

အသက်မသေလျှင်လည်း တစ်သက်လုံး ဘဝသည် ရှင်လျက်နှင့် သေနေမှာ သေချာ၏။

✤ ✦ ✤





တစ်နေ့တွင် ကျွန်ုပ်သည် ထောင်မှူးကြီးအခန်းသို့ သန့်ရှင်းရေး ပြုလုပ်ပေးနေစဉ် ဗီရိုအောက်၌ကျနေသော အညိုရောင် သားရေဖုံး စာအုပ်လေးတစ်အုပ်ကို တွေ့ရ၏။

ကျွန်ုပ်သည် သားရေဖုံးစာအုပ်လေးကို မသိမသာ ခတ်ရှုကြည့်လိုက်ရာ အတွင်း၌ မြန်မာဘာသာဖြင့် ရေးထိုးထား ကြောင်း တွေ့ရ၏။ စာအုပ်၏ထိပ်၌ ...

**"ဘာမထိဘွား၏ မှတ်တမ်း"**

ဟု ရေးသားထားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် ထောင်မှူးကြီးကတော် အိမ်မှောကျ နေသဖြင့် ဘာမထိဘွားဆိုသူ၏ မှတ်တမ်းကို ဖတ်ကြည့်လေ၏။

ထိုအခါ စာအုပ်၏အရှေ့ပိုင်း၌ လူဆိုးကြီးတစ်ဦး၏ ဘဝစွန့်စားခန်း အထွေထွေကို ရေးသားထားကြောင်း တွေ့ရ၏။

ကျွန်ုပ်သည် အကျဉ်းသားဘဝ၌ လူဆိုးပေါင်းများစွာ၏ ဇာတ်ကြောင်းကို ကြားဖူးနားဝရှိနေသဖြင့် စိတ်ဝင်စားခြင်း မရှိဘဲ စာမျက်နှာများကို ကျော်လွှား၍ ဖတ်လေ၏။

ထိုသို့ ကျော်လွှား၍ ဖတ်ရှုရင်း လူဆိုးကြီး ဘာမထိဘွား ခေါင်းဆောင်သော ဓားပြအဖွဲ့သည် မိုးကုတ်ပတ္တမြားကြီး တစ်လုံးကို ဓားပြတိုက်၍ ရရှိခဲ့ပုံအား ရေးသားထားလေရာ စိတ်ဝင်စားပြီး ဖတ်ရှုနေမိ၏။

ဘာမထိဘွားသည် ၎င်းတို့ ဓားပြအဖွဲ့၏ စွန့်စားခန်းကို အောက်ပါအတိုင်း ရေးဖွဲ့ထားလေ၏။





ကျွန်ုပ်တို့ဓားပြအဖွဲ့သည် မိုးကုတ်သူဌေးကြီးတစ်ဦး ပတ္တမြားရောင်းရန် ရန်ကုန်မြို့သို့ ထွက်ခွာသွားပြီး၊ ရန်ကုန်မြို့၌ မဟာရာဇာနှင့် စကားပြောရာမှ ဈေးမတည့်ခဲ့ကြောင်း ကြားသိရ၏။

မိုးကုတ်သူဌေးကြီး လမ်းခရီး၌ ခရီးတစ်ထောက်နားသည့်မြို့ကိုလည်း ကြိုတင်သိရှိထား၏။

မိုးကုတ်သူဌေးကြီးသည် ပတ္တမြားကြီး မရောင်းရသဖြင့် ကျွန်ုပ်တို့ ကြိုတင်စောင့်နေသောမြို့သို့ ရောက်လာ၏။

သူဌေးကြီးသည် မြို့ပေါ်ရှိ အချမ်းသာဆုံးသူဌေးကြီး၏ နှစ်ဆောင်ပြိုင် အိမ်ကြီး၌ ခရီးတစ်ထောက် နားလေ၏။

မိုးကုတ်သူဌေးကြီးနှင့်အတူ ချောမောလှပသော တူမတစ်ယောက်ပါရှိ၏။

ကျွန်ုပ်တို့ ဓားပြအဖွဲ့သည် မိုးကုတ်သူဌေးကြီး တည်းခိုနေသော နှစ်ဆောင်ပြိုင်အိမ်ကြီးသို့ ည(၁၂)နာရီတိတိတွင် ထွက်ခဲ့လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့ ရောက်ရှိသောအခါ ခြံစောင့်က တံခါးကို ကြိုတင်၍ ဖွင့်ပေးထားလေ၏။ ခြံစောင့်ကို ကျွန်ုပ်သည် အခကြေးငွေ များစွာပေး၍ စည်းရုံးထားသဖြင့် ကျွန်ုပ်တို့လူ ဖြစ်နေ၏။

ကျွန်ုပ်တို့သည် အိမ်ကြီးပေါ်သို့ လွယ်ကူစွာတက်သွားပြီး အိပ်ခန်းတစ်ခု၏ တံခါးကို ခြေဖြင့်ကန်ဖွင့်လိုက်ရာ ခုတင်ပေါ်တွင် ပိုးလိုးပက်လက် အိပ်ပျော်နေသော သူဌေးကြီးနှင့် တူမဆိုသူကို တွေ့ရ၏။

မိုးကုတ်သူဌေးကြီးနှင့် တူမဖြစ်သူသည် ခုတင်တစ်ခုတည်း၌ အိပ်ပျော်နေ၏။ ထူးဆန်းပေစ။

ကျွန်ုပ်သည် သူဌေးကြီး၏ နားထင်ကို သေနတ်ဖြင့် ထောက်လိုက်ရာ သူဌေးကြီးက ...

"မင်း ဘယ်သူလဲ"

ဟု မေးမြန်း၏။ ကျွန်ုပ်က လေသံမာမာဖြင့် ...





"အပိုတွေ မေးမနေနဲ့၊ ခင်ဗျားရဲ့သေမင်း ရောက်နေပြီ၊ ပါးစပ်ပိတ်ထား၊ ကျုပ်တို့က အပေါစားဓားပြတွေ မဟုတ်ဘူး၊ ခင်ဗျား မဟာရာဇာကိုရောင်းတဲ့ ပတ္တမြားကြီး လိုချင်တယ်၊ ပတ္တမြားကြီးရရင် ခင်ဗျားဆီက ခြူးတစ်ပြားမှ မယူဘူး"

ဟုပြောလိုက်ရာ မိုးကုတ်သူဌေးကြီးသည် ထိတ်ထိတ်လန့်လန့်ဖြင့် ၎င်း၌ မိုးကုတ်ပတ္တမြားကြီး မရှိကြောင်း၊ ကျွန်ုပ်တို့ ရရှိသော သတင်းသည် သတင်းမှားဖြစ်ကြောင်း၊ သို့သော် သူဌေးကြီးသည် စိတ်ကောင်း စေတနာကောင်း ရှိသူဖြစ်၍ ကျွန်ုပ်တို့ ဓားပြအဖွဲ့ကို ငွေများစွာ လှူဒါန်းမည်ဖြစ်ကြောင်း ပြောလေ၏။

သို့သော် ကျွန်ုပ်သည် ဓားပြတိုက်ခြင်း အတွေ့အကြုံများစွာရှိသဖြင့် မုသာမာယာများသော သူဌေးကြီးကို မယုံကြည်ဘဲ ကျွန်ုပ်၏ လူများအား အိပ်ခန်းထဲ၌ ရှာဖွေခိုင်းလေ၏။

သို့သော် ပတ္တမြားကြီး၏ အရိပ်အယောင်ကိုမျှ မတွေ့ရချေ။



www.burmeseclassic.com

www.burmeseclassic.com



သူဌေးကြီး တောင်းပန်သကဲ့သို့ ကျွန်ုပ်တို့ရရှိသော သတင်းသည် သတင်းမှားပင် ဖြစ်လေသလား။

သို့သော် ကျွန်ုပ်သည် သူဌေးကြီး၏ ပတ္တမြားကြီးနှင့် ပတ်သက်သော စကားကို ယုံကြည်ခြင်း မရှိချေ။

ထို့ကြောင့် သူဌေးကြီး လွန်စွာချစ်ဟန်တူသော တူမဖြစ်သူကို တစ်ဖက်ခန်းသို့ ခေါ်ဆောင်သွားပြီး ကျွန်ုပ်၏တပည့်များက သိမ်းပိုက်မည်ဟု ခြိမ်းခြောက်၏။

သို့သော် တစ်ကိုယ်ကောင်းဆန်သော သူဌေးကြီးသည် တူမဖြစ်သူကို မည်သို့မျှ လှုပ်လှုပ် အရေးစိုက်ဟန်မပြချေ။

ကျွန်ုပ်တို့အဖွဲ့သည် ဓားပြသစ္စာကို စောင့်သိသူများဖြစ်၍ သူဌေးကြီး၏ တူမကို အမှန်တကယ် ကျင့်ကြံခြင်းမရှိချေ။

ကျွန်ုပ်သည် တစ်ကိုယ်ကောင်းဆန်သော သူဌေးကြီးကို ခြောက်လှန့်မှ ဖြစ်တော့မည်ဟု ယူဆကာ သူဌေးကြီး၏ နားရွက်တစ်ဖက်ကို ဓားဖြင့်ထောက်၍ ...





"ဘယ်မှာလဲ ပတ္တမြားကြီး၊ နားရွက်တစ်ဖက် ပြတ်ပြီးမှ ပတ္တမြားကြီးကို ထုတ်ပေးမှာလား၊ နားရွက်တစ်ဖက် အဆုံးခံမှာလား"

ဟု ခြိမ်းခြောက်လိုက်ရာ သူဌေးကြီးသည် ကြောက်လွန်း၍ သေးများ တပြွန်းပြွန်း ကျလာပြီး မိုးကုတ်ပတ္တမြားကြီးကို ကိုယ်နှင့်မကွာ သိမ်းထားသောနေရာမှ ထုတ်ပေးလေ၏။

သူဌေးကြီးသည် မိုးကုတ်ပတ္တမြားကြီးကို သူ၏ပေါင်ကြား၌ သားရေပြားနှင့် ပူးချည်ထားရာမှ ထုတ်ပေးခြင်းဖြစ်၏။ ထို့နောက် နှမြောလွန်း၍ တရှုံ့ရှုံ့ ငိုယိုလေ၏။

ကျွန်ုပ်တို့သည် ပတ္တမြားကြီး ရသောအခါ သူဌေးကြီးကို ထားခဲ့ပြီး ပြန်ခဲ့ပါ၏။ ထို့နောက် ဓားပြအဖွဲ့သားများ ခရီးဖျောက်ပြီး လမ်းခွဲလိုက်လေ၏။

ထိုအချိန်၌ ကျွန်ုပ်နှင့်အတူ တပည့်ကျော်နှစ်ဦးဖြစ်သော ပေါက်စနှင့် ဝင်းစိုးကို ခေါ်ထားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်၌ ကျွန်ုပ်အား အစိုးရစုံထောက်များက တကောက်ကောက် လိုက်နေသဖြင့် ကျွန်ုပ်သည် အိန္ဒိယမြန်မာ နယ်စပ် ရွာကလေးတစ်ရွာ၌ သွား၍ပုန်းအောင်းနေလေ၏။

ကျွန်ုပ်၏ တပည့်ကျော်နှစ်ဦးဖြစ်သော ပေါက်စနှင့် ဝင်းစိုးလည်း ကျွန်ုပ်နှင့်အတူပါ၏။

ဝင်းစိုးသည် ကျွန်ုပ်နှင့်အတူ တောထဲတွင် ပုန်းအောင်းနေရာမှ မိုးကုတ်ပတ္တမြားကြီးကို အဆက်အသွယ်ရှာ၍ ထုခွဲမည်ဖြစ်ကြောင်း ပြောဆို၏။ ပေါက်စကလည်း ဝင်းစိုး၏ စကားကို ထောက်ခံ၏။

ကျွန်ုပ်သည် တပည့်ကျော်နှစ်ဦးကို ယုံကြည်၍ အလွန်အဖိုးတန်သော ပတ္တမြားကြီးကို စပ်ကာ ရောင်းခိုင်းလိုက်လေ၏။ ကျွန်ုပ်၏ တပည့်ကျော်နှစ်ဦးသည် ပတ္တမြားရောင်း ထွက်သွားပြီး တစ်နှစ်ခန့် ကြာသည်အထိ ပြန်ရောက်မလာသဖြင့် သစ္စာဖောက်ပြီဟု ယူဆကာ ခြောက်လုံးပြူးသေနတ်ထဲသို့ ကျည်အပြည့်ထိုး၍ ပုန်းခိုရာမှ ထွက်ခဲ့လေ၏။ သို့သော် ကျွန်ုပ်ကို





စောင့်ကြည့်နေသော အစိုးရစုံထောက်များနှင့် တည့်တည့်တိုးပြီး ပြေးမလွတ်တော့ဘဲ ထောင်ဒဏ်(၃)နှစ် ကျခံခဲ့၏။

ကျွန်ုပ် ထောင်မှလွတ်သောအခါ တပည့်များကို အခဲမကျေဘဲ လိုက်လံရှာဖွေလေ၏။ ထိုသို့ရှာဖွေရင်း ပုဇွန်တောင် လိပ်ကန်မန်းခြံ၌ တောင်းရမ်းစားသောက်နေသော ပေါက်စနှင့် ဝင်းစိုးကို တည့်တည့်တိုးလေ၏။

ကျွန်ုပ်သည် သူတောင်းစား ဖြစ်နေသော တပည့်နှစ်ဦးကို ဒေါသတကြီး ကြိမ်းမောင်း၍ ပတ္တမြားကြီးအကြောင်းကို မေးမြန်းလေရာ ကျွန်ုပ်ကို အလွန်ကြောက်ရွံ့နေသော တပည့်ကျော် ဝင်းစိုးက ...

"တပည့်တွေကို အထင်မလွဲပါနဲ့ ဆရာရယ်၊ ကျွန်တော်တို့ တောင်းရမ်းစားသောက်နေတာကို ကြည့်ပါ၊ ကျွန်တော်တို့ ပတ္တမြားကြီးကို ရောင်းဖို့ မြို့တက်လာပေမယ့် အစိုးရစုံထောက်တွေ တကောက်ကောက် လိုက်နေတာနဲ့ ခြေရာ ပျောက်ပြီး ပန်းကန်စက် တစ်စက်မှာ ဝင်လုပ်ကြတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့နှစ်ယောက်ကို ပန်းကန်စက်ပိုင်ရှင် အဖိုးကြီးက သဘောကျတာနဲ့ နေရာပေးတယ်၊ နောက်တော့ ပေါက်စက သူ့ထုံးစံအတိုင်း အဖိုးကြီးကို ကြဲတော့တာပဲ ဆရာရယ်၊ ဒီလိုနဲ့ ပန်းကန်စက်မှာလုပ်ပြီး စုံထောက်တွေကို မျက်ခြည်ဖြတ်ထားပေမယ့် တစ်နေ့ ဂျူဗလီဟောပြပွဲအတွက် အထူးစပါယ်ရှယ် ပန်းအိုးကြီး(၃)လုံး လုပ်နေတဲ့ အချိန်မှာ ပုလိပ်တွေ ပန်းကန်စက်ထဲ ဝင်လာတယ်၊ ကျွန်တော်တို့ကလည်း လူသာအဖမ်းခံမယ် ပတ္တမြားကြီး ပုလိပ်တွေလက်ထဲ မရောက်စေရဘူးဆိုပြီး ပတ္တမြားကြီးကို လုပ်လက်စ ပန်းအိုးရဲ့ ဖင်ပိုင်းက ရွှံ့ပျော့ပျော့ထဲမှာ ဖိသွင်းလိုက်တယ်၊ ဒီလိုနဲ့ ပတ္တမြားကြီး ပန်းအိုးထဲကို နှစ်ဝင်သွားတဲ့ အချိန်မှာ ပုလိပ်တွေက ကျွန်တော်တို့ကို ဖမ်းသွားတယ်၊ ဒီလိုနဲ့ ကျွန်တော်တို့နှစ်ယောက် ထောင်(၄) နှစ်ကျခဲ့တယ်ဆရာ၊ ကျွန်တော်တို့ ထောင်ကလွတ်လာတာ မကြာသေးပါဘူး"





ဟု ပြောလေရာ ကျွန်ုပ်၏တပည့်ကျော် ပေါက်စက လည်း ...

"ဟုတ်ပါတယ် ဆရာရယ်၊ ထောင်ကလွတ်လွတ်ချင်း ဆရာ့ရဲ့ပတ္တမြားကြီးကို အမြန်ပြန်ရဖို့ ပန်းကန်စက်က အဖိုးကြီးဆီ သွားပါတယ်"

ဟု ပြောလေ၏။ ကျွန်ုပ်က ပေါက်စဝါသနာကို သိနေသဖြင့် ...

"ခွေးကောင် ... မင်း ပတ္တမြားကို ရှာချင်တာထက် အဖိုးကြီးကို လိုချင်လို့ မဟုတ်လား တရော့ရူးကောင်"

ဟု ပြောလိုက်ရာ ပေါက်စသည် ငြိမ်သက်သွားလေ၏။ ထိုအခါ ကျွန်ုပ်၏ တပည့်ကျော် ဝင်းစိုးက ဆက်လက်၍ ...

"ကျွန်တော်တို့ ပတ္တမြားကြီး မြှုပ်ထားတဲ့ ပန်းအိုးသုံးလုံးကို စုံစမ်းကြည့်တော့ ပန်းအိုးကို မြူနီစပါယ်မင်းကြီး ဦးလှမိုးက ဝယ်ပြီး ပုစွန်တောင်က ဘုရားတစ်ဆူမှာ



www.burmeseclassic.com

www.burmeseclassic.com



လျှုဒါန်းထားတယ်လို့ သိရတယ်၊ ကျွန်တဲ့ ပန်းအိုးကိုတော့ မျက်နှာဖြူ ထောင်မှူးကြီးတစ်ယောက်က ဝယ်သွားတယ် ဆိုပဲ၊ ကျွန်တော်တို့ နှစ်ယောက်ဟာ ပုစွန်တောင်ဘက်က ဘုရားမှာသွားပြီး ပန်းအိုးနှစ်အိုးကို ခိုးယူခဲ့တယ်၊ ရေကြီးမှာကြောက်လို့ ပန်းအိုးအသစ်နှစ်အိုး ပြန်ဝယ်လှူလိုက်သေးတယ်၊ ဒါပေမဲ့ ပန်းအိုးနှစ်အိုးစလုံး ရိုက်ခွဲကြည့်ပေမယ့် ပတ္တမြားကြီးကို မတွေ့ရဘူး၊ ကျွန်တော်တို့ပတ္တမြားဟာ မျက်နှာဖြူထောင်မှူးကြီး ဝယ်သွားတဲ့ ပန်းအိုးထဲမှာ ရှိနေမှာ သေချာပါတယ်၊ ဒီလိုနဲ့ မျက်နှာဖြူထောင်မှူးကြီးကို စုံစမ်းတော့ ထောင်မှူးကြီးဟာ တစ်ကျွန်းမှာ တာဝန်ကျနေတယ်လို့ သိရတော့ ကျွန်တော်တို့နှစ်ယောက် ဘာဆက်လုပ်ရမှန်း မသိတာနဲ့ ပုစွန်တောင်ပန်းခြံမှာ အခုလို ဘဝမျိုး လုပ်နေရတာပဲ၊ ကျွန်တော်တို့ သူတောင်းစားလုပ်တာ ပုလိပ်တွေကို လှည့်စားချင်လို့ပါ၊ အလုပ်မလုပ်ချင်လို့ မဟုတ်ပါဘူး"





ဟု ပြောပြလေ၏။ ကျွန်ုပ်သည် တပည့်ကျော်နှစ်ဦး၏ ညံ့ဖျင်းမှုကြောင့် ပတ္တမြားကြီးကို ဆုံးရှုံးမခံလိုသဖြင့် ပြန်လည်ရရှိရန် ကြံစည်ရ၏။

ထို့ကြောင့် ပေါက်စနှင့် ဝင်းစိုးအား ...

"မင်းတို့နှစ်ယောက်စလုံး တစ်ကျွန်းကို လိုက်သွားရမယ်၊ ငါ့ပတ္တမြားကြီးကို မရ,ရအောင် ပြန်ယူပေးရမယ်"

ဟု ပြောလိုက်ရာ ပေါက်စက ...

"ကျွန်တော်တို့ တစ်ကျွန်းကို ဘယ်လိုလိုက်ရမှာလဲ"

ဟု ပြောလေ၏။ ကျွန်ုပ်က ...

"မင်းတို့နှစ်ယောက်စလုံး ကျွန်းဒဏ်ကျမဲ့ ပြစ်မှုတစ်ခု လုပ်ရမယ်၊ မင်းတို့ တစ်ကျွန်းရောက်ရင် ပတ္တမြားကြီးရှိတဲ့ ပန်းအိုးကို ရအောင်စုံစမ်းခဲ့၊ ပန်းအိုးပြန်ရရင် မင်းတို့ တာဝန် ကျေပြီ၊ ဒီတော့ မင်းတို့ စဉ်းစားရမှာက မင်းတို့ ဘယ်လိုပြစ်မှုမျိုးနဲ့ တစ်ကျွန်းကို သွားမှာလဲ"

ဟု မေးမြန်းလေရာ ပေါက်စသည် အတန်ကြာအောင် စဉ်းစား၍ လက်ဖျစ်တီးကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် သိပြီ ဆရာ၊ ကျွန်တော့်ကို သစ်စိမ်းချိုး ချိုးသွားတဲ့ ပန်းကန်စက်က အပျိုကြီးအိမ်ကို အနုကြမ်းစီးချင်တယ်၊ ကျွန်တော် ထောင်ကလွတ်လာတော့ အပျိုကြီးက ကျွန်တော့်ကို အဖက်မလုပ်တော့ဘဲ ယောက်ျားယူသွားတယ် ဆရာ၊ အပျိုကြီးနဲ့ သူ့ယောက်ျား လူပုလေးစိုးသိန်းကို မကျေနပ်ဘူး၊ အပျိုကြီးဟာ စိုးသိန်းလိုလူကို ယူမယ့်အစား ကျွန်တော့်လို အရပ်အမောင်းကောင်းတဲ့လူကို ယူဖို့သင့်တယ်"

ဟု မကျေမချမ်းပြောကာ အပျိုကြီးအိမ်ကို အနုကြမ်းစီးရန် ကြိုးပမ်းလေ၏။ ၎င်းတို့နှစ်ယောက် အပျိုကြီးအိမ်သို့ အနုကြမ်းစီးနေစဉ် ကျွန်ုပ်က ပုလိပ်များအား သတင်းပေးလိုက်လေရာ ပုလိပ်များသည် ပေါက်စနှင့် ဝင်းစိုးကို ဖမ်းမိသွားလေ၏။

ကျွန်ုပ်တပည့်ကျော် ပေါက်စသည် လွန်စွာမိန်းမပွေသူဖြစ်သဖြင့် ဓားပြတိုက်ရင်း အပျိုကြီးကို အမွှေပြုကျင့်လေရာ ပေါက်စ၏အပြစ်ဒဏ်သည် ပိုမိုကြီးမားသွားလေ၏။





ထို့နောက် ကျွန်ုပ်၏တပည့်ကျော် နှစ်ယောက်စလုံး တစ်ကျွန်းသို့ ကျရောက်သွားလေ၏။ ကျွန်ုပ်သည် တပည့်များ၏ သတင်းကို မျှော်လင့်ချက်ကြီးစွာနှင့် စောင့်မျှော်နေလေ၏။

ထိုသို့ စောင့်မျှော်ရင်း ကျွန်ုပ်၏စီးပွားရေး ကြမ်းတမ်းလှသဖြင့် ရံဖန်ရံခါ ဓားပြမှုလေးများကို ကျူးလွန်လေ့ရှိ၏။

ကျွန်ုပ်သည်တပည့်ကျော် နှစ်ဦးသည် တစ်ကျွန်းသို့ ရောက်ရှိပြီး တစ်နှစ်နီးပါးကြာသည်အထိ မည်သည့်သတင်းကိုမျှ မရချေ။ တစ်နှစ်ကျော်သောအခါ သတင်းစာများ၌ တစ်ကျွန်းရှိ အကျဉ်းသားနှစ်ဦး တစ်ဦးကိုတစ်ဦး သတ်ဖြတ်သောသတင်းကို လေးပါလာ၏။

ထိုသတင်းစာလေး၌ ဝင်းစိုး ဆိုသော အကျဉ်းသားအား ပေါက်စဆိုသူက သတ်ဖြတ်သွားကြောင်း ပါရှိပြီး ပေါက်စသည် တစ်ကျွန်းမှ ထွက်ပြေးသွားကြောင်း၊ သို့သော် ပေါက်စ ထွက်ပြေးသောနေရာမှာ ကြောက်မက်ဖွယ် အလွန်ကောင်းသော



www.burmeseclassic.com

www.burmeseclassic.com



လူရိုင်းများရှိရာအရပ်သို့ ထွက်ပြေးသွားသဖြင့် အသက်ဆုံးမှာ သေချာကြောင်း ဖော်ပြထားလေ၏။

ကျွန်ုပ်သည် တပည့်ကျော်နှစ်ဦး တစ်ဦးကိုတစ်ဦး သတ်ဖြတ်သော သတင်းကို ရရှိသဖြင့် သူတို့နှစ်ယောက်အနက် တစ်ယောက်ယောက် သစ္စာဖောက်သွားကြောင်း ရိပ်စားမိလိုက်၏။

ကျွန်ုပ်၏ မိုးကုတ်ပတ္တမြားကြီးနှင့် ပတ်သက်သော သတင်းမှာလည်း စုန်းစုန်းမြုပ်သွားလေတော့၏။

ကျွန်ုပ်သည် တပည့်ကျော်နှစ်ဦး ယူဆောင်သွားသော ပတ္တမြားကြီးကို မေ့ပစ်လိုက်ပြီး ဓားပြမှုများကို ကျူးလွန်လေရာ တစ်ချိန်၌ ပုလိပ်များ၏ ဖမ်းဆီးခြင်း ခံရပြီး လူသတ်မှု ဓားပြမှုများနှင့် တစ်ကျွန်းသို့ ပို့ခံရလေ၏။

တစ်ကျွန်းသို့ ရောက်သောအခါ မိုးကုတ်ပတ္တမြားကြီးနှင့် ပတ်သက်သော သတင်းကို စုံစမ်းကြည့်လေရာ သတင်း အစအနပင် ရရှိခြင်း မရှိချေ။





ကျွန်ုပ်သည် တစ်ကျွန်း၌ အပြစ်ဒဏ်များကို ခံယူရင်း ချောင်းဆိုးသွေးပါရောဂါရရှိပြီး တဖြည်းဖြည်း ကျန်းမာရေး ချို့တဲ့လာ၏။

ထိုအချိန်၌ ကျွန်ုပ်ဘဝ၏ ဆိုးမိုက်မှုများကို နောင်တရသလို ခံစားရပြီး နောင်လူများ ကျွန်ုပ်ကဲ့သို့ လူဆိုးလူသွမ်း တစ်ဦး၏ဘဝကို သိနားလည်ပြီး သံဝေဂယူရန် အလို့ငှာ ဤမှတ်တမ်းကြီးကို ရေးဖွဲ့ခဲ့လေ၏။

ကျွန်ုပ်ရေးဖွဲ့ခဲ့သော မှတ်တမ်းကြီးကို ဖတ်ရှုပြီး ကျွန်ုပ်၏ မိုးကုတ်ပတ္တမြားကြီးကို ရှာဖွေတွေ့ရှိခဲ့လျှင် ထိုပစ္စည်းကို ထုခွဲ၍ အနည်းငယ်မျှသော ငွေကြေးဖြင့် ကျွန်ုပ်အတွက် ကုသိုလ်ကောင်းမှု ပြုလုပ်ပေးလျှင် ကျွန်ုပ် ကျေနပ်ဝမ်းမြောက်လှပါပြီ။

(ဘာမထိဘွား)

ကျွန်ုပ်သည် ဘာမထိဘွား ဆိုသူ၏ မှတ်တမ်းကို အပြီးသတ် ဖတ်ရှုပြီးနောက် ရင်ထဲတွင် သံဝေဂရမိသလို ခံစားရ၏။



www.burmeseclassic.com

www.burmeseclassic.com



ဘာမထိဘွားဆိုသော လူဆိုးကြီးသည် လူသာမန်တို့ ရနိုင်ခဲလှသော မိုးကုတ်ပတ္တမြားကြီးကို ရရှိခဲ့ပါလျက် သူတစ်ပါးပစ္စည်းကို မတရားလိုချင်တပ်မက်မှုကြောင့် အကျိုးခံစားမှု မရှိခဲ့ချေ။

ဤသို့ဆိုလျှင် ဘာမထိဘွား၏ ပတ္တမြားကြီးသည် မည်သည့်အရပ်သို့ ရောက်ရှိနေသနည်း။

ဘာမထိဘွား၏ တပည့်ကျော် ပေါက်စနှင့် ဝင်းစိုးသည် တစ်ယောက်နှင့်တစ်ယောက် အဘယ်ကြောင့် အသေတိုက်ခိုက်ကြသနည်း။

ထိုချိန်မှစ၍ ကျွန်ုပ်သည် မိုးကုတ်ပတ္တမြားကြီးကို ရှာဖွေချင်စိတ်များ ဖြစ်ပေါ်နေမိ၏။

ထို့ကြောင့် လူသတ်မှုဖြစ်ပွားသည်ဆိုသော ပေါက်စနှင့် ဝင်းစိုးတို့၏ သတင်းကို စတင်စုံစမ်းလေ၏။

သို့သော် ၎င်းတို့နှင့် ပတ်သက်၍ ထောင်သားများထဲ၌ ပြောနိုင်သူ မရှိချေ။

စေတနာ၁၀၁၀ပေ



ကျွန်ုပ်သည် ထောင်သား ပေါက်စနှင့် ဝင်းစိုးတို့၏ မှုခင်းဟောင်းဖိုင်တွဲကို ရှာဖွေရန် ဆုံးဖြတ်လိုက်၏။

ထောင်မှူးကြီးအိမ်သည် မှုခင်းဟောင်းများ ထားရှိသောရုံးနှင့် ကပ်ရပ်မှာရှိ၏။

ထိုရုံးကို ယနေ့ပိတ်ထားလိုက်ပြီး ထောင်မှူးကြီးအပါအဝင် ရုံးသူရုံးသားများသည် ရုံးသစ်ကြီး၌ ရုံးတက်ကြ၏။

ကျွန်ုပ်သည် ရုံးဟောင်းကို တိတ်တခိုးဝင်၍ ဝင်းစိုးနှင့် ပေါက်စ၏ လူသတ်မှုဖြစ်ပွားရာဖိုင်ကို ရှာဖွေရန်ကြံ၏။

တစ်နေ့တွင် ထောင်မှူးကြီးကတော်နှင့် ကျွန်ုပ်သည် ချစ်တင်းနှီးနှောနေလေ၏။

ပြီးနောက် သူမသည် မောပန်းသည်ဆိုကာ အိပ်ရာသို့ဝင်သွားလေ၏။ ကျွန်ုပ်သည် အသင့်ဆောင်ထားသော သံချောင်းကလေးကိုယူ၍ အိမ်နှင့် မနီးမဝေး၌ရှိသော ရုံးဟောင်းသို့ ထွက်ခဲ့၏။

စေတနာ၁၀၁၀ပေ

www.burmeseclassic.com

www.burmeseclassic.com



ရုံးဟောင်းရှိ သံတံခါးကြီးကို ခတ်ထားသော ကြေးသော့ကြီးရှိ၏။

ထိုကြေးသော့ကြီးအား သံချောင်းငယ်လေးဖြင့် ထိုးလိုက်ရာ ကြေးသော့ကြီး ပွင့်သွားလေ၏။

ကျွန်ုပ်သည် ရုံးဟောင်းအတွင်းသို့ဝင်၍ အမှုတွဲများထားရာ ဖိုင်တွဲများကို ဖတ်ရှုလေ၏။

သို့သော် တစ်ရုံးလုံးဖိုင်တွဲများဖြင့် ပြည့်နေသဖြင့် ပေါက်စနှင့် ဝင်းစိုးတို့၏ လူသတ်မှုဖိုင်တွဲကို အလွယ်တကူ ရှာမတွေ့ခဲ့ချေ။

ထိုအချိန်မှစ၍ ကျွန်ုပ်သည် အားလပ်ချိန်များ၌ ထောင်မှူးကြီးကတော် မသိအောင် ရုံးဟောင်းသို့ဝင်၍ အမှုတွဲဟောင်းများကို ရှာဖွေ၏။

တစ်ပတ်ခန့် ရှာဖွေပြီးသောအခါ အမှုအမှတ် ၄၅၀ ဟူ၍ ရေးသားထားသော ဖိုင်တွဲကို တွေ့ရပြီး ၄၅၁ ကို မတွေ့ရဘဲ ၄၅၂ ကိုတွေ့ရ၏။





ကျွန်ုပ်သည် တစ်ပတ်အတွင်း မှုခင်းဟောင်းများအားလုံးကို ရှာဖွေနိုင်ခဲ့ပြီး မှုခင်းဖိုင်အမှတ် ၄၅၁ တစ်ဖိုင်တည်းကိုသာ ရှာမတွေ့ဘဲ ဖြစ်နေလေ၏။ ကျွန်ုပ်၏အာရုံထဲတွင် ဖိုင်အမှတ် ၄၅၁ ကိုသာ မြင်ယောင်နေ၏။ ဖိုင်အမှတ် ၄၅၁ ကို မတွေ့ရသဖြင့် စားမဝင် အိပ်မပျော်ပင် ဖြစ်မိ၏။

ထိုဖိုင်သည် ပေါက်စနှင့် ဝင်းစိုးတို့၏ လူသတ်မှုဖိုင်တွဲ ဖြစ်ဟန်တူ၏။

ဤသို့ဆိုလျှင် အမှုအမှတ် ၄၅၁ ဖိုင်တွဲသည် အဘယ်ကြောင့် ပျောက်ဆုံးနေသနည်း။

ထိုဖိုင်တွဲကို မည်သူက လျှို့ဝှက်သိမ်းဆည်းထားသနည်း။

ကျွန်ုပ်သည် မိုးကုတ်ပတ္တမြားကြီးနှင့် ဆက်စပ်နေသော လူသတ်မှု၏အနောက်သို့လိုက်ရင်း လျှို့ဝှက်ဆန်းကြယ်သော အဖြစ်အပျက်များကို ကြုံတွေ့နေရလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် တစ်ပတ်အတွင်း မှုခင်းဟောင်းများရှိရာ ဖိုင်များအားလုံးကို အသေးစိတ် ဖတ်ရှုပြီး ပေါက်စတို့နှင့် ပတ်သက်သော သဲလွန်စကို ရှာမရချေ။ ကျွန်ုပ်သည် စိတ်ပျက်လက်ပျက်ဖြစ်ပြီး ရုံးအတွင်းသို့ဝင်၍ ဖိုင်ရှာသော အလုပ်ကိုစွန့်လွှတ်လိုက်လေ၏။

သို့သော် ကျွန်ုပ် အိပ်မက်ထဲ၌ မကြာခဏ မိုးကုတ်ပတ္တမြားကြီးကို မက်လေ၏။

ကျွန်ုပ်သည် ထိုပတ္တမြားကြီးကို ထုခွဲရောင်းချပြီး မြန်မာပြည်၌ ကြီးပွားချမ်းသာသူတစ်ဦး ဖြစ်၍နေ၏။

ကျွန်ုပ်အနီး၌ ချောမောလှပသော ဇနီးနှစ်ယောက်ရှိ၏။ ၎င်းတို့မှာ ကျွန်ုပ်ဇနီး မမိုးသူနှင့် ထောင်မှူးကြီးကတော်ဖြစ်၏။

✣ ✦ ✣





ထောင်မှူးကြီးကတော်နှင့် ကျွန်ုပ်၏ တိတ်တခိုး အချစ်ဇာတ်လမ်း၏ အရှိန်သည် တဖြည်းဖြည်း မြင့်တက်လာ၏။ တစ်နေ့ ထောင်မှူးကြီးကတော်နှင့် ကျွန်ုပ်တို့ တိတ်တခိုး ပျော်ရွှင်နေစဉ် အခန်းထဲသို့ ထောင်မှူးကြီး၏သားလေး ဝင်ရောက်လာ၏။

ထောင်မှူးကြီးကတော်သည် ကပျာကယာ အဝတ်များကို လှမ်းခြုံလိုက်ပြီး ကျွန်ုပ်ကို ပြတင်းပေါက်မှ ခုန်ချခိုင်းလိုက်၏။ သို့သော် ကလေးငယ်သည် ကျွန်ုပ် ပြတင်းပေါက်မှ ခုန်ချခြင်းကို မြင်တွေ့သွားပြီး ...

"အန်ကယ် ဘာလို့ ပြတင်းပေါက်က ခုန်ဆင်းတာလဲဟင်"

ဟု မေးနေလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထောင်မှူးကြီးကတော်သည် ဖြေဆိုရခက်သွားပြီး ...

"မာမီအခန်းထဲမှာ ဘယ်သူမှ မရှိပါဘူး"

ဟု ဖြေလေ၏။

ကလေးငယ်က ခေါင်းခါယမ်း၍ ...

"အန်ကယ် ပြတင်းပေါက်က ခုန်ဆင်းသွားတာ ကျွန်တော် မြင်တယ်"

ဟု ပြောလေရာ ထောင်မှူးကြီးကတော်က ...

"မာမီ အိပ်ပျော်နေလို့ မသိဘူး သား၊ ဒီအကြောင်းကို မင်းဒယ်ဒီ ထောင်မှူးကြီးကို ပြန်မပြောနဲ့နော်သား၊ တော်ကြာ မာမီအခန်းထဲကို နိုးဝင်တယ်ဆိုပြီး မင်းအန်ကယ်ကို ဒယ်ဒီက ရိုက်လိမ့်မယ်၊ သူများတွေကိုလည်း လျှောက်မပြောနဲ့နော်၊ သူများတွေက ဒက်ဒီ့ကိုပြန်တိုင်ရင် အန်ကယ် ခွေးသိုက်ကို မာမီတို့အိမ်မှာ ခေါ်လို့ရမှာ မဟုတ်တော့ဘူး"

ဟု ပြောလေ၏။ ကလေးငယ်သည် ကျွန်ုပ်ကို ခင်မင်သူဖြစ်လေရာ မိခင်၏စကားကို အလွယ်တကူ ခေါင်းညိတ်လေ၏။





တစ်ခါကလည်း ကျွန်ုပ်နှင့် ထောင်မှူးကြီးကတော်သည် စားပွဲတစ်လုံးတည်းထိုင်၍ နေ့လယ်စာစားနေစဉ် မျက်နှာဖြူအရေးပိုင်ကတော်နှင့် အခြားသော မျက်နှာဖြူမများ ရောက်ရှိလာပြီး ထောင်မှူးကြီးကတော်အား အင်္ဂလိပ်ဘာသာဖြင့် ...

"မေရီ ... အိမ်မှာ ခေါ်နိုင်းထားတဲ့ ထောင်သားကို ဘာဖြစ်လို့ စားပွဲတစ်လုံးမှာ အတူစားနေရတာလဲ၊ ဒီလိုကောင်မျိုးတွေဟာ အကျင့်စာရိတ္တမကောင်းတဲ့ အောက်တန်းစားတွေပဲ၊ ဒီကောင်မျိုးတွေနဲ့ အဆင့်အတန်းခွဲပြီး ဆက်ဆံသင့်တယ်"

ဟု ပြောလေ၏။ ထောင်မှူးကြီးကတော်သည် ကျွန်ုပ်က အင်္ဂလိပ်စကား နားလည်မှန်း သိသဖြင့် မျက်လုံးပြူးသွားလေ၏။ ကျွန်ုပ်သည် မိမိကို အသားလွတ် အောက်တန်းစားကောင်ဟု ပြောဆိုခံရသဖြင့် ဒေါသူပုန်ထသွားပြီး ...

"ကျုပ်မှာ အပြစ်ရှိလို့ အပြစ်ဒဏ်ကို ခံနေရတာပဲ၊ ကျုပ်ကို အောက်တန်းစားကောင်လို့ ခင်ဗျားတို့ စွပ်စွဲတာ



www.burmeseclassic.com

www.burmeseclassic.com



ယဉ်ကျေးမှုမဲ့လွန်းတယ်၊ တကယ်တော့ သူတစ်ပါးကို အသားလွတ် စော်ကားတဲ့ ခင်ဗျားတို့သာ အောက်တန်းစားတွေ"

ဟု အင်္ဂလိပ်ဘာသာဖြင့် ပြန်လည်ပြောဆိုလိုက်ရာ အရေးပိုင်ကတော်နှင့် မျက်နှာဖြူမများသည် ကျွန်ုပ်အင်္ဂလိပ်စကား တတ်ကျွမ်းမှန်းသိသဖြင့် မျက်လုံးပြူးသွားလေ၏။ အရေးပိုင်ကတော်က ကျွန်ုပ်ကို ဒေါသကြီး ဆဲဆို၍ ...

"နင်လို အကျဉ်းသားက ငါတို့ကို အောက်တန်းစားတွေလို့ ပြောဝံ့သလား၊ စီလူလာထောင်ထဲကို ရောက်ချင်သလား"

ဟု ပြောလေရာ ကျွန်ုပ်က လက်သီးဆုပ်၍ ...

"စီလူလာထောင်လည်း ဂရုမစိုက်ဘူး၊ ခင်ဗျားတို့ကို မိန်းမမို့လို့ ချမ်းသာပေးလိုက်တယ်မှတ်ပါ"

ဟု ကြုံးဝါးလိုက်လေ၏။ ထိုအခါ အရေးပိုင်ကတော်နှင့် မျက်နှာဖြူမများက ထောင်မှူးကတော်ကိုကြည့်၍ ...





"မရီ ... ဒီကောင် မိုက်ရိုင်းနေတာကို ဘာလို့ကြည့်နေတာလဲ၊ ထောင်မှူးကြီးကို ပြောပြီး အပြစ်ဒဏ် ပေးလိုက်စမ်းပါ"

ဟု ပြောလေ၏။ ထောင်မှူးကြီးကတော်သည် မျက်နှာဖြူများ၏ စကားကြောင့် အခက်တွေ့သွားပြီ. ကျွန်ုပ်ဘက်သို့လှည့်၍ ...

"ကျေးဇူးပြုပြီး ရှင် ဘာမှမပြောဘဲ အခန်းထဲက ထွက်သွားပေးပါ"

ဟု ပြောလေရာ ကျွန်ုပ်သည် ထောင်မှူးကြီးကတော်၏အခက်အခဲကို နားလည်သဖြင့် စကားမဆက်တော့ဘဲ အခန်းထဲမှထွက်ခဲ့၏။

ထောင်မှူးကြီးကတော်က ကျွန်ုပ်ထွက်သွားသောအခါ မျက်နှာဖြူမများဘက်သို့လှည့်၍ လေသံတိုးတိုးဖြင့် ...

"ရှင်တို့ သူ့ကိုသွားမထိနဲ့၊ သူဟာ လူသတ်မှုတွေ ကျူးလွန်ပြီး ကျွန်းကိုရောက်လာရုံမကဘူး ကျွန်းကတော်



www.burmeseclassic.com

www.burmeseclassic.com



တစ်ကြိမ်ထွက်ပြေးပြီးပြီ၊ သူ့ကို မထိလေးစားလုပ်ရင် ထောင်မှူးကြီးကိုတောင် ပြန်ပြီးဒုက္ခပေးမယ့်လူရှင်"

ဟု ပြောလေရာ မျက်နှာဖြူမများသည် ကျွန်ုပ်ကို ထိတ်လန့်သွားကြပြီး အရေးပိုင်ကတော်က ...

"ဒီလိုဆိုးသွမ်းတဲ့လူမျိုးကို ဘာဖြစ်လို့ ရှင် အိမ်မှာထားရတာလဲ၊ တစ်နေ့နေ့မှာ ထောင်မှူးကြီးကို ဒုက္ခပေးရင် ဘယ်လိုလုပ်မလဲ"

ဟု ပြောလေရာ ထောင်မှူးကြီးကတော်က တီးတိုးပြောလိုက်ရာ ကျန်သောမျက်နှာဖြူမများသည် တစ်စုံတစ်ရာကို သဘောပေါက်သွားပြီး တခစ်ခစ် ရယ်မောကြကာ အရေးပိုင်ကတော်က ...

"ဪ ... ဒီလိုလား၊ သေသေချာချာကြည့်တော့ သူဟာ မြန်မာထဲမှာ အရုပ်အမောင်းကောင်းပြီး၊ အသားအရေလည်း သန့်တယ်၊ ယောက်ျားလည်း ပီသတယ်၊ ဒါကြောင့် ဒီလူကို မင်းက သည်းခံနေတာကို"





ဟု ဆိုကာ ဝိုင်းဝန်းရယ်မောကြကုန်၏။ ကျွန်ုပ်သည် မျက်နှာဖြူမများ၏စကားကို ခန်းဆီးကြားမှ ချောင်းမြောင်းနားထောင်၍ ထိတ်လန့်တုန်လှုပ်သွားတော့၏။ မျက်နှာဖြူမများ ဝိုင်းဝန်းရယ်မောကြပုံမှာ မိမိနှင့်ထောင်မှူးကြီးကတော်၏ မရိုးသားသော ရင်းနှီးဆက်ဆံမှုကို ရိပ်စားမိပုံရ၏။

ထို့ပြင် ထောင်မှူးကြီးကတော်သည် မိမိနှင့် ရင်းနှီးသော လျှို့ဝှက်ချက်ကို မျက်နှာဖြူမများရှေ့၌ ဝန်ခံလိုက်သလိုဖြစ်သွား၏။ ထောင်မှူးကြီးကတော်သည် အဘယ်ကြောင့် မိမိ၏သေတွင်းကို တူးနေသနည်း။

ထိုကိစ္စကို ထောင်မှူးကြီး သိသွားလျှင် တွေးဝံ့စရာမရှိချေ။

ကျွန်ုပ် ထောင်မှူးကြီးကတော်၏ နှုတ်မလုံမှုကြောင့် ကျွန်ုပ်ရရှိသော ရလဒ်မှာ ကျည်ဆန်ပင်ဖြစ်လိမ့်မည်။

တစ်ခါက အကျဉ်းသားတစ်ဦးနှင့် ဖောက်ပြန်သော ထောင်မှူးကတော်ကို ထောင်မှူးက သေနတ်နှင့်ပစ်ကာ အကျဉ်းသားကိုလည်း အသေပစ်သတ်ခဲ့ဖူး၏။



www.burmeseclassic.com

www.burmeseclassic.com



ထောင်မှူးကတော်၏ အပြုအမူသည် မိမိအတွက် အန္တရာယ်အလွန်များလှ၏။

မိမိတို့အဖြစ်ကို ထောင်မှူးကြီး သိသွားလျှင် တွေးဝံ့စရာ မရှိတော့ချေ။

မျက်နှာဖြူမများ ပြန်သွားသောအခါ ကျွန်ုပ်က ထောင်မှူးကတော်ကို ပြစ်တင်ဝေဖန်လေရာ ၎င်းက ...

"သူတို့ကို ရှင်နဲ့ကျွန်မ ဖြစ်ရတယ်လို့ အတိအလင်း ပြောလိုက်တာမှ မဟုတ်တာ၊ သူတို့ကို မခံချင်အောင် နောက်ပြောင်လိုက်တာပါ၊ ဒါဟာ ကျွန်မတို့ ထောင်မှူးကတော်လောကမှာ မဆန်းပါဘူး၊ တစ်ယောက်နဲ့တစ်ယောက် ဒီလိုပဲ နောက်ပြောင်လေ့ရှိပါတယ်"

ဟု ပြောလေရာ ကျွန်ုပ်က ခေါင်းခါယမ်း၍ ...

"ကျုပ်တို့ကိစ္စက နောက်ပြောင်ရမယ့်ကိစ္စ မဟုတ်ဘူး၊ ဒီအကြောင်းတွေ အပြင်မှာ ပျံ့နှံ့သွားရင် ခင်ဗျားယောကျ်ား ထောင်မှူးကြီးက ကျုပ်ကို သတ်လိမ့်မယ်"





ဟု ပြောလေ၏။ ထောင်မှူးကတော်က သဘောကျဟန်ဖြင့် ရယ်မော၍ ...

"ရှင့်ကို ထောင်မှူးကြီး လက်ဖျားနဲ့တောင် မထိစေရဘူး၊ ကျွန်မ တာဝန်ယူတယ်၊ ကျွန်မတို့ အပြောင်အပြက်ပြောတာကို ရှင့်နားထဲမှာ သွင်းမထားပါနဲ့"

ဟု ပြောလေ၏။ အမှန်စင်စစ် ထောင်မှူးကြီးကတော်သည် မိမိ၌ လင်ငယ်ရှိကြောင်းကို မသိမသာ ကြွားဝါလိုက်ခြင်းဖြစ်၏။

မျက်နှာဖြူထောင်မှူးကတော်များ အချင်းချင်း တွေ့ဆုံလျှင် တစ်ယောက်နှင့်တစ်ယောက် ချောမောလှပသော လင်ငယ်ကိုယ်စီရှိကြောင်း ကြွားဝါလေ့ရှိ၏။ ကျွန်ုပ်သည် ထောင်မှူးကတော်များကြား၌ မြေဇာပင် ဖြစ်သွားလေ၏။

ကျွန်ုပ်သည် ထိုအချိန်မှစ၍ မိမိ၏မှားယွင်းသော လုပ်ရပ်ကို ပြန်လည်ပြုပြင်ရန် ကြံစည်၏။

ထောင်မှူးကတော်များ၏လောက၌ မိမိအကြောင်း ပျံ့နှံ့သွားလျှင် မကြာမီ ထောင်မှူးကြီး သိသွားပေလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ ထောင်မှူးကြီး သိသွားလျှင် မိမိဘဝနောင်ရေးကို တွေးဝံ့စရာပင် မရှိတော့။

တစ်ကျွန်းမှ မလွတ်မြောက်သည့်အပြင် ငရဲသို့ပင် တစ်ခေါက် သွားရတော့မည်။

ကျွန်ုပ်သည် ထိုအချိန်မှစ၍ ထောင်မှူးကြီးကတော်နှင့် ဖောက်ပြန်ခြင်းကို ရပ်တန်းကရပ်ရန် ဆုံးဖြတ်လိုက်၏။

သို့သော် ထောင်မှူးကတော်၏အနီးမှာ နေရလျှင် သူမကို စွန့်လွှတ်ရန် အလွန်ခက်ခဲလှ၏။

ဤကဲ့သို့ ကျွန်ုပ်သည် ဆုပ်လည်းစူး စားလည်းရူး ဖြစ်နေချိန်၌ ထောင်မှူးကြီး တစ်ကျွန်းမှ ပြောင်းရွှေ့ရမည်ဆိုသော သတင်း ထွက်လာသဖြင့် အလွန်ပျော်ရွှင်သွားလေ၏။ ထိုသတင်း သေချာသွားသောအခါ ထောင်မှူးကြီးကတော်သည် တစ်ကျွန်းမှ ပြောင်းရွှေ့ရလျှင် ကျွန်ုပ်နှင့် မခွဲနိုင်ဟုဆိုကာ ဝမ်းပန်းတနည်း ငိုယိုနေလေ၏။





သူမသည် မတုန်မလှုပ် ဖြစ်နေသော ကျွန်ုပ်ကိုကြည့်ကာ ...

"ရှင် ဘာလို့ ငြိမ်နေတာလဲ၊ ကျွန်မနဲ့ ခွဲရမယ်ဆိုလို့ ရှင်ပျော်နေသလား"

ဟု ရန်တွေ့လေ၏။

ကျွန်ုပ်သည် လှပသော သူမ၏မျက်နှာကိုကြည့်၍ ...

"ကျုပ်တို့အဖြစ်က လမ်းခွဲကြတာမှ ပိုကောင်းဦးမယ်၊ တစ်နေ့နေ့ တစ်ချိန်ချိန် ထောင်မှူးကြီး သိသွားရင် ခက်မယ်"

ဟု ပြောလေရာ ထောင်မှူးကတော်က ငိုယိုရင်း ...

"ဘာပဲဖြစ်ဖြစ် ကျွန်မဘဝမှာ ရှင့်တစ်ယောက်ကိုပဲ ချစ်ခဲ့ဖူးတယ်၊ ရှင်နဲ့ခွဲရရင် ကျွန်မ အရမ်းသတိရနေမှာပဲ၊ ရှင် ကျွန်မကို မယုံဘူးလား"

ဟု မေးမြန်းလေ၏။ ကျွန်ုပ်က သက်ပြင်းချ၍ ...



www.burmeseclassic.com

"ယုံပါတယ်ဗျာ၊ ဒါပေမဲ့ နောက်ဆုတ်လိုက်တာပဲ ကောင်းပါတယ်၊ ကြာရင် ကျော်မကောင်း ကြားမကောင်းတွေ ဖြစ်ကုန်မယ်၊ ထောင်မှူးကြီးကတော်ရဲ့ ဂုဏ်သိက္ခာကိုလည်း ထည့်ပြီးစဉ်းစားပါဦး"

ဟု ပြောလေရာ ထောင်မှူးကြီးကတော်သည် တွေဝေသွား၏။

သူမသည် အတန်ကြာအောင် ရှိုက်ငိုနေပြီးမှ ...

"ရှင်ဟာ အတော်ယောကျ်ားပီသတဲ့လူပဲ၊ ကိုယ့်ရဲ့ဂုဏ်သိက္ခာကိုလည်း ထိန်းသိမ်းနိုင်တယ်၊ ရှင့်လိုလူမျိုးနဲ့ ရည်းစားဖြစ်ရတာ ကျွန်မ ဂုဏ်ယူလိုက်တာ"

ဟု ပြောလေ၏။ ထောင်မှူးကြီးမိသားစုသည် မကြာမီ အက်ဒမန်းကျွန်းမှ ပြောင်းရွှေ့တော့မည်ဆိုသောသတင်း ကျွန်းအနှံ့ ပျံ့နှံ့သွားလေ၏။

ထိုအခါ ထောင်မှူးကြီးသည် သဘောမနောကောင်းပြီး အကျဉ်းသားများအပေါ် ထောက်ထားညှာတာသော စိတ်ဓာတ်





ရှိသဖြင့် တစ်ကျွန်းလုံး၌ အကျဉ်းသားများအားလုံး နှမြောတသဖြစ်ကြ၏။

တစ်နေ့တွင် ထောင်မှူးကြီးကတော်သည် ကျွန်ုပ်ကို စာကြည့်ခန်းသို့ခေါ်၍ ရှိဝေသော မျက်လုံးများဖြင့် စာအိတ်ညိုကြီးတစ်အိတ်ကို ကမ်းပေးလေ၏။

ကျွန်ုပ်က နားမလည်ဟန်ဖြင့် ထောင်မှူးကတော်ကိုကြည့်၍ ...

"စာအိတ်ထဲမှာ ဘာတွေလဲ၊ ပိုက်ဆံတွေ ဆိုရင်တော့ မယူချင်ပါဘူး၊ ခင်ဗျားနဲ့ ကျုပ်ကြားမှာ ပိုက်ဆံမရှိဘူး"

ဟု ပြောလေရာ ထောင်မှူးကတော်က သက်ပြင်းချ၍ ...

"ပိုက်ဆံမဟုတ်ပါဘူး၊ ရှင် သိပ်အလိုရှိနေတဲ့ ဖိုင်နံပါတ် (၄၅၁)ပါ"

ဟု ပြောလေ၏။ ထောင်မှူးကတော်၏ စကားကြောင့် ကျွန်ုပ်က မျက်မှောင်ကြုတ်၍ ...



www.burmeseclassic.com

www.burmeseclassic.com



"ဖိုင်နံပါတ်(၄၅၁)ဟုတ်လား၊ ကျုပ် ဒါကိုလိုချင်နေတာ ဘယ်လိုသိသလဲ"

ဟု မေးမြန်းလေ၏။

ထိုအခါ ထောင်မှူးကတော်က …

"ရှင့်ကိုချစ်တဲ့အတွက် ရှင် ဘာတွေလိုတယ်ဆိုတာ ကျွန်မ အမြဲသိတယ်၊ ရှင်ဟာ ကျွန်မယောက်ျား အိမ်ထဲမှာကျကျန်နေတဲ့ စာအုပ်တစ်အုပ်ကို ဖတ်ကြည့်ပြီး ဘာံမထိဘွား ဆိုတဲ့ လူဆိုးတစ်ယောက်ရဲ့ နောက်ကြောင်းရာဇဝင်တွေကို သိခဲ့တယ်၊ ဘာမထိဘွား ရေးခဲ့တဲ့ မိုးကုတ်ပတ္တမြားကြီးအကြောင်းကိုဖတ်ပြီး ရှင်ဟာ ထောင်ထဲမှာ မိုးကုတ်ပတ္တမြားကို ရှာဖွေဖို့ ဆုံးဖြတ်ခဲ့တယ်၊ ရှင့်နည်းရှင့်ဟန်နဲ့ မိုးကုတ်ပတ္တမြားရှိတဲ့ နေရာကို ရှင် စုံစမ်းခဲ့တယ်၊ နောက်ဆုံးမှာ မိုးကုတ်ပတ္တမြားကြုံကြောင့် အသေအကြေ တိုက်ခိုက်ကြတဲ့ အကျဉ်းသားနှစ်ယောက်ရဲ့ အမှုတွဲဟောင်းကို





ပြန်ရှာဖို့ ဆုံးဖြတ်ခဲ့တယ်၊ ဒါကြောင့် ကျွန်မ မသိအောင် ရုံးဟောင်းထဲကို ခိုးဝင်ပြီး အမှုတွဲဟောင်းကို ရှာဖွေခဲ့တယ်၊ ဒါပေမဲ့ အမှုတွဲဟောင်းကို ဘယ်လိုမှ ရှာမရတဲ့အတွက် ရှင်ဟာ မိုးကုတ်ပတ္တမြားကြီးကို ရှာဖွေတဲ့ကိစ္စမှာ လက်မှိုင်ချခဲ့ရတယ်၊ အမှုတွဲဟောင်းတွေကို ရှာဖွေရာမှာ အမှုတွဲအမှတ် ၄၅၀ ကိုတွေ့ပြီး ၄၅၂ ကိုတွေ့ရတယ်၊ အမှုတွဲအမှတ်(၄၅၁) ပျောက်ဆုံးနေခဲ့တယ်၊ ရှင်ဟာ ရုံးထဲမှာ နေ့စဉ်ရက်ဆက် အမှုတွဲအမှတ်(၄၅၁)ကို ရှာဖွေရင်း မတွေ့တဲ့အဆုံးမှာ လက်မှိုင်ချခဲ့ရတယ်၊ တကယ်တော့ ရှင့်ရဲ့ ခြေလှမ်းတွေကို အမြဲတမ်း တစ်ကွက်ကြိုမြင်နေတဲ့ ကျွန်မက ရုံးဟောင်းထဲကို ရှင်မသိအောင်ဝင်ပြီး အမှုတွဲအမှတ်(၄၅၁)ကို လက်ဦးအောင် ယူထားလိုက်တာပဲ"

ဟု ပြောလေရာ ကျွန်ုပ်က ထောင်မှူးကြီးကတော်ကိုကြည့်၍ ခေါင်းခါယမ်းလိုက်ပြီး …



www.burmeseclassic.com

www.burmeseclassic.com



"ဒီအကြောင်းတွေကို ထောင်မှူးကြီး သိသလား"

ဟု မေးမြန်းလေ၏။ ထောင်မှူးကတော်က ခေါင်းခါ၍ ...

"ဒီအကြောင်းတွေကို ထောင်မှူးကြီး လုံးဝမသိပါဘူး၊ ကျွန်မတစ်ယောက်တည်း သိတာပါ၊ မိုးကုတ်ပတ္တမြားကြီးကို ရှာဖွေနေတဲ့ ရှင့်ကို ကျွန်မက ဘာဖြစ်လို့တားမြစ်ရသလဲဆိုတော့ ရှင့်ကိုချစ်လို့ပဲ၊ ရှင်ဟာ မိုးကုတ်ပတ္တမြားကြီးကို ရသွားရင် ကျွန်မကို ပစ်သွားမှာကြောက်လို့ပဲ၊ ဒါပေမဲ့ ရှင်နဲ့ကျွန်မ ခွဲရတော့မယ်ဆိုတဲ့အတွက် ကျွန်မဖွက်ထားတဲ့ အမှတ်တွဲ(၄၅၁)ကို ရှင့်ကို ပေးလိုက်တာပါ၊ ရှင် ဉာဏ်ရှိသလိုသုံးပြီး မိုးကုတ်ပတ္တမြားကို ရှာကြည့်ပေတော့"

ဟု ပြောလေရာ ကျွန်ုပ်သည် ထောင်မှူးကတော်၏ ထူးခြားသော စိတ်ဓာတ်ကို အံ့သြရလေ၏။

ထောင်မှူးကတော်က ဆက်လက်၍ ...





"ရှင် ကျွန်မကို မချစ်ဘဲနဲ့အောင့်ကာနမ်းနေတာ ကျွန်မသိပါတယ်၊ ရှင်ဟာ သေမင်းနာရီကြီးကို အသုံးပြုပြီး ထောင်မှူးကြီး မက်ကောလင်းကို လုပ်ကြံခဲ့တယ်၊ ဒီလိုလုပ်ကြံခဲ့တဲ့ပြစ်မှုကို ကမ္ဘာပေါ်မှာ ကျွန်မတစ်ယောက်တည်းသိတယ်၊ ဒါကြောင့် ကျွန်မအလိုကျ နေထိုင်ပေးနေတယ်လို့ ကျွန်မသိပါတယ်၊ ဒါပေမဲ့ ရှင့်ကိုမခွဲနိုင်လို့ ဖွက်မိုတ်ပြီး ကျွန်မ ရှုမိုက်ခဲ့တယ်၊ တကယ်တော့ သေမင်းနာရီကြီးမှာ တပ်ဆင်ထားတဲ့ သေနတ်နဲ့ သက်သေခံပစ္စည်းတွေဟာ နာရီကြီးမှာ မရှိတော့ပါဘူး၊ ဒါတွေကို ဟိုးအရင်ကတည်းက ကျွန်မ ဖျက်ဆီးပစ်တာ ကြာပါပြီ၊ ရှင်ကတော့ သက်သေခံပစ္စည်းတွေနဲ့ ကျွန်မ ဒုက္ခပေးသွားမှာကြောက်ပြီး စိတ်မပါဘဲနဲ့ ချစ်ခဲ့ရတာ မဟုတ်လား"

ဟု ပြောလေရာ ကျွန်ုပ်သည် ထောင်မှူးကတော်၏ မျက်လုံးများကိုကြည့်ကာ ...

"ကျုပ်ရင်ထဲမှာ ဘာတွေရှိသလဲဆိုတာ မပြောပါရစေနဲ့၊ ကျုပ်ကို ဖိုင်တွဲအမှတ်(၄၅၁)ကိုပေးတာ ကျေးဇူးတင်ပါ



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ကျုပ် မိုးကုတ်ပတ္တမြားကြီးကို ကြိုးစားပြီး ရှာဖွေချင်သေးတယ်၊ နာရီထဲက သက်သေခံပစ္စည်းတွေကို ဖျောက်ဖျက်ပေးတဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်၊ ကျုပ်ကို ခွင့်ပြုပါဦး"

ဟု ဆိုကာ သူမ၏အနီးမှ ကျောခိုင်းထွက်ခဲ့၏။ အိမ်တံခါးဝသို့ ရောက်သောအခါ ကျွန်ုပ်၏ရှေ့၌ တစ်စုံတစ်ဦး တွေ့သဖြင့် ကြည့်လိုက်ရာ ထောင်မှူးကတော်၏သားလေးဖြစ်၏။ ကျွန်ုပ်က ကလေးငယ်၏ပါးကို နမ်းရှိုက်လိုက်၏။ ကလေးငယ်က လေသံတိုးတိုးဖြင့် ...

"အန်ကယ်နဲ့မာမီအကြောင်းကို ကျွန်တော် ဘယ်သူ့ကိုမှ မပြောပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ အန်ကယ်က စိတ်ထားကောင်းလို့ပဲ"

ဟု ပြောလိုက်ရာ ကျွန်ုပ်သည် ကလေးငယ်ကို ကြည့်ပြီး တုန်လှုပ်ချောက်ချားသွားလေ၏။

✣ ✦ ✣





ကျွန်ုပ်သည် ဖိုင်တွဲအမှတ်(၄၅၁)ကို ရရှိသည်နှင့် မိုးကုတ်ပတ္တမြားကြီးကို ရှာဖွေရန် ထိုဖိုင်တွဲအား အသည်းအသန် ဖတ်ရှုလေ၏။ ထိုအခါ ပေါက်စနှင့် ဝင်းစိုးတို့၏ ရန်ပွဲကြောင့် ဝင်းစိုး သေဆုံးသွားပုံကို အဓိကသက်သေထွက်သော လူတစ်ဦး ရှိကြောင်း တွေ့ရ၏။ ထိုသူ၏အမည်မှာ ထောင်ဝါဒါ ကိုဇော်လွင် ဆိုသူ ဖြစ်၏။ ကိုဇော်လွင်၏ ထွက်ချက်မှာ အောက်ပါအတိုင်း ဖြစ်၏။

ထိုနေ့က နှင်းများတဖွဲဖွဲကျနေသောအချိန်၌ ကျွန်ုပ်သည် နံနက်စောစောတွင် လွှမ်းစေတီအနီးသို့ အမှိုက်များလှည်းကျင်းရန် ရောက်ရှိနေ၏။ ကျွန်ုပ်သည် မိမိ၏မွေးနေ့တိုင်း လှည်း



www.burmeseclassic.com

www.burmeseclassic.com



စေတီသို့ အမှိုက်များ လှည်းကျင်းရန် ကြိုးစားလေ့ရှိ၏။ တစ်နေ့ လွမ်းစေတီ၌ ကျွန်ုပ် အမှိုက်လှည်းကျင်းပြီးနောက် ခဏမျှနားနေစဉ် လူတစ်ဦးသည် ခိုးကြောင်ခိုးဝှက်နှင့် လွမ်းစေတီသို့ ရောက်လာပြီး စေတီ၌ ကပ်လှူထားသော ဘုရားပန်းအိုးကို ခိုးယူလိုက်၏။

ဘုရားပန်းအိုးကို ခိုးယူသူမှာ ထောင်သားအစ်ယောက်ဖြစ်သဖြင့် ကျွန်ုပ် အံ့သြတကြီး ကြည့်နေစဉ် ထိုသူသည် ပန်းအိုးထဲမှ ပန်းများကို ရင်ပြင်၌ သွန်ချ၍ ပန်းအိုးကိုယူပြီး ထွက်ခွာသွားလေ၏။

ကျွန်ုပ်သည် ထောင်သားများအားလုံး ကိုးကွယ်ရန် တည်ထားသော လွမ်းစေတီမှ ပန်းအိုးကို ခိုးယူသော ထောင်သားအား လက်ရဖမ်းဆီးနိုင်ရန် အနောက်မှ လိုက်သွားလေ၏။

ထိုအခိုက်မှာပင် နှင်းများကြားမှ အခြားထောင်သားတစ်ယောက် ထွက်လာပြီး ပန်းအိုးခိုးလာသော ထောင်သားနှင့် စကားပြောဆိုလေ၏။ ထို့နောက် တစ်ဦးနှင့်တစ်ဦး လုံးထွေးသတ်ပုတ်ကြပြီး ပန်းအိုးကို လုယူရန် ကြိုးစားနေ၏။





ကျွန်ုပ်သည် လူထူးလူဆန်း နှစ်ယောက်အား ရပ်မကြည့်နိုင်တော့ဘဲ ...

"ဟေ့ကောင်တွေ ရန်မဖြစ်ကြနဲ့၊ ရပ်လိုက်စမ်း"

ဟု အော်ဟစ် တားဆီးလိုက်၏။

ထိုအခါ နောက်မှရောက်လာသော ထောင်သားသည် ပန်းအိုးခိုးလာသော ထောင်သားကို ဓားဖြင့်တစ်ချက် ဆောင့်ထိုး၍ ပန်းအိုးကို ဆွဲလုပြီး ထိုနေရာမှ ထွက်ပြေးလေတော့၏။

ကျွန်ုပ်သည် ထွက်ပြေးသွားသော ထောင်သားနောက်သို့ အော်ဟစ်ပြီး ပြေးလိုက်သွားသော်လည်း ထောင်သားသည် နှင်းများကြားမှာ ကွယ်ပျောက်သွားလေ၏။

ကျွန်ုပ်သည် ဓားထိုးခံရသော အကျဉ်းသားထံသို့ ပြန်ရောက်သောအခါ ထိုသူ သေဆုံးနေကြောင်း တွေ့ရ၏။

ထိုသူ၏လက်ထဲ၌ ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားသော ပန်းအိုးတစ်ပိုင်းပြတ်ကလေးကို တွေ့ရလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထောင်သားနှစ်ဦး၏ အပြုအမူသည် လွန်စွာထူးခြားလှ၏။

အဖိုးမတန်သော ပန်းအိုးလေးတစ်လုံးအတွက် တစ်ယောက်နှင့်တစ်ယောက် သဲကြီးမဲကြီး သတ်ပုတ်ထိုးကြိမ်ကြလေ၏။

ခဏကြာလျှင် ထောင်ဝါဒါများ ရောက်ရှိလာပြီး ကျွန်ုပ်က လူသတ်မှုဖြစ်ပွားရခြင်း အကြောင်းကို ရှင်းလင်းပြလေ၏။

ထိုအခါ သေဆုံးသူမှာ ဓားပြမှု လူသတ်မှုများနှင့် ကျွန်းသို့ရောက်လာသူ ဝင်းစိုး ဆိုသူဖြစ်ကြောင်း သိရ၏။

ဝင်းစိုးကို သတ်၍ ထွက်ပြေးသူမှာ ဝင်းစိုး၏ သူငယ်ချင်း ပေါက်စဆိုသူဖြစ်၏။

ပေါက်စသည် လူသတ်မှု၊ ဓားပြမှု၊ မုဒိမ်းမှုများနှင့် တစ်ကျွန်းသို့ ရောက်လာသူဖြစ်၏။

—— စေတနာ၁၀၁ပေ ——



ကျွန်ုပ်သည် သေသူအကျဉ်းသား ဝင်းစိုး၏ လက်ထဲ၌ ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားသော ပန်းအိုးတစ်ပိုင်းပြတ်ကလေးကို စေတီအနီးရှိ အမှိုက်ကျင်း၌ ချထားလိုက်လေ၏။

လွန်ခဲ့သော နှစ်များစွာကပင် လှူဒါန်းထားသော ဟောင်းနွမ်းနေသည့် ပန်းအိုးလေးတစ်လုံးကို လုယက်ယူငင်ပြီး လူသတ်မှုဖြစ်ပွားကြ၏။

တစ်ကျွန်းမှ ထွက်ပြေးသော ပေါက်စ ဆိုသူသည် ကျွန်းအတွင်းပိုင်းရှိ လူရိုင်းများ ရှိရာအရပ်သို့ ထွက်ပြေးသွားကြောင်း သိရ၏။ လူရိုင်းများအနက် အချို့သော မျိုးနွယ်စုများသည် လူသားစားကြသဖြင့် ပေါက်စ ဆိုသော အကျဉ်းသားမှာ သေဆုံးသွားဖွယ်ရှိ၏။

ကျွန်ုပ်သည် ထောင်ဝါဒါဇော်လွင် ဆိုသူ၏ သက်သေထွက်ချက်များကို ဖတ်ရှု၍ အလွန်စိတ်လှုပ်ရှားသွားမိလေ၏။ ဘာမထီဘွား ဆိုသော လူဆိုးကြီး၏ မှတ်တမ်းအရ ပျောက်ဆုံးသွားသော မိုးကုတ်ပတ္တမြားကြီးသည် တစ်ကျွန်းရှိ ထောင်မှူးကြီး ဝယ်ယူထားသော ပန်းအိုးထဲ၌ ရှိနေ၏။

—— စေတနာ၁၀၁ပေ ——

www.burmeseclassic.com

www.burmeseclassic.com



ထောင်မှူးကြီးသည် ၎င်း၏လက်ထဲ၌ရှိသော ပန်းအိုးကို တစ်ကျွန်း၌ရှိသော လွမ်းစေတီလေးသို့ လှူဒါန်းပုံရ၏။ ထိုသတင်းကို ပေါက်စနှင့် ဝင်းစိုးတို့နှစ်ဦး ကြားသိပြီး လောဘဇောကပ်ကာ တစ်ဦးနှင့်တစ်ဦး ရက်ရက်စက်စက် သတ်ဖြတ်ပြီး ပန်းအိုးကို လုယူကြ၏။

ထိုအခါ ပန်းအိုးသည် နှစ်ပိုင်းပြတ်ပြီး တစ်ပိုင်းမှာ ထွက်ပြေးသွားသော အကျဉ်းသား ပေါက်စထံ ရောက်၏။

ကျန်သောတစ်ပိုင်းမှာ သေဆုံးပြီး ကျန်ရစ်သူ ဝင်းစိုး၏လက်ထဲ၌ရှိ၏။ ဝင်းစိုး၏လက်ထဲရှိ ပန်းအိုးပြတ်ကလေးကို လွမ်းစေတီအနီးရှိ အမှိုက်တွင်း၌ ချခဲ့သည်ဆို၏။

ထို့နောက် ပတ္တမြားကြီးသည် ထွက်ပြေးသွားသော ပေါက်စ၏ပန်းအိုးထဲတွင် ပါသွားခဲ့လျှင် ပေါက်စအား သတ်ဖြတ်သွားသော လူရိုင်းများထံသို့ရောက်ပြီး ပျောက်ဆုံးသွားချေပြီ။

သို့မဟုတ် ထောင်တွင်း၌ သေဆုံး၍ ကျန်ရစ်ခဲ့သော ဝင်းစိုး၏ပန်းအိုးထဲ၌ ပတ္တမြားကြီး ရှိနေလျှင် မိုးကုတ်ပတ္တမြားကြီးကို မိမိရရှိနိုင်၏။





ကျွန်ုပ်သည် အလွန်စိတ်လှုပ်ရှားပြီး ပေါက်တူးတစ်လက်ကိုယူကာ လွမ်းစေတီသို့ နံနက်စောစောထပြီး ထွက်ခဲ့၏။ ထိုနံနက်မှာလည်း နှင်းများကျဆင်းနေလေ၏။

ကျွန်ုပ်သည် ပေါက်တူးတစ်လက်ဖြင့် လွမ်းစေတီအနီးရှိ အမှိုက်တွင်းကို ဖော်လေ၏။ သို့သော် အတန်ကြာသည်အထိ မည်သည့် ပန်းအိုးပြတ်ကိုမျှ မတွေ့ရပါ။

ကျွန်ုပ်သည် ပန်းအိုးပြတ်ကို မတွေ့ရသဖြင့် လက်လျှော့မရလိုဖြစ်နေချိန်၌ မြေကြီးထဲ၌ ထိုးထိုးထောင်ထောင်ဖြစ်နေသော ပန်းအိုးပြတ်လေးကို တွေ့ရ၍ ဝမ်းသာအားရ ဆွဲယူလိုက်၏။

ကျွန်ုပ်လက်ထဲသို့ ပန်းအိုးပြတ်လေး ရောက်ရှိလာသော် ကျွန်ုပ်အနောက်မှ အသံကြား၍ လှည့်ကြည့်လိုက်ရာ ထောင်မှူးကြီးကို တွေ့ရသဖြင့် ထိတ်လန့်တုန်လှုပ်မိလေ၏။ ထောင်မှူးကြီးသည် မိုးကုတ်ပတ္တမြားကြီးနှင့် ပတ်သက်၍ ရိပ်စားမိနေသလော။

ထောင်မှူးကြီးက ကျွန်ုပ်ကိုကြည့်၍ သက်ပြင်းချလိုက်ပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"အမှိုက်တွင်းကို မီးရှို့မလို့နဲ့တူတယ်၊ နံနက်စောစော ဝီရိယကောင်းလှချည်လား"

ဟု ပြောကာ ကျွန်ုပ်အနီးမှ ထွက်ခွာသွားလေ၏။ ကျွန်ုပ်သည် ထိုအခါမှပင် ရင်ထဲက အလုံးကြီး ကျသွားလေ၏။

ပြီးနောက် စေတီအနီးသို့သွား၍ မမြင်ကွယ်ရာ၌ ပန်းအိုး၏ဖင်ပိုင်းကို ရိုက်ခွဲလိုက်ရာ ကွမ်းသီးလုံးခန့်ရှိသော မိုးကုတ်ပတ္တမြားကြီး ထွက်ကျလာလေ၏။

ကျွန်ုပ်သည် ပတ္တမြားကြီးကို မမျှော်လင့်ဘဲ ပိုင်ဆိုင်ခွင့်ရလိုက်သဖြင့် ဝမ်းသာလိုက်သည်မှာ ပြောဖွယ်ရာ မရှိတော့ပေ။

တစ်ကျွန်းမှ လွတ်မြောက်သောအချိန်၌ ပတ္တမြားကြီးကိုထုခွဲ၍ ရရှိသောငွေများအနက် တစ်ဝက်ကို ဓားပြကြီး ဘာမထီ ဘွားအတွက် ရည်စူးပြီး အလှူဒါနပြုလုပ်ပေးရန် ကြံရွယ်၏။

ကျန်တစ်ဝက်ကိုမူ ကျွန်ုပ်အတွက် ရင်းနှီးစားသောက်ရန် ဆုံးဖြတ်ထားလေ၏။

✤ ✦ ✤



ထောင်မှူးကြီးမိသားစု ကျွန်းမှပြောင်းရွှေ့သောနေ့၌ ကျွန်ုပ်သည် အခြားသော အမှုထမ်းများနှင့်အတူ အထုပ်အပိုးများကို သယ်ပိုးပေးလေ၏။ သင်္ဘောဆိပ်သို့ ကားများထွက်ကာနီးအချိန်၌ ထောင်မှူးကတော်သည် ကျွန်ုပ်၏အနီးသို့ ရောက်ရှိလာပြီး ...

"ရှင့်ကို ကျွန်မတစ်သက် ဘယ်တော့မှ မမေ့ဘူး၊ ရှင်ဟာ သိပ်ပြီးတော့ ကြင်နာတတ်တဲ့ ယောက်ျားပဲ"

ဟု ပြောလေ၏။ ထိုစဉ် ထောင်မှူးကြီး အနီးသို့သို့ရောက်လာပြီး ထောင်မှူးကတော်၏ပခုံးကိုဖက်၍ ...

"ငါတို့သွားမယ် ငွေသိုက်၊ မောင်မင်းလည်း လိမ်လိမ်မာမာနေပါ၊ လွတ်ရက်နီးနေပြီပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောလေ၏။ ထောင်မှူးကြီးသည် ဖနီးကို အနီးမှ ခေါ်ဆောင်သွားလေ၏။ ကျွန်ုပ်သည် ထောင်မှူးကတော်၏ လှပသောမျက်နှာနှင့် ညှို့ငင်နိုင်စွမ်းရှိသော အမူအရာများကို နောက်ဆုံးတွေ့ဆုံလိုက်ရခြင်းပင်ဖြစ်၏။

မကြာမီ ထောင်မှူးကြီးအသစ် ပြောင်းလာပြီး ထိုထောင်မှူးကြီးနှင့်အတူ ကျွန်ုပ်အတွက် အလွန်ထူးခြားသော မင်္ဂလာသတင်းတစ်ပုဒ် ပါရှိလာ၏။ ထောင်မှူးကြီးသည် ယခင်ထောင်မှူးကြီးကဲ့သို့ သနားညှာတာစိတ်ရှိသည်ဟု သိရ၏။

တစ်ကျွန်းသို့ ထောင်မှူးကြီးအသစ် ရောက်ရှိပြီး တစ်ပတ်ပြည့်သောနေ့၌ ကျွန်ုပ်ကို ခေါ်တွေ့၍ ...

"မောင်မင်း ... မောင်ငွေသိုက်အတွက် မြန်မာပြည်က အထူးသတင်းတစ်ခု ပါလာတယ်။ မောင်မင်း ဝမ်းသာပေတော့"

ဟု ပြုံးရွှင်သော အမူအရာဖြင့်ပြောလေရာ ကျွန်ုပ်သည် နားမလည်နိုင်ဘဲ ထောင်မှူးကြီးကိုကြည့်၍ ...





"ရှင်းပြပါဦး ခင်ဗျာ"

ဟု ပြောဆိုလိုက်ရာ ထောင်မှူးကြီးက ဖိုင်တွဲတစ်တွဲကို လှန်၍ဖတ်ရှုပြီး ...

"မောင်မင်းဟာ ကိုယ့်ရဲ့ဖနီးကို ကျူးလွန်တဲ့ ရှေ့နေအေးသိန်း ဆိုတဲ့လူကို ခြေထောက်နဲ့ကန်လို့ အေးသိန်းသေဆုံးပြီး တစ်ကျွန်းကို ရောက်လာတယ် မဟုတ်လား"

"ဟုတ်ပါတယ် ခင်ဗျာ"

"ဒါပေမဲ့ သေကာနီး ဖြောင့်ချက်ပေးသွားတဲ့ လူတစ်ယောက်ကြောင့် မောင်ငွေသိုက်ရဲ့အပြစ်ဒဏ်က လွတ်ငြိမ်းခွင့်ရတော့မယ်၊ အရက်ရောင်းတဲ့ ဦးမြကြီးဆိုတဲ့ပုဂ္ဂိုလ်က သူသေကာနီးမှာ ဖြောင့်ချက်ပေးသွားတယ်၊ ဦးမြကြီးဟာ ထားရီဆိုတဲ့ သမီးလေးတစ်ယောက်ရှိတယ်၊ ရှေ့နေအေးသိန်းဟာ ထားရီကို အင်္ဂလိပ်စာသင်ပေးရင်း တိတ်တခိုးခြေတော်တင်ခဲ့တယ်၊ ထားရီလေးဟာ အေးသိန်းကြောင့်ကိုယ်ဝန်ရှိပြီး ကိုယ့်ကိုယ်ကိုယ် အဆိပ်သောက်သေခဲ့တယ်၊



www.burmeseclassic.com

www.burmeseclassic.com



ဒီအကြောင်းတွေကို ဘယ်သူမှ မသိပေမယ့် ဦးမြကြီးကတော့ အချစ်ဆုံးသမီးလေးအတွက် ရှေ့နေအေးသိန်းကို အမုန်းကြီးမုန်းပြီး လက်စားချေဖို့ စီစဉ်ခဲ့တယ်၊ အဲဒီတုန်းက ရှေ့နေအေးသိန်းဟာ ဦးမြကြီးရဲ့ဆိုင်မှာ အရက်သောက်ရင်း ဘိလိယက်ထိုးနေတယ်၊ ဦးမြကြီးဟာ ရှေ့နေအေးသိန်းကို မုန်းတီးတဲ့အတွက် အရက်ထဲမှာ ရိုးရာဆေးဝါးတစ်မျိုးထည့်ပြီး လုပ်ကြံခဲ့တယ်၊ အဲဒီတုန်းက ရှေ့နေအေးသိန်းဟာ အရက်သောက်ပြီး ခေါင်းမူးနေတုန်း မောင်ငွေသိုက်နဲ့ ဆုံတွေ့ခဲ့တာပဲ၊ မောင်ငွေသိုက်ဟာ ဇနီးဖြစ်သူကို စော်ကားတဲ့အတွက် အေးသိန်းကို ခြေထောက်နဲ့ကန်ခဲ့တယ်၊ အေးသိန်းဟာ ခြေထောက်နဲ့ကန်ခံရတာနဲ့ မြေပေါ်ကိုလဲကျပြီး သေဆုံးခဲ့တယ်၊ တကယ်တော့ အေးသိန်းဟာ ခြေထောက်နဲ့ကန်ခံရလို့ သေတာမဟုတ်ဘူး၊ အဆိပ်ခတ်ခံရလို့ သေရတာပဲ၊ ဦးမြကြီးရဲ့ နောက်ဆုံးဖြောင့်ချက်ကြောင့် အေးသိန်းရဲ့အလောင်းကိုဖော်ပြီး စစ်ဆေးကြည့်





တဲ့အခါ အေးသိန်းရဲ့ အစာအိမ်ထဲမှာ ကြောက်စရာကောင်းတဲ့ အဆိပ်တစ်မျိုး တွေ့ရတယ်၊ ဒါကြောင့် ရှေ့နေအေးသိန်း သေဆုံးရခြင်းဟာ ဦးမြကြီးရဲ့အဆိပ်ကြောင့်လို့ ကောက်ချက်ချတယ်၊ ဒါကြောင့် မောင်ငွေသိုက်မှာ အပြစ်မရှိတော့ဘူး၊ မောင်ငွေသိုက် တစ်ကျွန်းမှာ အပြစ်ဒဏ်ခံရတဲ့အတွက် ဗြိတိသျှဘုရင်မကြီးကိုယ်စား ကျွန်ုပ် တောင်းပန်ပါတယ်၊ မောင်ငွေသိုက် မကြာမီ မြန်မာပြည် ပြန်ရတော့မယ်”

ဟု ပြောလေရာ ကျွန်ုပ်သည် ဝမ်းသာလွန်း၍ တဟားဟား ရယ်မောလိုက်ပြီး ...

“တရားကို နတ်စောင့်တယ်၊ လွတ်ပြီ ... လွတ်ပြီ၊ မမိုးရေ မင်းနဲ့ငါ အမြန်ဆုံး ပြန်တွေ့ရတော့မယ်”

ဟု ဝမ်းသာအားရ ပြောဆိုရင်း ကျေနပ်မဆုံးဖြစ်ရလေ၏။

✤ ✦ ✤



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ပ်သည် နောက်အပတ်မှာပင် သင်္ဘောဖြင့် မြန်မာပြည်သို့ ပြန်လာခဲ့၏။ ဗြိတိသျှအစိုးရ၏ မတရားဥပဒေကြောင့် ကျွန်ပ် ထောင်ဒဏ်တစ်သက်တစ်ကျွန်း ကျခံ၏။ ယခုလို မတရားဥပဒေကြောင့်ပင် ကျွန်ပ် ထောင်မှ ပြန်လွတ်လာ၏။

ကျွန်ပ်သည် ဝမ်းသာအားရဖြင့် ရွာသို့ပြန်လာခဲ့၏။

ရွာအဝင်လမ်းသို့ ရောက်သောအခါ နွားလှည်းတစ်စီး မောင်းနှင်လာ၍ ကြည့်လိုက်ရာ ကျွန်ပ်၏ယောက္ခမ ဦးအုန်းသီး မောင်းနှင်လာသောလှည်း ဖြစ်နေလေ၏။ ကျွန်ပ်သည် ဦးအုန်းသီးကို မြင်သောအခါ ဝမ်းသာအားရဖြင့် ...

"အဖေ မမိုးသူ ဘယ်မှာလဲ၊ ရွာမှာပဲလား၊ ကျုပ်လွတ်လာပြီဗျ"





ဟု ပြောလိုက်ရာ ဦးအုန်းသီးသည် ကျွန်ပ်ကိုမြင်သောအခါ နေ့ခင်းကြောင်တောင် သရဲခြောက်ခံရသကဲ့သို့ ဖြစ်သွားပြီး ...

"ဟင် ... ငွေသိုက် ... ငွေသိုက်၊ မင်း မသေဘူးလား၊ မင်း တစ်ကျွန်းမှာ သေပြီဆိုကွ"

ဟု ပြောလေ၏။ ကျွန်ပ်က သဘောကျဟန်ဖြင့် တဟားဟားရယ်မော၍ ...

"ဟား ဟား ဟား ... မသေလို့ ပြန်တွေ့ရတာပေါ့ဗျ၊ မမိုးသူကို သတိရလိုက်တာဗျာ"

ဟု ပြောလေ၏။

ဦးအုန်းသီးသည် ကျွန်ပ်ကိုကြည့်၍ ဝမ်းသာဟန်မရှိဘဲ ...

"ငါတို့မှားပြီး ငွေသိုက်ရာ၊ လွန်ခဲ့တဲ့ နှစ်တွေက သူကြီးဂေဇက်သတင်းစာမှာ တစ်ကျွန်းက ထွက်ပြေးတဲ့ ငွေသိုက်ဆိုတဲ့ အကျဉ်းသား သေဆုံးကြောင်း ပါလာတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလေရာ ကျွန်ုပ်က ခေါင်းခါယမ်း၍ ...

"ဒီသတင်း မမှန်ပါဘူးဗျာ၊ ကျုပ် ထွက်ပြေးတာ မှန်ပါတယ်၊ ဒါပေမဲ့ ကျွန်းအာဏာပိုင်တွေ ပြန်မိသွားလို့ တစ်ကျွန်းမှာ အပြစ်ဒဏ်ပြန်ပြီးခံရတယ်"

ဟု ပြောလေ၏။ ထိုအခါ ဦးအုန်းသီးက ...

"ငါ့သမီး မမိုးသူကတော့ တစ်ကျွန်းကထွက်ပြေးလို့ မင်းသေပြီထင်ပြီး ဘုန်းကြီးဆွမ်းကပ်ပြီး သပိတ်တွေ ဘာတွေ သွပ်ခဲ့တယ်၊ အခုတော့ လွန်ကုန်ပြီကွာ၊ လွန်ခဲ့တဲ့နှစ်၊ တိတိကျကျ ပြောရရင် တန်ဆောင်မုန်းလဆုတ်(၁၀)ရက်နေ့မှာ ငါ့သမီးဟာ လယ်ပိုင်ရှင်သား စိန်တိုးနဲ့ လက်ထပ်လိုက်ပြီ"

ဟု ဆိုလိုက်ရာ ကျွန်ုပ်သည် မျှော်လင့်ချက်များ ပြိုကျပျက်စီးသွားပြီး ...

"မမိုးသူ လက်ထပ်သွားပြီ၊ ဟုတ်လား၊ တကယ်ပဲလားဗျာ"

ဟု ဝမ်းပန်းတနည်း ပြောလေ၏။





ဦးအုန်းသီးက ...

"သမီး ... မင်းကို စောင့်ပါသေးတယ်ကွာ၊ တစ်ကျွန်းမှာ မင်းသေသွားပြီဆိုတာ သိပေမယ့် နောက်အိမ်ထောင်ပြုဖို့ မစဉ်းစားဘူး၊ လယ်ပိုင်ရှင်သား စိန်တိုးက ငါ့ကို တကျိကျိနဲ့ ပူဆာနေတာနဲ့ ငါကိုယ်တိုင် အတင်းအကြပ် ပေးစားလိုက်တာကွယ်"

ကျွန်ုပ်သည် ဦးအုန်းသီး၏ စကားများကို နားထဲမှာ မကြားရတော့ဘဲ မမိုးသူနှင့် ပျော်ပျော်ရွှင်ရွှင် ကြည်နူးခဲ့ပုံများကို ပြန်လည်မြင်ယောင်လာ၏။ မမိုးသူတစ်ယောက် တစ်ပါးသူ့ရင်ခွင်သို့ ရောက်ရှိနေချေပြီ။

ဤအဖြစ်ကို မည်သူ့ကိုမျှ အပြစ်မတင်ချင်တော့၊ ကံကြမ္မာကိုသာ အပြစ်ပုံချနေမိ၏။ ကျွန်ုပ်သည် မျှော်လင့်ချက်များပြိုပျက်သွားသဖြင့် မမိုးသူရှိရာ ရွာသို့ မပြန်တော့ဘဲ ဦးအုန်းသီးကို နှုတ်ဆက်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဦးအုန်းသီးကို ကျွန်တော် တစ်ခုပြောချင်တယ်၊ ကျုပ် ရွာကို တစ်သက်လုံး ပြန်မလာတော့ဘူး၊ မမိုးသူကို ကျုပ် နဲ့တွေ့တယ်လို့ မပြောပါနဲ့တော့ဗျာ၊ ကျုပ် အသက်ရှင်နေ သေးတယ်ဆိုရင် သူ စိတ်ဆင်းရဲနေပါ့မယ်"

ဟု ပြောလေရာ ဦးအုန်းသီးက ကျွန်ုပ်ကို စိတ်မ ကောင်းဟန်ဖြင့်ကြည့်၍ ...

"ကောင်းပါပြီ မောင်ငွေသိုက်ရယ်၊ မင်းကိုကြည့်ပြီး ငါ စိတ်မကောင်းလိုက်တာကွာ"

ဟု ပြောလေ၏။ ကျွန်ုပ်သည် ရွာသို့မပြန်တော့ ဘဲ ခြေဦးတည့်ရာသို့ ထွက်ခဲ့လေ၏။

ကျွန်ုပ်သည် တစ်ကျွန်းမှ ပြန်ရောက်ပြီးနောက် လူ့ဘဝ၏ ဆင်းရဲခြင်း အမျိုးမျိုးကို နားလည်သွားသလိုရှိ၏။

ထို့ကြောင့် နယ်မြို့ကြီးတစ်မြို့ရှိ တောရကျောင်း ကြီးတစ်ကျောင်း၌ ရဟန်းပြုကာ ဝိပဿနာကမ္မဋ္ဌာန်းကျင့်စဉ်များ ကို ကြိုးစားကျင့်ကြံလေ၏။ တောရကျောင်း၏ ဆရာတော်ကြီး သည် ဝိပဿနာကျင့်စဉ်နှင့် ပတ်သက်၍ အထူးကျော်ကြားလေ၏။





ကျွန်ုပ်သည် ကျင့်ကြံရင်းနှင့်ပင် ဝိပဿနာများကို အလွန်နှစ်သက်ပြီး တရားဓမ္မနှင့် ပျော်မွေ့ရန် ဆုံးဖြတ်လိုက်လေ ၏။

ထို့ကြောင့် ကျွန်ုပ်တစ်ပါးတည်း သီတင်းသုံးနေ နိုင်ရန် တောရကျောင်းလေးတစ်ကျောင်းကို ဆောက်လုပ်၍ သီတင်း သုံးနေလေ၏။

နှစ်ပေါင်းများစွာ ကြာသောအခါ အနီးအနားမြို့ များမှ ဝိပဿနာ ကမ္မဋ္ဌာန်းကို စိတ်ဝင်စားသူများသည် ကျွန်ုပ်၏ ကျောင်း၌ လာရောက်၍ နည်းနာများကို နာယူပြီး ကျင့်ကြံကြ လေ၏။

ထိုသို့ ကျင့်ကြံသူများကို ကျွန်ုပ် နားလည်သမျှ တရားဓမ္မများကို ဟောကြားလေ၏။

ကျွန်ုပ်၏ ဟောကြားချက်များ ရှင်းလင်းသည့်ဆိုကာ တစ်ဆင့်စကား တစ်ဆင့်နားဖြင့် အနယ်နယ် အရပ်ရပ်သို့ ကျော် ကြားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်၏ ကျောင်းကိုလည်း တစ်ကျွန်းပြန်ကျောင်းဟု ခေါ်ဆိုပြီး ကျွန်ုပ်ကို တစ်ကျွန်းပြန်ဆရာတော်ဟု လူသိများလေ၏။

ကျွန်ုပ်သည် မိမိလက်ထဲ၌ရှိသော မိုးကုတ်ပတ္တမြားကြီးအား ဌာပနာမည့် စေတီတော်တစ်ဆူကို ကျောင်းဝန်းအတွင်း တည်ထားကိုးကွယ်လေ၏။

ထိုစေတီကိုလည်း လူအများက တစ်ကျွန်းပြန်စေတီဟု ခေါ်ဆိုကြ၏။

✤ ✦ ✤

ဝေဖန်စာ၊ အကြံပေးစာများ ရေးသားလိုပါလျှင်
မင်းမြတ်သူရ
အမှတ်-၇၊ အသောကလမ်း ကျောက်မြောင်း ရန်ကုန်သို့
လိပ်မူ၍ ရေးသားနိုင်ပါသည်။





တစ်နေ့သ၌ ကျွန်ုပ်၏ တစ်ကျွန်းပြန်ကျောင်းသို့ ခရီးသွားရဟန်းကြီးတစ်ပါး ရောက်ရှိလာ၏။ ထိုရဟန်းကြီး၏ အသားအရေမှာ အလွန်မည်းနက်နေပြီး လောကစံ၏ ရိုက်ပုတ်မှု မျိုးစုံကို ခံလာဟန်ရှိ၏။

ကျွန်ုပ်သည် ထိုရဟန်းကြီးအား ကောင်းမွန်စွာ သီတင်းသုံး နေထိုင်စေ၏။

ထိုအခါ ရဟန်းကြီးက ...

"ဆရာတော်ရဲ့ကျောင်းက တစ်ကျွန်းပြန်ကျောင်းလို့ ထင်ရှားတဲ့အတွက် ရောက်လာတာပါ၊ တပည့်တော်လည်း တစ်ကျွန်းကနေ ထွက်ပြေးလွတ်မြောက်လာသူပါ၊ တပည့်တော်နာမည် ပေါက်စလို့ ခေါ်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလေရာ ကျွန်ုပ်သည် ပေါက်စ ဆိုသော ရဟန်းကြီးကိုကြည့်၍ အံ့ဩသွားပြီး ...

"ဟင် ... ဒါဆိုရင် ပန်းအိုးလေးတစ်လုံးကို လုယူရင်း လူသတ်မှုဖြစ်ပြီး ကျွန်းက ထွက်ပြေးသွားတဲ့ ပေါက်စဆိုတဲ့ ပုဂ္ဂိုလ်ပေါ့"

ဟု ပြောလိုက်ရာ ရဟန်းကြီးသည် ကျွန်ုပ်၏စကားကို အံ့ဩဟန်ဖြင့် ...

"ဆရာတော်မိန့်တာ မှန်ပါတယ်၊ တပည့်တော်က ပန်းအိုးလေးလုပြီး ကျွန်းက ထွက်ပြေးတဲ့ ပေါက်စ ဆိုတဲ့ လူပါ၊ တပည့်တော် လူသတ်မှုဖြစ်လို့ ကျွန်းကထွက်ပြေးပြီး လူရိုင်းလေးတွေရဲ့ ဖမ်းဆီးခြင်းကို ခံရပါတယ်၊ နောက်တော့ ဂုံကောင်းထောက်မပြီး လူရိုင်းတွေက ပင်လယ်ပြင်ကို ဖြတ်ပြေးဖို့ သစ်ထွင်းလှေကလေး စီစဉ်ပေးပါတယ်၊ နောက်တော့ ပင်လယ်ပြင်ကို စွန့်စွန့်စားစား ဖြတ်သန်းပြီး မြန်မာပြည်ကို ပြန်ရောက်ခဲ့တာပါပဲ၊ မြန်မာပြည်ကိုရောက်





တော့ ဘဝမှာ ကြုံတွေ့ရတဲ့ ဒုက္ခဆင်းရဲတွေ အတွက် သံဝေဂရပြီး ရဟန်းဘောင် ဝင်လိုက်တာပါ၊ ဒါနဲ့ ဆရာတော်က တပည့်တော်ကို ပန်းအိုးတစ်လုံးလုပြီး ကျွန်းက ထွက်ပြေးတဲ့ ပေါက်စ ဆိုတဲ့ပုဂ္ဂိုလ်မှန်းသိရင် ပတ္တမြား အကြောင်းကိုလည်း သိမှာပေါ့"

ဟု မေးမြန်းလေရာ ကျွန်ုပ်က စေတီတော်ကို လက်ညှိုးညွှန်ပြ၍ ...

"ပတ္တမြားအကြောင်းကို သိနေရုံမကဘူး၊ ဦးဇင်းတို့ အသက်လုပြီးရှာဖွေခဲ့တဲ့ ပတ္တမြားကြီးကို ဟောဒီ တစ်ကျွန်းပြန် စေတီမှာ ဌာနပနာထားတယ်"

ဟု အစချီကာ ပတ္တမြားကြီးနှင့် ပတ်သက်သော ကျွန်ုပ်၏နောက်ကြောင်းကို ၎င်းအား ရှင်းလင်းပြလေ၏။ ရဟန်းကြီးသည် ကျွန်ုပ်၏စကား ဆုံးသောခါ ...

"ဘဝသံသရာဟာ အလွန်ထူးခြား ဆန်းကြယ်တာပဲ၊ ပတ္တမြားကြီးကိုရဖို့ လူ့အသက်တွေ သတ်ခဲ့တယ်၊ မုန်တိုင်း



www.burmeseclassic.com

www.burmeseclassic.com



ထန်တဲ့ ပင်လယ်ပြင်ကို အံတုခဲ့ရတယ်၊ ဒုက္ခဆင်းရဲအမျိုးမျိုး ကြုံတွေ့ရတယ်၊ အခုတော့ ပတ္တမြားကြီးဟာ တစ်ကျွန်းပြန့်စေတီမှာ ဌာပနာဖြစ်သွားပြီ”

ဟု ဆိုကာ စေတီတော်ရှိရာသို့သွား၍ အေးချမ်းစွာ ဘုရားဝတ်ပြုနေလေ၏။

ကျွန်ုပ်သည် လှဆိုးကြီးပေါက်စ တစ်ဖြစ်လဲ ရဟာန်းကြီးကိုကြည့်၍ ရင်ထဲတွင် တစ်စုံတစ်ရာကို နားလည်သွားသလိုရှိ၏။

ထိုအရာမှာ ဘဝသံသရာဆိုသော အရာပင်ဖြစ်၏။

အရာအားလုံး ပြီးဆုံးသွားချေပြီ။

(ဘာမှမသိသော)

မင်းမြတ်သူရ

BURMESE CLASSIC .com

## ရုပ်ရှင်၊ ဗီဒီဒီ၊ ဗီဒီယို ရိုက်ကူးသောစာအုပ်များ


၁။ ဆားပုလင်းမင်းအောင်နှင့် ပုလဲခင်
၂။ ဆားပုလင်းမင်းအောင်နှင့် ခုနစ်စင်ကြယ်တား
၃။ ဆားပုလင်းမင်းအောင်နှင့် နေမင်းတေါ်သမီးတော်
၄။ ဆားပုလင်းမင်းအောင်နှင့် ရွှေမိုးငွေမိုး ရွာစေပြီး
၅။ ဆားပုလင်းမင်းအောင်နှင့် ဘက်တူရင် လူမရှုံးဘူး
၆။ ဆားပုလင်းမင်းအောင်နှင့် မိုးနတ်သူဇာရှာပုံတော်
၇။ ဆားပုလင်းမင်းအောင်နှင့် အမျိုးကောင်းသားမောင်ပွင့်ကောင်း
၈။ ပွဲကျောင်းသားမိုးကောင်း
၉။ ရွှေကိုးညီနှင့် ထန်းမိုးရှင်
၁၀။ မိုးမခရတနာသိုက်
၁၁။ ခြေဝါတောင်နတ်မင်း
၁၂။ ကျွဲချာထီးတစ်တောင်
၁၃။ ရေလယ်ခေါင်သောင်ထွန်း နတ်သမီးနေတဲ့ကျွန်း
၁၄။ ဆားပုလင်းမင်းအောင်နှင့် တာနေ့ာယကျ
၁၅။ လင်းနို့တောင်ကျိန်စာ
၁၆။ ဇီဝိုးရွှေလိုဏ်ဂူ
၁၇။ ဆားပုလင်းမင်းအောင်နှင့် သခင်မြို့
၁၈။ လနတ်သမီး
၁၉။ ခေါင်းမင်းရာဇာ
၂၀။ နေနဲ့လနှစ်ပါးဆိုင်
၂၁။ မောင်နံ့ခုနစ်ဖော်
၂၂။ ပျောက်သောသူ ရှာလျှင်တွေ့
၂၃။ မိုးကြိုးဆံခွန်
၂၄။ ပဒ္မလက်မောင်နမ


www.burmeseclassic.com